ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ စနေနေ့ (8-3-2014) (၇၇၇၈)

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြေပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် မှန်ကန်မြန်ဆန်စွာဆောင်ရွက် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ရေး အားပေးမြှင့်တင်

နေပြည်တော် မတ် ၇

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၄) ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

ဒုတိယသမ္မတ ဦးညဏ်ထွန်း မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၁၄)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၉/၂၀၁၄

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက်)

ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ရဟန်းရှင်လူပြည်သူများက နိုင်ငံတော်သမ္မတထံ ဆန္ဒပြုတင်ပြလာမှုအရ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိရေးဆိုင်ရာဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းများ ရေးဆွဲခြင်းကို အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်ကြားလာပါသည်။

၂။ ဥပဒေကြမ်းများရေးဆွဲပြုစုရာတွင် ပြီးပြည့်စုံသည့် ဥပဒေကြမ်းများ ဖြစ်နိုင်စေရန် ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များပါဝင်သည့် ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ရေးဆွဲသင့်သည့်အတွက် ဥပဒေကြမ်း ရေးဆွဲရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

(က) ဦးထွန်းထွန်းဦး — ဥက္ကဋ္ဌ
ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ခ) ဦးဝင်းမြင့် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ဂ) ဒေါက်တာမောင်မောင်ဌေး — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန

(ဃ) ဦးစစ်အေး — အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်၊ နိုင်ငံတော်သမ္မတ၏
ဥပဒေအကြံပေးအဖွဲ့

(င) ဦးတင်ဝင်း — အဖွဲ့ဝင်
သံအမတ်ကြီး(အငြိမ်းစား)

(စ) ဒေါက်တာတိုးလှ — အဖွဲ့ဝင်
ပါမောက္ခ(အငြိမ်းစား)၊ သမိုင်းပညာရှင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

အမေရိကန်ဒေါ်လာ ၄ သန်းစီတန်ဖိုးရှိ ကူးတို့ရေယာဉ်သုံးစင်း ပန်းဆိုးတန်း–ဒလ ခရီးစဉ်အတွက် ဂျပန်နိုင်ငံ ကူညီမည်

ရန်ကုန် မတ် ၇

တစ်စင်းလျှင် အမေရိကန်ဒေါ်လာ လေးသန်းခန့်တန်ဖိုးရှိ ကူးတို့ ရေယာဉ်အသစ်သုံးစင်းကို ဂျပန်နိုင်ငံက ပန်းဆိုးတန်း-ဒလခရီးစဉ်အတွက် ကူညီသွားမည်ဖြစ်ပြီး ဒလဘက်ခြမ်း ဆိပ်ခံဘောတံတားနှင့် ခရီးသည် နားနေဆောင်တည်ဆောက်ရန် မတ် ၁၂ ရက်တွင် ပန္နက်ချ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

အစိုးရသစ်လက်ထက် ဂျပန်-မြန်မာ ချစ်ကြည်ရေးတိုးမြှင့်ရာတွင် ထောက်ပံ့မှုများပြုလုပ်ရန် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို လေ့လာမှုများပြုလုပ်ခဲ့သည်။ “ရခိုင်၊မန္တလေး၊ မုံရွာ၊ ရန်ကုန်အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ ရေကြောင်းလိုင်းတွေကို ဂျပန်နိုင်ငံက သုတေသနလုပ်ခဲ့တယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ကြေးမုံစာတည်းရှုထောင့် ၇-၃-၂၀၁၄၊ စနေနေ့

တီဘီရောဂါ

ကူးစက်ရောဂါတစ်မျိုးဖြစ်သည့် တီဘီ(tuberculosis)ရောဂါကို ၁၈၆၅ ခုနှစ်တွင် စတင်သိရှိခဲ့ပြီး ၁၈၈၂ ခုနှစ် ဂျာမနီသိပ္ပံပညာရှင် Robert Koch ကရောဂါပိုးကိုတွေ့ရှိခဲ့သည်။ ၁၉၄၃ ခုနှစ်ရောက်မှ တီဘီကုဆေးကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပြီး လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။

တီဘီနှင့်ပတ်သက်၍ ရယ်စရာဟာသဖြစ်ရပ်လေးတစ်ခုအဖြစ် ကြားခဲ့ဖူးသည်။ ကျေးလက်နေမိဘနှစ်ပါးထံသို့ တစ်နယ်တစ်ကျေးတွင် တာဝန်ထမ်းဆောင်လျက်ရှိနေသော သားတော်မောင်ထံမှ စာတစ်စောင် ရောက်လာသည်။ စာတွင် သားဖြစ်သူတီဘီဖြစ်နေပြီဟုပါရှိရာ မိဘနှစ်ပါးက ချက်ချင်းစာပြန်လိုက်သည်။ "သားမောင် တီဘီဖြစ်နေပြီသိရ၍ အဖေ၊ အမေတို့ ဝမ်းသာသည်။ ဒီထက်ရာထူးတက်အောင်ကြိုးစားပါ" ဟူ၏။ တီဘီရောဂါကိုရာထူးဌာနန္တရနှင့်မှားသော ဝမ်းသာအားရဖြစ်သည့် မိဘနှစ်ပါး။

မိမိအဖြစ်လည်း ဤကဲ့သို့ပင်ဖြစ်နေရပြီ။ နယ်ဘက်ရောက်နေသောသားငယ်ထံမှ ဖုန်းလာသည်။ သူ့ရောဂါဆေးစစ်ချက်အဖြေသိရပြီ။ တီဘီတဲ့။ တီဘီဟုသိလိုက်ရခဏ၊ ရင်ထဲတစ်ဆို့နေသည်အလုံးကြီးတစ်လုံး ကျသွားသလို လွတ်လပ်ပေါ့ပါးခံစားလိုက်ရသည်။ ရောဂါအဖြေကိုမသိခင်က ရင်တမမနှင့် ကင်ဆာများဖြစ်လေမလား။ စိတ်တထင့်ထင့်နှင့် ယခုအဖြေသိချိန် အဆိုးထဲကအကောင်းမို့ဝမ်းသာရသည်။

"တီဘီဆိုရင်တော့ ဘာမှမစိုးရိမ်နဲ့ ခြောက်လဆေးသောက်ပျောက်ပဲ" အစ်မအရင်းအချာလိုခင်နေသူတစ်ဦးက အားပေးသည်။ သူ၏တူတော်မောင်တစ်ယောက် လည်ပင်းမှာအနာလုံးပေါက်၊ တီဘီဆေးခြောက်လသောက်ပျောက်၊ ကိုယ်တွေ့အားပေးစကားမို့ အားရှိစေသည်။ မိမိသားငယ်တွင်လည်း လည်ပင်းမှာအကျိတ်တည်လာခြင်း။ နယ်ဆေးရုံတွင် ခွဲစိတ်၊ ဓာတ်ခွဲခန်းပို့၊ ရောဂါအဖြေသိဖို့ တစ်ပတ်စောင့်ရနှင့်။ ယခုအဖြေသိပြီ အနာသိဆေးရှိပြီ။ တီဘီဆေးကိုသတ်မှတ်အချိန်ကာလပြည့်မီအောင် သောက်ပေးရုံဖြင့်ရောဂါပျောက်ကင်းဖို့ ရာနှုန်းပြည့်သေချာသွားပြီ။

သို့သော် တီဘီရောဂါကုသမှုတွင် အထူးသတိပြုရမည့်အချက်တစ်ရပ်မှာ ဆေးယဉ်ပါးတီဘီဖြစ်မသွားဖို့ပင်ဖြစ်သည်။ တီဘီရောဂါအတွက် တစ်နေ့တာသောက်ဆေးအရေအတွက်များပြားခြင်း၊ ခေါင်းမူးအော့အန်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းများကြောင့် တချို့ဆေးသောက်ရက်ပျက်ကွက်ခြင်းရှိလာသည်။ ဤသို့ဖြင့် ဆေးယဉ်ပါးတီဘီအဆင့်သို့ တက်သွားရသည်။ ထို့အပြင် ဆေးလိပ်သောက်သူများ၊ HIV ပိုးရှိသူ၊ ဆီးချိုရောဂါရှိသူ၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းအစားထိုးသူများတွင်လည်း ဆေးယဉ်ပါးတီဘီဖြစ်နိုင်ခြေများသည်။ မည်သို့ဆိုစေ တီဘီဆေးယဉ်ပါးခြင်းသည် ကာယကံရှင်၏ အလေးမထားပေါ့ဆမှုများ၊ အစားအသောက်၊ အနေအထိုင် မဆင်ခြင်မှုများနှင့် ဆက်နွှယ်နေရာ "မည်သူမပြု မိမိမှု"ဟုသာ ဆိုရပါမည်။ ဆေးပုံမှန်သောက်နေရာမှ ရက်ပျက်သွားလျှင် တစ်ကနေပြန်စ၊ အစကနေ စသောက်ရသည်။ ဝေဒနာရှင်များအထူးသတိထားရမည့် ဆေးယဉ်ပါးမှု။

ဆေးယဉ်ပါးတီဘီရောဂါကို ၁၉၈၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သည်။ယခု ကမ္ဘာအနှံ့မှာ တွေ့လာရသည်။ မိမိတို့နိုင်ငံတွင်လည်း မြို့နယ် ၃၈ မြို့နယ်၌ မြန်မာနိုင်ငံအမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းဖြင့် ဆေးယဉ်ပါးတီဘီရောဂါကို စနစ်တကျ ကုသပေးလျက်ရှိနေကြောင်း သိရသည်။

တီဘီရောဂါပိုးသည် လေထဲတွင် ပျံ့နှံ့ရှင်သန်နိုင်ပြီး လူအများသို့အလွယ်တကူ ကူးစက်နိုင်သည်။ ဝေဒနာရှင်တစ်ဦးထံမှတစ်နှစ်အတွင်း ပျမ်းမျှ လူ ၁၀ ဦးသို့ ရောဂါကူးစက်နိုင်သည်။ ထိုသို့ ကူးစက်ရာတွင် ကိုယ်ခန္ဓာအစိတ်အပိုင်းတွင် ဖြစ်နေသူထက် အဆုတ်ဝေဒနာရှင်များထံမှ ကူးစက်ခံရမှုက ပိုများကြောင်းသိရသည်။

ဤရောဂါပိုးသည် လေထဲတွင်ရှင်သန်နေနိုင်သော်လည်း နေရောင်ခြည်ကောင်းစွာရရှိသော လေထုထဲတွင် မိနစ်ပိုင်းမျှသာရှင်သန်နိုင်ပြီး လေအေးပေးစက်ဖွင့်ထားသော အခန်းထဲတွင်ကား ရက်ပိုင်းမှ လပိုင်းထိ ရှင်သန်နိုင်ကြောင်း ပညာရှင်များက ရှင်းပြသတိပေးထားသည်။ တီဘီဝေဒနာရှင်များ၊ အထူးသဖြင့် ရောဂါကူးစက်လွယ်သည့် အဆုတ်တီဘီဝေဒနာရှင်မိသားစုများအတွက် အထူးသတိထားသင့်သည့် အချက်တစ်ရပ်ဖြစ်ပါသည်။

အနှစ်ချုပ်ရလျှင် တီဘီရောဂါအတွက် အနာသိဆေးရှိပြီးဖြစ်ရာ ဆရာဝန်ညွှန်ကြားချက်အတိုင်း လိုက်နာသောက်သုံးပေးရုံနှင့် သက်သာပျောက်ကင်း အကောင်းပကတိပြန်ဖြစ်လာမည်။ ရက်ပျက်မရှိ သောက်သုံးပြီး ဆေးယဉ်ပါးမှုမဖြစ်ရအောင် ကာကွယ်ကြရမည်။ တီဘီဆေးကိုလည်း အခမဲ့ရရှိနေပြီဖြစ်ရာ ဝေဒနာရှင်များဘက်မှ စနစ်တကျ သောက်သုံးပေးခြင်းဖြင့် ဤရောဂါဆိုးအမြစ်ပြုတ်အောင် ဝိုင်းဝန်းလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပမည်

သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး အသိပေး

နေပြည်တော် မတ် ၇

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (18th ASEAN Finance Ministers' Meeting- AFMM)နှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.asean2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 18th ASEAN Finance Ministers' Meeting (AFMM) ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မတ် ၂၅ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို အစည်းအဝေးစတင်သည့် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံတကာဆက်ဆံရေးဌာန ဘဏ္ဍာရေးဝန်ကြီးဌာန ဖုန်း ၀၆၇-၄၁၀၁၉၈ သို့ လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၆ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သန်းခေါင်စာရင်းကောက်ယူရေးလှုံ့ဆော်ဖျော်ဖြေ

သာယာဝတီ မတ် ၇

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်သူတစ်ရပ်လုံးမှ သိရှိနားလည်ပူးပေါင်းလာနိုင်ရေးအတွက် ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဆွေဇင်ထိုက်၊ တေးသံရှင် အိမ့်ချစ်၊ ဟာသလူရွှင်တော် သီးသုံးသီးပါဝင်သော ဖျော်ဖြေရေး မော်တော်ယာဉ် သုံးစီးသည် သာယာဝတီမြို့ အလယ်ပိုင်းရပ်ကွက် ရန်ကုန်-ပြည်လမ်းနံဘေး၊ ယာဉ်ထိန်းရုံးရှေ့ (စံချိန်မီကားဂိတ်)တွင် မတ် ၄ ရက် မွန်းလွဲ ၁ နာရီက လာရောက်၍ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို ဟောပြောဖျော်ဖြေခဲ့သည်။

ဆက်လက်၍ သုံးဆယ်မြို့ ဈေးရပ်ကွက် ဈေးလမ်း မီးသတ်စခန်းရှေ့၌ မတ် ၅ ရက် မွန်းလွဲ ၃နာရီတွင် ဟောပြောဖျော်ဖြေခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရွှေဈေး၊ ဝက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၇

ရန်ကုန် ရွှေဈေး	၆၈၄၉၀၀ - ၆၈၅၉၀၀
မန္တလေး ရွှေဈေး	၆၈၄၈၀၀ - ၆၈၅၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၀. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၅၈. ၅
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၅. ၅၉
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၀. ၁၇
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၃၈၈
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၁. ၀၃
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၃၅
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၅၁. ၃၆
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၁၃၆
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၉. ၄၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

○ ရှေ့ဖုံးမှ

(ဆ) ဒေါ်နန္ဒာမွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊
သမိုင်းသုတေသနဦးစီးဌာန

(ဇ) ဦးခိုင်အောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်
ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(ဈ) ဦးမြင့်ကြိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့အင်အားဦးစီးဌာန

(ည) ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ) — အဖွဲ့ဝင်
စာရေးဆရာ

(ဋ) ဒေါက်တာမြင့်ထွေး — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးပညာရှင်

(ဌ) ဦးဝင်းမြင့် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၃။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရဟန်းရှင်လူ ပြည်သူတို့ထံက ပေးပို့လာသည့် အကြံပြုချက်များနှင့် ဥပဒေကြမ်းများရယူနိုင်ရေး ဆက်သွယ်ဆောင်ရွက်မည့်ပုဂ္ဂိုလ် သတ်မှတ်တာဝန်ပေးရန်၊

(ခ) လိုအပ်ပါက ပွင့်လင်းမြင်သာစွာဖြင့် အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပ၍ ဥပဒေကြမ်းရေးဆွဲရာတွင် ပါဝင်သင့်သော အချက်အလက်များ ဖော်ထုတ်ရန်၊

(ဂ) အောက်ပါအချက်များကို အခြေခံ၍ဥပဒေကြမ်းရေးဆွဲရန်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေပြီး ကွဲပြားသောဘာသာအယူဝါဒရှိနေမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲစေရေးတို့ကို အလေးထားသုံးသပ်ရေးဆွဲရန်၊

(၂) တည်ဆဲဥပဒေများနှင့် ညီညွတ်စေပြီး ချိတ်ဆက်ကျင့်သုံးနိုင်စေရန်၊

(၃) နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ရေရှည်အကျိုးရှိစေပြီး တစ်နိုင်ငံလုံး လွှမ်းခြုံကျင့်သုံးနိုင်စေရန်၊

(ဃ) လိုအပ်ပါက ဘာသာရပ်ကျွမ်းကျင်သော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဖိတ်ခေါ်၍ အကြံဉာဏ် ရယူရန်၊

၄။ ကော်မရှင်သည် အောက်ပါနည်းလမ်းများကို အသုံးပြု၍ ဥပဒေကြမ်းအား ရေးဆွဲပြုစုရန်ဖြစ်သည်-

(က) ပြည်ပနိုင်ငံများမှ သက်ဆိုင်ရာဥပဒေများအား စိစစ်လေ့လာ၍ မိမိနိုင်ငံ၏ လူ့အဖွဲ့အစည်းနှင့် ဆီလျော်ညီညွတ်သည့် အချက်များကို သုံးသပ်ပြီး ရေးဆွဲပြုစုခြင်း၊

(ခ) မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ကိုက်ညီစေရန် ရေးဆွဲပြုစုခြင်း၊

(ဂ) ရဟန်းရှင်လူပြည်သူများထံမှ လည်းကောင်း၊ ဘာသာရပ်ကျွမ်းကျင်သူများထံမှ လည်းကောင်း အကြံပြုချက်များ သို့မဟုတ် ဥပဒေကြမ်းများကို ဖိတ်ခေါ်တောင်းခံ၍ အချက်အလက်ရယူပြီး ရေးဆွဲပြုစုခြင်း၊

၅။ ဥပဒေကြမ်းရေးဆွဲရေးအတွက် လိုအပ်သော ဘဏ္ဍာငွေကို နိုင်ငံတော်သမ္မတရုံး ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၆။ ကော်မရှင်သည် အပြီးသတ် ပြုစုရေးဆွဲပြီးသည့် ဥပဒေကြမ်း ၂ ရပ်ကို ၃၀-၆-၂၀၁၄ ရက်နေ့ထက် နောက်မကျစေဘဲ နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ ယင်းဥပဒေကြမ်း ၂ ရပ်အား ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် ကော်မရှင်၏ လုပ်ငန်းတာဝန်ပြီးဆုံးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သာကေတမြို့နယ်၌ (၁၃)မဂ္ဂါဝပ် ဒီဇယ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွင် ဂျပန်နိုင်ငံအစိုးရ၏ Grant Aid ဖြင့် လှူဒါန်း၍ Mistubishi Heavy Industries, Ltd. နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့ ပူးပေါင်းတည်ဆောက်သော (၁၃)မဂ္ဂါဝပ် ဒီဇယ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Mikio Numata တို့က အခမ်းအနားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့အခမ်းအနားသည် ဂျပန်နိုင်ငံအစိုးရ၏ကူညီပံ့ပိုးငွေဖြင့် Mistubishi Corporation မှ ထုတ်လုပ်သော စက်တစ်လုံးလျှင် တစ်မဂ္ဂါဝပ်အင်အားရှိ ဒီဇယ်အင်ဂျင်စက်အားပေးစက် ၁၃ လုံးအနက် ကိုးလုံးအား သာကေတဓာတ်အားပေးစက်ရုံတွင် တည်ဆောက်ပြီးစီးခြင်း ဖွင့်ပွဲအခမ်းအနားဖြစ်ပါကြောင်း။

ဒီဇယ်အင်ဂျင်ဓာတ်အားပေးစက်များကို အရေးပေါ်ဓာတ်အားလိုအပ်သည့်အချိန်တွင် မောင်းနှင်ဓာတ်အားထုတ်သွားမည်ဖြစ်ကြောင်း၊ သီလဝါ အထူးဖွံ့ဖြိုးမှုဇုန်တွင်လည်း JICA ၏ ODA Loan ဖြင့် 33kv ဓာတ်အားလိုင်း တည်ဆောက်ခြင်း၊ 230kv ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ 50 MW Dual Fuel Gas Turbine တည်ဆောက်ခြင်းကို အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

ယခုနွေရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားကို အဖြစ်နိုင်ဆုံး အပြည့်အဝပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိရာတွင် ၂၀၁၄ ခုနှစ်အတွင်း ပြီးစီးမည့် စီမံကိန်းများမှာ နန်ချိုရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ (၄၀) မဂ္ဂါဝပ်၊ ဖြူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ (၄၀)မဂ္ဂါဝပ်၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ (၁၄၀)မဂ္ဂါဝပ် စုစုပေါင်း(၂၂၀)မဂ္ဂါဝပ်ကို ယခုနှစ်အတွင်း ဓာတ်အားထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံးအနေဖြင့် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုမှာ ၂၀ ရာခိုင်နှုန်းခန့်ရှိနေ၍ (၁၀၀၀)မဂ္ဂါဝပ်သုံးစွဲလျှင် (၂၀၀)မဂ္ဂါဝပ်ခန့် ပျောက်ဆုံးလျက်ရှိပါကြောင်း၊ ရန်ကုန်မြို့အနေဖြင့် ၁၇ ရာခိုင်နှုန်းခန့် ဓာတ်အားပျောက်ဆုံးမှုရှိကြောင်း၊ ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရန် ဂျပန်နိုင်ငံ (JICA) ၏ အကူအညီဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၅ မြို့နယ်ကို ပထမအဆင့် စတင်စီမံဆောင်ရွက်ရန် သဘောတူညီဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ၂၅ မြို့နယ်၏ ဓာတ်အားပျောက်ဆုံးမှုအား ၁၇ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းလျှော့ကျစေရန် ဆောင်ရွက်ရာတွင် ဒေါ်လာသန်းပေါင်း ၂၁၄ သန်း သုံးစွဲမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချရန် ထိုင်းနိုင်ငံ (NEDA) ၏ အကူအညီဖြင့်ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ် နှစ်မြို့နယ်တို့တွင် ထိုင်းဘတ်ငွေသန်း ၃၀၀၀ ခန့် သုံးစွဲပြီးဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေးကို ယင်းကဲ့သို့ ငွေကြေးအကူအညီ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်နေကြောင်း။

ယခုတွင် မြန်မာနိုင်ငံအလယ်ဗဟိုဒေသများတွင်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်သေးပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်အရှေ့ဖျား စသည့်ဒေသများတွင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းမရှိသေးကြောင်း၊ အဆိုပါ ဓာတ်အား မဖြန့်ဖြူးပေးနိုင်သေးသောနေရာများတွင် ပြည်သူများအနေဖြင့် ဓာတ်အား တစ်ယူနစ်လျှင် ၄၀၀ ကျပ်၊ ၅၀၀ ကျပ်စသည်ဖြင့် သုံးစွဲနေရကြောင်း၊ နယ်စပ်ဒေသများတွင် တစ်ဖက်နိုင်ငံမှ ဓာတ်အားကို ရယူပြီး ၂၀၀ ကျပ်၊ ၃၀၀ ကျပ် စသည်ဖြင့် သုံးစွဲနေရကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံး သာတူညီမျှ မျှမျှတတ သုံးစွဲနိုင်ရန် အစိုးရအနေဖြင့် ကြိုးစားဆောင်ရွက်နေသကဲ့သို့ ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်နယ်/တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်နေပါကြောင်း၊ အဆိုပါပြည်နယ်/တိုင်းဒေသကြီးများအနေဖြင့် ဓာတ်အားခကြီးမြင့်မှု ဒဏ်မခံစားစေရန် နိုင်ငံတော်အစိုးရအား တင်ပြပြီး ဓာတ်အားလိုင်းများ ဆွဲခြင်း၊ ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းကို နှစ်အလိုက် ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်နေပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက တစ်နိုင်ငံလုံး၏ GDP တိုးတက်မှုတွင် ရန်ကုန်တိုင်းဒေသကြီးမှ ၂၃ရာခိုင်နှုန်း ပါဝင်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ တိုးတက်မှုတွင် စက်မှုကဏ္ဍမှ ၃၄ ရာခိုင်နှုန်းပါဝင်ပြီး ရည်မှန်းချက်ပြည့်မီရန်မှာလည်း လျှပ်စစ်ကဏ္ဍသည် အရေးကြီးပါကြောင်း၊ ယခုဖွင့်လှစ်သည့် ယန်းသန်း ၈၀၀ တန်စက် ၁၃ လုံး၊ ယန်းသန်း ၈၀၀ တန်ဖိုးရှိ ဒီဇယ်ဆီဂါလန် ၁ ဒသမ ၉ သန်း လှူဒါန်းပေးခြင်းအတွက် ဂျပန်အစိုးရနှင့်တကွ ဂျပန်သံအမတ်ကြီးတို့အား ကျေးဇူးတင်ရှိကြောင်း၊ မကြာမီက အလုံ၌ ဖွင့်လှစ်ခဲ့သည့် (၁၂၀)မဂ္ဂါဝပ် ဓာတ်အားပေးစက်၊ သာကေတ၊ လှော်ကား၊ ရွာမတို့တွင်လည်း (၅၀)မဂ္ဂါဝပ် စက်တစ်လုံးစီ၊ ထိုင်းနိုင်ငံမှ လှူဒါန်းသော(၁၂၀) မဂ္ဂါဝပ် ဓာတ်အားပေးစက် နှစ်လုံးကိုလည်း ရွာမစက်ရုံတွင် တည်ဆောက်ပြီး စက်တစ်လုံးကို မကြာမီ စမ်းသပ်မောင်းနှင်နိုင်တော့မည်ဖြစ်၍ နွေရာသီတွင် ရန်ကုန်မြို့နေ ပြည်သူများအား အတတ်နိုင်ဆုံး ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ Mistubishi Corporation မှ တာဝန်ရှိသူများသည် စက်ရုံစီမံကိန်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ ဓာတ်အားပေးစက်များအား ခလုတ်နှိပ်မောင်းနှင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

11th (ACDFIM) အစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဇနီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့ တက်ရောက်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူလိုက်ပါလာသည့် ဇနီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက မတ် ၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Mount Pleasant Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(အပေါ်ပုံ)**

နံနက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဇနီးများသည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်၍ ရတနာဆင်ဖြူဆောင်ရှိ ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာပြီး စေတီတော်မြတ်ကြီး၏ ပြတိုက်၊ ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဇနီးများသည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်၍ ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၇

(၆၁)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအား မတ် ၈ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သဖြင့် ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန်ဖိတ်ကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✱ ရှေ့ဖုံးမှ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြေကိစ္စများနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပေးပြီးဖြစ်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ မြေပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် လုပ်ငန်းများမှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်၊ခရိုင်နှင့် မြို့နယ်များတွင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီသီးခြားရုံးအဖွဲ့များ သတ်မှတ်ဖွဲ့စည်းဆောင်ရွက်ရန် မှာကြားခဲ့ပြီးဖြစ်ကြောင်း။

ပြန်လည်စွန့်လွှတ်သည့်မြေများအား သက်ဆိုင်ရာ မြေအသုံးချခွင့်တောင်းခံသူများ လက်ဝယ်သို့ အမြန်ပြန်လည်ရောက်ရှိရေးဆောင်ရွက်ရာတွင် မြေအသုံးချခွင့်ရှိကြောင်း စာရွက်စာတမ်းသက်သေခံအထောက်အထား ခိုင်လုံစွာပြသနိုင်သောသူများအား ယာယီပြန်လည်လွှဲပြောင်း ပေးလိုက်ရန်နှင့် အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိရေးအတွက် ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ရုံးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို လုံလောက်သည့် ကာလအပိုင်းအခြားသတ်မှတ်၍ ဆက်လက်ဆောင်ရွက်ရန်။

တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်၊ခရိုင်နှင့် မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများ ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်သော်လည်းမြေပြင်တွင် အဆိုပါရုံးများ အမှန်တကယ်လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နေစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမဲ့ဖြစ်နေသည့် သိမ်းဆည်းမြေများကို ဆိုင်ရာသိမ်းဆည်းထားသည့်ဌာနနှင့် အဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်စေပြီး မူလမြေအသုံးချပိုင်ခွင့်ရှိသူများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်လွှဲပြောင်းပေးရန်၊ ဥပဒေနှင့်အညီလွှဲပြောင်းရယူထားပြီး လက်တွေ့တွင်လည်း နိုင်ငံတော်နှင့်အများပြည်သူအကျိုးငှာ အမှန်တကယ်ထိရောက်စွာ အသုံးပြုနေသည့်မြေများကို ဆိုင်ရာဌာနများမှစွန့်လွှတ်ခြင်းမပြုဘဲ လုပ်ငန်းဆောင်တာများ ဆက်လက်လုပ်ဆောင်ရန်အချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ချမှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

သက်သေခံ စာရွက်စာတမ်း အထောက်အထား မပြနိုင်သော်လည်း အများက ကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများ၏ ထွက်ဆိုထောက်ခံချက်များဖြင့် မြေအသုံးချပိုင်ခွင့်ရှိကြောင်း သက်သေထင်ရှားပြနိုင်ပါက ယာယီပြန်လည်လွှဲပြောင်းပေးလိုက်ရန်။

ပြန်လည်စွန့်လွှတ်နိုင်ခြင်းမရှိသည့်မြေများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေဖြင့် မြေသိမ်းစဉ်က တည်ဆဲဥပဒေများနှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်လွှဲပြောင်းသိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်မှာလည်း သိမ်းဆည်းထားသည့်မြေအား နိုင်ငံတော်နှင့်အများပြည်သူအတွက် အမှန်တကယ်အကျိုးရှိစွာ အသုံးပြုလျက်ရှိကြောင်းကို သက်ဆိုင်ရာမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများမှတစ်ဆင့် မြေအသုံးချပိုင်ခွင့် ပြန်လည်တောင်းဆို ထားသည့် ပြည်သူများထံသို့ အကျေအလည်ချပြရှင်းလင်း ဆောင်ရွက်ရန်လိုပါကြောင်း။

ပြန်လည်စွန့်လွှတ်သည့်မြေများနှင့်ပတ်သက်၍လည်း စာရင်းဇယားများအား ကော်မတီအဆင့်ဆင့်က ပြည်သူများသို့ အသိပေးချပြရှင်းလင်းဆောင်ရွက်သွားရန်လိုပါကြောင်း၊ စာရင်းဇယားများအရ တစ်စိတ်တစ်ဒေသစွန့်လွှတ်ခြင်း ၅၁ မှုပါ ၇၉၀၂၆ ဒသမ ၆၉ ဧကအနက် ပြန်လည်စွန့်လွှတ်မည့်မြေ ၃၈၉၅၆ ဒသမ ၀၆ ဧကတွင် ၅၈၇၂ ဒသမ ၆၅ ဧကကိုသာ ပြန်လည်ပေးအပ်ပြီးဖြစ်သည့်အတွက် ၁၅ ဒသမ ၀၈ ရာခိုင်နှုန်းသာ သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ်ပေးပြီးဖြစ်သည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ ထို့အပြင် အားလုံးစွန့်လွှတ်ခြင်း ၁၀၁ မှုပါ ၁၉၇၈၈ ဒသမ ၂၅၁ ဧကတွင် ၂၅၃၃၆ ဒသမ ၄၄၁ ဧကအား ပြန်လည်စွန့်လွှတ်ပေးထားသည့်အတွက် တိုင်စာပါဧကထက် ပိုမိုစွန့်လွှတ်ပေးထားသည်ကိုတွေ့ရသော်လည်း သက်ဆိုင်သူများသို့ ၅၆၅၅ ဒသမ ၁၃ ဧကကိုသာ ပြန်လည်ပေးအပ်ပြီးဖြစ်ရာ စွန့်လွှတ်မည့်မြေ၏ ၂၂ ဒသမ ၃၂ ရာခိုင်နှုန်းသာ ပြန်လည်ပေးအပ်နိုင်သည်ကိုတွေ့ရမှာဖြစ်ပါကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် စုံစမ်းရေးကော်မရှင်အစီရင်ခံစာ အပိုင်း(၁)၊ (၂)၊ (၃)ပါ ၎င်းနှင့်သက်ဆိုင်သည့် မြေများအနက် ၂၄၈၅၄ ဒသမ ၉၁၀ ဧကနှင့် ကော်မရှင်အစီရင်ခံစာတွင် မပါဝင်သည့် ၂၉၄၀၀ ဒသမ ၀၉၃ ဧက စုစုပေါင်း ၅၄၂၅၅ ဒသမ ၀၀၃ ဧကအား စွန့်လွှတ်ပေးပြီးဖြစ်သည့်အပြင် ကာကွယ်ရေးဝန်ကြီးဌာနမှ သီးခြားအဖွဲ့စနစ်ဖြင့် စိစစ်ဆောင်ရွက်၍ ထပ်မံပြီး ပြန်လည်စွန့်လွှတ်ပေးမည့် မြေဧကပေါင်း ၁၅၄၈၉၂ ဒသမ ၁၀၂ ရှိပါကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများအား သက်ဆိုင်သူများလက်ဝယ်သို့ အမြန်ပြန်လည်ရောက်ရှိရေး တွန်းအားပေးဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

မြေကိစ္စများနှင့် ပတ်သက်ပြီး မြေတိုင်းတာခြင်း၊ မြေနယ်နိမိတ်သတ်မှတ်ခြင်း၊ မြေစာရင်းရေးသွင်းခြင်းတို့ကို လက်တွေ့ဆောင်ရွက်နေသည့် မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်ရှိ မြေစာရင်းဦးစီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ရှိမှု၊ တာဝန်သိမှု၊ ဖြောင့်မတ်တည်ကြည်မှုသည် အရေးကြီးသဖြင့် အဆိုပါ မြေစာရင်းဦးစီးဌာနဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးကို တာဝန်ရှိသူများမှ လမ်းညွှန်ကြပ်မတ်သွားရန် လိုပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း သိမ်းပေးခြင်းဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာနကသာ လုပ်ထုံးလုပ်နည်းအတိုင်း ပြန်လည်ပေးအပ်ရမည်မှာ ရုံးလုပ်ငန်းစဉ်အရ မှန်ကန်သော်လည်း လက်တွေ့မြေပြင်မှာ မြေသိမ်းထားသည့်ဌာနများနှင့် အဖွဲ့အစည်းများကတစ်ဖက် မြေသိမ်းဆည်းခံရသည့် ပြည်သူများကတစ်ဖက် ထိပ်တိုက်တွေ့နေရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ပြန်လည်စွန့်လွှတ်မြေများအား မြေပြင်တွင် ထိပ်တိုက်တွေ့နေရသည့် နှစ်ဦးနှစ်ဖက်နှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ရုံးများမှ တာဝန်ရှိသူများကပါ ကွင်းဆင်းတွေ့ဆုံအပ်နှံပေးလိုက်ပါက ပိုမိုပြည့်စုံ၍ လျင်လျင်မြန်မြန် ပြီးမြောက်သွားမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ **ပြန်လည်စွန့်လွှတ်သည့်မြေများအား သက်ဆိုင်ရာ မြေအသုံးချခွင့်တောင်းခံသူများ လက်ဝယ်သို့ အမြန်ပြန်လည်ရောက်ရှိရေးဆောင်ရွက်ရာတွင် မြေအသုံးချခွင့်ရှိကြောင်း၊ စာရွက်စာတမ်းသက်သေခံ အထောက်အထား ခိုင်လုံစွာ ပြသနိုင်သောသူများအား ယာယီပြန်လည်လွှဲပြောင်း ပေးလိုက်ရန်နှင့် အသုံးချပိုင်ခွင့်အမည်ပေါက်ရရှိရေးအတွက် ဌာနဆိုင်ရာတည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ရုံးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို လုံလောက်သည့် ကာလအပိုင်းအခြားသတ်မှတ်၍ ဆက်လက်ဆောင်ရွက်ရန်**ဖြစ်ကြောင်း။

သို့ရာတွင် စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်တိကျမှုအားနည်းချက်ကြောင့် အချို့သောကိစ္စများတွင် မြေအသုံးချပိုင်ခွင့် အထောက်အထားကို ဥပဒေပါအတိုင်း လုံလောက်ပြည့်စုံအောင်တင်ပြနိုင်ရန် လက်တွေ့မှာ အခက်အခဲတွေ့နေရသည်ဟု သိရှိရပါကြောင်း၊ ထိုသို့ **သက်သေခံ စာရွက်စာတမ်း အထောက်အထားမပြနိုင်သော်လည်း အများကကြည်ညိုလေးစားသည့် ရပ်မိရပ်ဖများ၏ ထွက်ဆိုထောက်ခံချက်များဖြင့် မြေအသုံးချပိုင်ခွင့်ရှိကြောင်း သက်သေထင်ရှားပြနိုင်ပါက ယာယီပြန်လည်လွှဲပြောင်းပေးလိုက်ရန်**ဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်နိုင်ရန်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတွင် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် ရပ်မိရပ်ဖများနှင့် တောင်သူလယ်သမားကိုယ်စားလှယ်တို့ ပါဝင်ဖွဲ့စည်းပေးထားခြင်းဖြစ်ပါကြောင်း။

လွှဲပြောင်းခံရသူ အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိရန်အတွက်မူ ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် စိစစ်ပြီး ရုံးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကိုလုံလောက်သည့်ကာလအပိုင်းအခြား သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သို့မှသာ သက်ဆိုင်ရာ တောင်သူလယ်သမားများ စိုက်ပျိုးရာသီအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ကြမည်ဖြစ်ကြောင်း။

ပြန်လည်စွန့်လွှတ်မည့် မြေများတွင် မြေအသုံးချပိုင်ခွင့်နှင့်ပတ်သက်၍ နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အငြင်းပွားမှုပေါ်ပေါက်ပါက ဥပဒေနှင့်အညီ အမှုရင်ဆိုင်၍ ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူကြရန်ဖြစ်ကြောင်း။

ပြည်နယ်/တိုင်းဒေသကြီးအလိုက် ပြန်လည်စွန့်လွှတ်ပေးမည့် မြေစာရင်းများရှိပြီးဖြစ်၍ ပြန်လည်ပေးအပ်ပြီးစီးမှု စာရင်းများအား သတင်းထုတ်ပြန်ပေးရာတွင် အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးသွားရန်လိုကြောင်း၊

လွှဲပြောင်းခံရသူ အသုံးချပိုင်ခွင့် အမည်ပေါက် ရရှိရန်အတွက်မူ ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် စိစစ်ပြီး ရုံးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လုံလောက်သည့် ကာလအပိုင်း အခြားသတ်မှတ်၍ ဆက်လက်ဆောင်ရွက်ရန်။

သို့မှသာ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနိုင်မှုကို ပြည်သူအများပွင့်လင်းမြင်သာစွာ သိရှိနိုင်မည်ဖြစ်ကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် မစွန့်လွှတ်သည့် မြေများအတွက် နစ်နာကြေး၊ လျော်ကြေးပေးအပ်ပြီးစီးမှုများအား စိစစ်၍ မှတ်တမ်းတင်ထားရှိရန်နှင့် နစ်နာကြေး၊ လျော်ကြေးပေးအပ်ရန်ရှိပါက ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရသုံးမှန်းခြေဘဏ္ဍာငွေစာရင်းတွင် ထည့်သွင်းသွားရန်ဖြစ်ကြောင်း။

ထို့ပြင် ရှင်းလင်းဆောင်ရွက်မှုများဆောလျင်စွာ ပြီးပြတ်နိုင်ရေးအတွက် ဒုတိယသမ္မတဦးဆောင်သော မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်၌ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအသီးသီးတွင် သက်ဆိုင်ရာမြို့နယ်အလိုက် ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူတို့မနစ်နာစေရန် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဆောင်ရွက်နေမှုအား အထောက်အကူဖြစ်စေမည့်အပြင် ပကတိအခြေအနေမှန်ကိုလည်း လွှတ်တော်များက အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်ပါ၍ စီစဉ်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့တိုက်တွန်းထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းစဉ်များ မှန်ကန်မြန်ဆန်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထပ်မံပေးပို့ခဲ့သည့် တိုင်ကြားစာ ၃၃၈၇ စောင်နှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ သီးခြားတိုင်ကြားလာမှုကိစ္စရပ်များကိုလည်း ဆက်လက်စိစစ်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

မူလက လယ်ယာမြေအသုံးချခဲ့ကြပြီး ဆုံးရှုံးသွားကြသူများအတွက်လည်းကောင်း၊ မူလကပင် လုပ်ကိုင်စားသောက်စရာ လယ်ယာမြေမရှိသူ မြေမဲ့ယာမဲ့များအတွက် လည်းကောင်း မိမိတို့ဒေသအတွင်း လုပ်စားကိုင်စားစရာ လယ်ယာမြေသစ်များ ဖော်ထုတ်ပေးခြင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း။

ပြန်လည်စွန့်လွှတ်မည့်မြေများတွင် မြေအသုံးချပိုင်ခွင့်နှင့်ပတ်သက်၍ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အငြင်းပွားမှုပေါ်ပေါက်ပါက ဥပဒေနှင့်အညီ အမှုရင်ဆိုင်၍ ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူကြရန်။

အေးချမ်းသာယာသည့် မူလလူနေမှုဘဝပုံစံမပျက် ဖွံ့ဖြိုးတိုးတက်လာသည့် ကျေးလက်ဒေသဖြစ်အောင် အသွင်သစ်အမြင်သစ်ဖြင့် ကြိုးပမ်းတည်ဆောက်ပေးသွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမှုလည်း လယ်မဲ့၊ ယာမဲ့ အလုပ်အကိုင် အခွင့်အလမ်းမရှိ၍ ကျေးလက်ဒေသကိုစွန့်ခွာသွားရမှုများ၊ မြို့ကြီးပြကြီးများသို့ မိသားစုလိုက် ရွှေ့ပြောင်းသွားလာ၍ ကျူးကျော်နေထိုင်မှုများ၊ ပြည်ပနိုင်ငံများသို့ ဆင်းရဲဒုက္ခခံနည်းလမ်းမျိုးစုံဖြင့် သွားရောက်လုပ်ကိုင်မှုများ တဖြည်းဖြည်းပပျောက်လာမှာဖြစ်ကြောင်း။

ပြည်သူလူထု၏ အခက်အခဲများကိုဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်က ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု ရေတိုရေရှည် စီမံကိန်းများချမှတ်၍ ဝန်ကြီးဌာနအသီးသီးနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များအကြား ဆက်စပ်ဆောင်ရွက်စေလျက်ရှိရာ ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုနှင့် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်မှုအတွက် အဓိကကျပါသဖြင့် လူထုနှင့်လက်တွဲပြီး လူထု၏ အခြေခံလိုအပ်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၁)၊ (၂)၊(၃)တွင်ပါဝင်သည့် မြေယာကိစ္စရပ် ၇၄၅ မှုနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြေအသုံးချမှုနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ စနစ်တကျဖြေရှင်းဆောင်ရွက်ပေးနေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၄) ကျင်းပခဲ့သည့် ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများ၏ စိစစ်ပြီးစီးမှုနှင့် တိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဗဟိုကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဝင်၊တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများက ဆွေးနွေးတင်ပြကြပြီး မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (၂၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန်　မတ်　၇

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၅)နှစ်မြောက်နှစ်ပတ်လည်အခမ်းအနား (25th Anniversary Foreign Correspondents Club of Myanmar) ကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက၊ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းထံမှ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း အသင်းဝင်ဦးတင်မောင်အေးကလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းက လည်းကောင်း၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့သော သဝဏ်လွှာကို အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်လှလှဌေးကလည်းကောင်း အသီးသီး ဖတ်ကြားကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးအောင်လှထွန်းက အဖွင့်အမှာစကား ပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးသစ္စာလှထွေးက အသင်းပေါ်ပေါက်လာပုံ သမိုင်းအကျဉ်းကို ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နိုင်ငံတကာသတင်းထောက်များအဖွဲ့ချုပ်၏ စံနှုန်းများမှနံပါတ်(၁)အချက်ဖြစ်သည့် အမှန်တရားကို ဦးထိပ်ထားသူများအချက်တစ်ချက်တည်းနှင့်ပင် အလွန်လေးစားသင့်သည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ စွန့်လွှတ်ခြင်း၊ စွန့်စားခြင်း၊ အနစ်နာခံခြင်းများကို ရင်နှီးပြီးလုပ်ဆောင်ရသူများဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိုနားလည်သူများဖြစ်ပါကြောင်း၊ ဘုရင်ခံ၊ ဝန်ကြီးစသည့် ရာထူးများကိုပင် မမက်မောဘဲ သတင်းသမားဘဝကိုပဲ မက်မောစွာ ဆောင်ရွက်ခဲ့သူများလည်းရှိပါကြောင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းသည် မိမိနိုင်ငံ၏ပြည်သူများကိုယ်စားပြုပြီး နှစ်နိုင်ငံချစ်ကြည်ရေးအတွက်လည်း သံတမန်များဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာကြသူများအား နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး ပြန်ကြားရေးဌာနအောက်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

တောင်ကြီး　မတ်　၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် မတ် ၃ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ ရောက်ရှိပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများ၏ အမှုထမ်း၊ အရာထမ်းများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲတွင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ဖုန်နယ်မှူး ဦးမြင့်ဦး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)တာဝန်ခံအရာရှိ ဦးနိုင်ထွန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံး (တောင်ကြီး)တာဝန်ခံ ဦးမိုးစည်သူတို့က မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မတ် ၄ ရက်တွင် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့၌ ကျင်းပသည့် တိုင်းရင်းမီဒီယာညီလာခံ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းစုရုံး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီး(ခရိုင်ရုံး)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ကြီးဌာန၏ လမ်းညွှန်မှာကြားချက်အတိုင်းလိုက်နာဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ပြည်နယ်ပြန်/ဆက်)**

အာဆီယံထုတ်ပြန်ကြေညာချက်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအပေါ် အာဆီယံမှ ပြစ်တင်ရှုတ်ချခြင်း

၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့ရှိ ရထားဘူတာရုံတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် အကြမ်းဖက်တိုက်ခိုက်မှုဒဏ်ကို ခံစားခဲ့ရသည့် ပြည်သူများ၏ မိသားစုများအတွက် ဝမ်းနည်းကြောင်း ဖော်ပြအပ်ပါသည်။

အာဆီယံအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုပုံစံအားလုံးနှင့် ဆောင်ရွက်ချက်အားလုံးတို့ကို ပြင်းထန်စွာ ရှုတ်ချအပ်ပါသည်။

အကြမ်းဖက်မှုပုံစံအားလုံးကို တိုက်ဖျက်ရန်အတွက် အာဆီယံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ထပ်လောင်းမြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိကဝတ်ပြုပါသည်။

အဆိုပါ အကြမ်းဖက်မှုကို ကျူးလွန်သူများအား တရားဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အာဆီယံအနေဖြင့် ထောက်ခံပါသည်။

ကာတွန်းပြိုင်ပွဲ ကျင်းပမည်

နေပြည်တော်　မတ်　၇

ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းက ကြီးမှူး၍ ကာတွန်းပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အဆင့်အနေဖြင့် အထက်တန်းအဆင့်၊ တက္ကသိုလ်၊ ကောလိပ်အဆင့်နှင့် အလွတ်တန်းအဆင့်ဟူ၍ အဆင့်သုံးမျိုးခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များအနေဖြင့် အသုံးပြုရမည့် စာရွက်အရွယ်အစား A3၊ မင်ရေဆေး (color) ၊တစ်ဦးလျှင် အများဆုံးပေးပို့နိုင်သည့် အရေအတွက် သုံးပုံ၊ နောက်ဆုံးပေးပို့ရမည့်ရက် ၃၁-၃-၂၀၁၄၊ ပေးပို့ရမည့် လိပ်စာနှင့် အချိန် အမှတ် (၁၀၆)၊ (၄၉)လမ်း(အလယ်) ပုဇွန်တောင်မြို့နယ် (တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ)၊ ဆက်သွယ်ရန်ဖုန်း ၀၉-၂၅၀၅၀၇၀၈၃၊ ၀၉-၂၅၀၅၀၇၀၈၄ တို့ဖြစ်သည်။

ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ ကြိုတင်ကာကွယ်၍ရသော ကင်ဆာရောဂါများကို ကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်၍မရနိုင်သော ကင်ဆာရောဂါများကို စောစီးစွာရှာဖွေတွေ့ရှိနိုင်ရန်၊ အများပြည်သူတို့အား ကျန်းမာရေးဗဟုသုတ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကုသ၍ ပျောက်ကင်းနိုင်ခြေရှိသော ကင်ဆာလူနာများအား ကုသနိုင်ရန်အတွက် ကူညီထောက်ပံ့ပေးရန်တို့ဖြစ်ကြောင်း သိရသည်။ **(၀၀၉)**

ဓမ္မသတ်တရား ရှိပါငြားလည်း တိမ်းပါးငဲ့ကွက် လက်ဆောင်ဖျက်

စန်းနီလာဝင်း

နိုင်ငံတကာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ သုတေသီပညာရှင်တို့က " အဂတိတရားလိုက်စားမှု" (Corruption)ကို "စီ" (ဃ)ပိုးဟု သတ်မှတ်ထားကြသည်။ အဂတိလိုက်စားမှု(ဝါ)လာဘ်ပေးလာဘ်ယူမှုများကို နှိမ်နင်းရန် "အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး" (Combating Corruption) ကုထုံးနှင့်အရေးယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ 'လာဘ်စားသည်' ဟူသော ဝေါဟာရကို အင်္ဂလိပ်ဘာသာဖြင့် take bribe ဟုသုံးနှုန်းပြီး "အဂတိလိုက်၍ဆောင်ရွက်ရန် တစ်စုံတစ်ဦးထံမှငွေကြေးဥစ္စာပစ္စည်းအခွင့်အရေးစသည်တို့ကို ရယူခြင်းဖြစ်သည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အလားတူအပြန်အလှန်အားဖြင့် "လာဘ်ထိုးသည်" ဟူသောဝေါဟာရကို အင်္ဂလိပ်ဘာသာဖြင့် bribe ဟုသုံးနှုန်းပြီး " အဂတိလိုက်၍ဆောင်ရွက်ပေးရန်တစ်စုံတစ်ဦးမှ ငွေကြေးဥစ္စာ၊ ပစ္စည်းအခွင့်အရေး စသည်တို့ကိုပေးအပ်သည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

လူသားသည်လောဘရှိသည်၊ ဒေါသရှိသည်၊ မောဟရှိသည်၊ လောဘဟူသည် လိုချင်ခြင်း၊ တပ်မက်ခြင်းပင်ဖြစ် သည်။ သို့ရာတွင် ရှိသင့်ရှိထိုက်သော လောဘထက် ပိုမိုလွန်ကဲလာလျှင် အတ္တလွန်ဝိသမလောဘဖြစ်သွားသည်။ ဤသည်ကိုလောဘသက္ကာယဟုခေါ် ဝေါ်ပြီး မိမိအကျိုးသက်သက်မှာ လွန်ကဲသော လိုချင်တောင့်တမှု၊ အစွဲကြီးလွန်းသောလောဘစိတ်ဟု အဓိပ္ပာယ်ရရှိပါသည်။

အဂတိတရား(သို့မဟုတ်)ကိုယ်ကျင့်တရားပျက်ပြယ်ကာ "လာဘ်စားမှု (Corruption) သည် တရားမဝင်သော (သို့မဟုတ်)တရားဥပဒေကို ဆန့်ကျင်သော ပြုမူလုပ်ဆောင်မှုဟု ဥပဒေပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်။ အဓိပ္ပာယ်မှာ "ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများကို အလွဲသုံးစားပြုခြင်း (Corruption is the misuse of public or private office for personal gain) ပင်ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အလွဲသုံးစားမှု (Misuse) တွင် "တရားဥပဒေနှင့်မညီသော ရယူမှုပြုလုပ်ခြင်း" (Taking illegal action) နှင့် "အခြားမလျော်သောနည်းဖြင့် တမင်တကာဖန်တီးရယူသုံးစွဲခြင်း" (Deliberatly turning the other way) ဖြစ်သည်။ ထိုအထဲ တွင် လက်ဆောင်ပေးခြင်း မဟုတ်သော လက်ဆောင်ပစ္စည်းရယူခြင်းပင်ဖြစ်သည်။ ဤသို့ သဒ္ဓါ၍မဟုတ်ဘဲ မတရားရယူခြင်းကို "ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါးငဲ့ကွက်လက်ဆောင်ဖျက်"ဟုဆိုရိုးပြုထားပါသည်။ ဤလုပ်ရပ်များသည် နိုင်ငံ၏အရင်းအမြစ်များ ခွဲဝေသုံးစွဲမှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားမှုလျော့ချစေသည့်ဖြစ်ရပ်များဖြစ်ပါသည်။

လာဘ်ပေးလာဘ်ယူမှုတွင် လာဘ်ပေးသူလာပေးစဉ် လာဘ်ယူသူကလည်း ယူလျှင် (Active bribery) ဟု သတ်မှတ်ပါသည်။ ထိုလုပ်ရပ်သည်နှစ်ဦးနှစ်ဖက်စလုံးက အဂတိတရားကို ကျူးလွန်ခြင်းဖြစ်သည်။ လာဘ်ယူသူက စတင်ကမ်းလှမ်းခြင်းဖြစ်နိုင်သကဲ့သို့ လာဘ်ပေးလိုသူကလည်း စတင်ကမ်းလှမ်းခြင်းမျိုးလည်းဖြစ်နိုင်သည်။ (အရပ်သုံးစကားဖြင့် "ခွင်" ဖန်ခြင်း၊ "အကြံအဖန်ပြုလုပ်ခြင်း"ဟု ဆိုကြသည်။)

လာဘ်ပေးလာဘ်ယူကိစ္စရပ်နှင့် စပ်လျဉ်း၍ ဥပဒေပညာရှင်များ၏ သုံးသပ်ချက်တစ်ခုမှာ လာဘ်ပေး သူက ပေးသော်လည်း မယူသည့်အခါတွင်ဖြစ်စေ၊ လာဘ်တောင်းသူက တောင်းသော်လည်း မပေးသည့်အခါတွင် ၎င်းဖြစ်ရပ်မျိုးကို "အဂတိလိုက်စားမှုမမြောက် (Passive bribery) ဟု ဆိုပါသည်။

လာဘ်ပေးလာဘ်ယူမှုကို ဒေါက်တာဂျပ်ဆင်က "သိက္ခာသမာဓိကို ပျက်စီးစေသော တရားမဝင်ဆုလာဘ်ရယူမှု" (A reward given to pervert the judgement or correct the conduct) ဟုဖွင့်ဆိုပါသည်။ ပုထုဇဉ်တို့ကလျာဏ ပုထုဇဉ်မဖြစ်သေးမီ အန္ဓပုထုဇဉ်ဘဝ၌ ဝိသမလောဘ စွဲငြိလျှင် "အခွင့်သာခိုက်မယူလိုက်လျှင် အမိုက်သင့်ပြင်ရှိလိမ့်မည်နည်း၊ ငါ့ဝမ်းပူဆာမနေသာ၍ စားရသည်ဟူ၍လည်းကောင်း၊ သမုဒ္ဒရာဝမ်းတစ်ထွာဟူ၍လည်းကောင်း၊ အူမတောင့်မှသီလစောင့်နိုင်မည်"ဟူ၍ လည်းကောင်း ဆင်ခြေအမျိုးမျိုးပေး၍ ငြင်းပယ်တတ်ကြသည်။ သို့တစေ ပြစ်မှုကျူးလွန်ခြင်းထင်ရှားလာလျှင် "မည်သူမပြု မိမိမှုသာ"ဆိုသကဲ့သို့ "ခြေမ မကောင်းခြေမ၊ လက်မ မကောင်းလက်မ"ဟူ သောစကားနှင့်အညီ ဥပဒေအရ အရေးယူခံကြရမည်သာဖြစ်သည်။

ထို့ကြောင့် တာဝန်ရှိသူ အသီးသီးကို-

(၁) ဆန္ဒဂတိ=အမှားအမှန်ကိုမရွေးဘဲ သူတစ်ပါးအလိုဆန္ဒကို လိုက်၍လည်းကောင်း၊ မျက်နှာလိုက်၍ လည်းကောင်း ဆုံးဖြတ်လုပ်ကိုင် ဆောင်ရွက်ခြင်း၊

(၂) ဒေါသဂတိ-အမျက်ဒေါသနှင့် နှိုင်းယှဉ်၍ ဘက်လိုက်လုပ်ကိုင်ဆုံးဖြတ်ဆောင်ရွက်ခြင်း၊

(၃) ဘယာဂတိ= ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ကို ကြောက်ရွံ့၍ ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက် ခြင်း၊

(၄) မောဟဂတိ= မိမိ၏ မိုက်မှားမှု၊ အသိဉာဏ်ပညာနည်းပါးမှုတို့ဖြင့် စီမံလုပ်ကိုင်ဆောင်ရွက်ခြင်းဟူသော ဂတိတရားလေးပါးကို ရှောင်ကြဉ်နိုင်ရန် သတိပေးလမ်းညွှန်ထားသည်။ ထို့ကြောင့် ဓမ္မသတ်တရားရှိပါငြားလည်း တိမ်းပါးငဲ့ကွက်လက်ဆောင်ဖျက်၊ လက်ဖဝါးကဲ့သို့ မှောက်ချည်လှန်ချည်မကျင့်နှင့် ခြေဖဝါးကဲ့သို့ တညီတည်းတစ်ပြေးတည်းကျင့်ရမည်"ဟု ဆုံးမလမ်းပြထားခြင်းပင်ဖြစ်သည်။

ဝိသမလောဘ အန္တရာယ်သို့မဟုတ် အဂတိတရားလိုက်စားခြင်းဖြစ်၏ ဘေးဒုက္ခများနှင့် စပ်လျဉ်း၍ အနန္တ ကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓသခင်က "ငှက်ပျောပင်တွင် အသီးသီးလာလျှင် ထိုငှက်ပျောပင်သည် မလွဲမသွေ သေရရှာ၏။ အလားတူပင် ကျူပင်၌ ကျူသီးသီးလာလျှင် ထိုကျူပင်သည် မလွဲမသွေ သေရရှာ၏။ ထို့အတူ ဝါးပင်၌ ဝါးသီးသီးလျှင် ထိုဝါးပင်သေရရှာ၏။ အဿရထိုရ်မြင်းမ၌ ကိုယ်ဝန်ရလျှင်လည်း သေရပြန်၏။ ထို့အတူ နှလုံးသွင်း ယုတ်ညံ့သောသူတို့သည် မိမိတို့၏ ဝိသမလောဘကြောင့် မလွဲဧကန် ဘေးဒုက္ခရောက်ရှိရပြီး မိမိကိုယ်မိမိ ပြန်လည်သတ်ဖြတ်သကဲ့သို့ ဖြစ်တတ်သည်" ဟု ဟောဖော်ဆုံးမညွှန်ပြတော်မူခဲ့သည်။ တစ်နည်းအားဖြင့် အသက်မွေးဝမ်းကျောင်းမှု သန့်ရှင်းစင်ကြယ်စေရန် ညွှန်ပြတော်မူခဲ့သော ဒေသနာမြတ်ပင်ဖြစ်သည်။

ကိုယ်ကျိုးသက်သက်ရှာ ဝန်ထမ်းများသည် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်နေကြသော်လည်း အမှုမဲ့အမှတ်မဲ့ မသိနိုင်အောင် ဟန်ဆောင်ကောင်းတတ်ကြ

ဝန်ထမ်းလောကတွင် အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကလုပ်ငန်း ဝန်ထမ်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီး၏ ဝန်ထမ်းများသည် စီမံခန့်ခွဲရေးဆိုင်ရာ ယန္တရား၊ ကုန်ထုတ်လုပ်မှုဆိုင်ရာယန္တရား၊ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ယန္တရား အသီးသီးတွင် အခြေခံအကျဆုံးဖြစ်သော "မောင်းနှင်ရေးအင်အားများ" (Driving Forces) ဖြစ်ကြသည်။ အကြပ်ကောင်းလျှင်တပ်ကောင်းမည်ဟူသော စကားကဲ့သို့ ဝန်ထမ်းကောင်းလျှင် ဌာနအဖွဲ့အစည်းအသီးသီးမှာ အောင်မြင်တိုးတက်မည်သာ။

သို့ရာတွင် ဆွမ်းဆန်စိမ်းထဲ ကြွက်ချေးမရောနှောစေရန် တာဝန်ပေးအပ်သူ အာဏာပိုင်များက အပေါ်ယံ ဗဟိဒ္ဓကိုသာကြည့်ပြီး လက်သင့်ရာ စားတော်မခေါ်ဘဲ စာရိတ္တအတွင်း အဇ္ဈတ္တကို ဂယနဏ စိစစ်ရွေးချယ်တာဝန်ပေးအပ်ဖို့ အထူးလိုအပ်ပေသည်။ လာဘ်ပေးလာဘ်ယူနှင့် အဂတိတရားမလိုက်စားနိုင်အောင် ဆုပေးဒဏ်ပေးစနစ် (Reward and Punishment System) ကို မဖြစ်မနေ အကောင်အထည် ဖော်ဆောင်နေရပါမည်။ သမာသမတ်ကျစွာ ဝန်ထမ်းကောင်းလျှင်ကောင်းသလို ချီးမြှင့်ပြီး ကိုယ်ကျင့်ပျက်ဖောက်ပြန်လျှင် ဖောက်ပြန်သလို ထိရောက်စွာ အရေးယူ အပြစ်ပေးဖို့လိုသည်။ ဆရာမွေး၊ တပည့်မွေးပြီး လက်ဖဝါးကဲ့သို့ မှောက်ချည်လှန်ချည် မကျင့်သုံးဘဲ ခြေဖဝါးကဲ့သို့ တစ်ပြေးတည်းတစ်သားတည်း ကျင့်သုံးကာ ခြေမ မကောင်းခြေမ၊ လက်မမကောင်းလက်မ ရှင်းလင်းဖယ်ရှားသွားကြရမည်ဖြစ်သည်။

တစ်ချိန်က နိုင်ငံတော်ကို ဦးဆောင်လမ်းညွှန်မှုပေးခဲ့သော အဖွဲ့အစည်းကြီးနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ အစည်းများ၏ အရေးပါလှသော နေရာဌာန၊ရာထူးများတွင် သမိုင်းကြောင်းမကောင်းခဲ့သည့် ပုဂ္ဂိုလ်အချို့၊ ကိုယ်ကျင့်စာရိတ္တမကောင်း သူအချို့ကို တာဝန်ပေးခဲ့မိ၍ ထိုပုဂ္ဂိုလ်အချို့၏သစ္စာမဲ့လွန်းသော၊ ကျေးဇူးကန်းလွန်းသော လုပ်ရပ်များကို ခါးသီးစွာ ကြုံတွေ့ခဲ့ကြရပြီဖြစ်သည်။ ယနေ့ ပစ္စက္ခကာလတွင်လည်း တစ်ချိန်က ဌာနဆိုင်ရာအချို့၊ အဖွဲ့အစည်းအချို့တွင် ကိုယ်ကျင့်ပျက် ခြစားခဲ့မှုကြောင့် အနားပေးခံခဲ့ကြရသူများ၊ တာဝန်မှရပ်စဲခံခဲ့ရသူများသည် အရေးပါအရာရောက်လှသော နေရာများတွင် အမြိုင့်သားနေရာရရှိနေကြသည်ကိုလည်း မလိုလားဖွယ်မြင်တွေ့နေရ ဆဲပင်။ ကျားကို နွားကျောင်းခိုင်း၊ မျောက်ကို ဥယျာဉ်မှူးခန့်သလို ဖြစ်နေသလား။ ကွဲကွဲပြားပြား ဂယနဏ ပြန်လည်စုံစမ်းထောက်လှမ်းသင့်ပေသည်။ ညောင်မြစ်တူးခါမှ ပုတ်သင်ဉပေါ် လာသလိုမျိုး မဖြစ်ကောင်းပါ။ ကျောချမှခားပြမှန်းသိလျှင်လည်း မသင့်တော်လှပါ။ မျောက်ကို ဥယျာဉ်မှူးအရာပေးလျှင် ဥယျာဉ်တစ်ခုလုံးဆုံးရှုံးပျောက်ကွယ်သွားမည်ဖြစ်သလို အသားမစားသော ကျား၊ ဥပုသ် စောင့်သောကျားဟူ၍လည်းမရှိနိုင်သဖြင့် မြွေပွေးကိုခါးပိုက်ပိုက်ပြီး နို့တိုက်ကျွေးနေသလို အဆိပ်ပင်ကိုရေလောင်းပေးနေသလို မဖြစ်ဖို့ အရေးကြီးလှပါသည်။

လူတိုင်းသည် ကိုယ့်သမိုင်းကိုယ်ရေးနေကြသူများဖြစ်ကြသည်။ နောက်ကြောင်းမကောင်းခဲ့သူများ၊ ကိုယ်ကျိုးသက်သက်ရှာ ဝန်ထမ်းများသည် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်နေကြသော်လည်း အမှုမဲ့အမှတ်မဲ့ မသိနိုင်အောင် ဟန်ဆောင်ကောင်းတတ်ကြသည်။ အထက်လူကြီးအထင်ကြီးအောင် အနားပြာလုပ်တတ်ကြသည်။ အရာရာ၌နှမ်းဖြူးတတ်ကြသည်။ နငယ်ကို အမြီးတပ်တတ်ကြသည်။ အချိုကြိုက်သူကို အချိုကျွေး၍ အချဉ်ကြိုက်သူကိုအချဉ်ကျွေးပြီး ထောင်မြင်၍ရာစွန့်ကာ သည်ယုန်မြင်၍သည်ချုံထွင်တတ်ကြသည်။ ဤပုဂ္ဂိုလ်များမှာဌာန၊ အဖွဲ့အစည်းအသီးသီး၌ အတွင်းလိုက်စားနေကြသော အတွင်းရန်သူ ခြများဖြစ်ကြသည်။ အညှီရှိရာ၌ ယင်မအုံနိုင်အောင် အညှီအဟောက်များကို ဖယ်ရှားပစ်နိုင်မှသာ ယနေ့စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးနယ်ပယ်တွင် "ကောင်းမွန်သောအုပ်ချုပ်မှု" (Good Governance) ပီပြင်စွာပေါ်ပေါက်လာနိုင်မည်ဖြစ်ပေသည်။

အလုပ်သဘောတွင်(၁)ကာယကံ (Bodily Action)= ခန္ဓာကိုယ်ဖြင့် ကာယကံမြောက်လုပ်ကိုင်ခြင်း၊ (၂) ဝစီကံ (Vorbal Action)= နှုတ်ဖြင့်ပြောဆိုလုပ်ကိုင်ခြင်း၊ (၃)မနောကံ(Mental Action) =စိတ်ဖြင့်ကြံစည်တွေးတောလုပ်ကိုင်ခြင်းဟူ၍ သုံးမျိုးသုံးစားခွဲခြားနိုင်သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

ပြည်သူ့လွှတ်တော်အစည်းအဝေး

တောင်သူများအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်များ ရရှိပြီးဖြစ်

နေပြည်တော် မတ် ၇

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ငွေအောင်၏ **၂၀၁၂ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၏ အကျိုးသက်ရောက်မှုကို တောင်သူလယ်သမားများအမှန်တကယ်ခံစားခွင့် မရရှိသေးပါက အဆင့်ဆင့်တာဝန်ရှိသူများမှ မှန်ကန်၊ မြန်ဆန်စွာ ဆောင်ရွက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး နိုင်ငံတစ်ဝန်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၃ ရက်အထိ တောင်သူပေါင်း ၅ သန်းကျော်၏ ဦးပိုင်လုပ်ကွက်ပေါင်း ၈ ဒသမ ၃၉ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၃၉ ရာခိုင်နှုန်းအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို လယ်သမားများလက်ဝယ်အရောက် ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိနေသော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ဆက်လက်ထုတ်ပေးလျက်ရှိပါကြောင်း။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် သိရှိထားသင့်သော အကြောင်းအရာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သင်တန်းများပေးခြင်း၊ သတင်းစာ၊ ရုပ်မြင်သံကြား သတင်းထုတ်လွှင့်ခြင်းနှင့် တောင်သူလယ်သမားကဏ္ဍ (Farmer Channel)တို့မှ နှိုးဆော်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း။

ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ငွေအောင် မေးမြန်းစဉ်။

လယ်ယာမြေ ဥပဒေပုဒ်မ ၉ ပါ လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ အမွေဆက်ခံခွင့်၊ အကျိုးတူလုပ်ကိုင်ခွင့် စသည့် အခွင့်အရေးများ၊ လယ်ယာမြေဥပဒေပုဒ်မ ၂၈ အရ မူလစိုက်ပျိုးလျက်ရှိသည့် သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်များ၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀ အရ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်များကို ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်စွာဖြင့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြပြီဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်သူများ အကျိုးခံစားခွင့်ရရှိနိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အသီးသီးမှ အထူးကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်များ ရရှိပြီးဖြစ်၍ အကျိုးကျေးဇူးများ ခံစားခွင့်ရရှိနေပြီဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့ပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဆိပ်ဖြူမြို့နယ်တွင် တယ်လီဖုန်းဆက်သွယ်မှုကောင်းမွန်စေရန် Tower တိုင်များနှင့် GSM ရေဒီယိုစခန်း (၃)ခု တည်ဆောက်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၇

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် အစီအစဉ်(၁၀)ခုဖြင့် ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **"အင်းစိန်ရထားလမ်း ခုံးကျော်တံတားအား မဖြစ်မနေ တိုးချဲ့မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရန်ကုန်မြို့ရှိ ရထားလမ်းကူးများအနက် ယာဉ်ဖြတ်သန်းမှုသိပ်သည်းဆုံး (၃)နေရာတွင် ခရေပင်ရထားလမ်းကူး၊ ပါရမီ(၂)ရထားလမ်းကူး၊ သစ္စာရထားလမ်းကူးတို့ဖြစ်ပြီး ရထားလမ်းကူးခုံးကျော်တံတား တည်ဆောက်ပါက တစ်စင်းလျှင် ကျပ်သန်း(၄၀၀၀)ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အဆိုပြုဘတ်ဂျက်လျာထားမှု တင်ပြစဉ်က တံတား(၃)စင်းအတွက် ရန်ပုံငွေ တောင်းခံခြင်းနှင့်ပတ်သက်၍ Budget Sharing အဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုပ်ငန်းအဖြစ်ဆောင်ရွက်ရန် ပိုင်းခြားအဆိုပြုခဲ့ပါကြောင်း၊ အရှုံးပေါ်နေသော ဝန်ကြီးဌာနအနေဖြင့် အသုံးစရိတ်လျှော့လို၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်သင့်ကြောင်း တင်ပြခဲ့ပြီး လျာထားငွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်မှကျခံသုံးစွဲရန် ဆုံးဖြတ်ခဲ့သဖြင့် မြန်မာ့မီးရထား၏ ဘတ်ဂျက်လျာထားမှုမှ ပယ်ဖျက်ခဲ့ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခုံးကျော်တံတား (၃)စင်း တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဘတ်ဂျက်အဆိုပြုရာတွင် မပါဝင်ခဲ့သဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ထည့်သွင်းလျာထားပေးရန် တင်ပြတောင်းခံခဲ့ပါကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပိုမိုအသေးစိတ်သော တွက်ချက်မှုများဆောင်ရွက်စေလျက် ခုံးကျော်တံတား(၃)စင်းအား မြန်မာ့မီးရထား၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ထည့်သွင်းလျာထားရန် အင်းစိန်ကားလမ်း ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းအတွက် ကျပ်သန်း(၆၀၇၈ ဒသမ ၇၅၀)သန်း၊ ပါရမီ(၂)ကားလမ်းကူးခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းအတွက် ကျပ်သန်း(၃၀၄၄)သန်းနှင့် သစ္စာကားလမ်းကူးခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းအတွက် ကျပ်သန်း(၃၀၂၅)သန်းအား ထပ်မံအဆိုပြုခဲ့ပါကြောင်း။

ခုံးကျော်တံတားတည်ဆောက်ခြင်းသည် လတ်တလော ယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းသည့် နည်းလမ်းတစ်ခုဖြစ်သော်လည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကုန်ခန့်တွင် ပြီးစီးနိုင်မည်ဟု အဆိုပြုထားသော Japan International Cooperation Agency (JICA) မှ ဆောင်ရွက်နေသော မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းအရ ပေါ်ပေါက်လာမည့် အနာဂတ်ကောင်းကင်ရထားပြေးဆွဲမှုကို ထိခိုက်နိုင်သဖြင့်လည်းကောင်း၊ ကောင်းကင်ကားလမ်းများအဖြစ် ထည့်သွင်းပါရှိပါက အပိုကုန်ကျမှုဖြစ်နိုင်သဖြင့်လည်းကောင်း၊ မဟာဗျူဟာစီမံကိန်းပြီးစီးအောင် စောင့်ဆိုင်းသည့်အနေဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဘတ်ဂျက်လျာထားမှုတွင် ထပ်မံတင်ပြသော တံတား(၃)စင်း ကိစ္စပါဝင်ခဲ့ခြင်းမရှိပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံရန် လမ်းညွှန်ချက်ရရှိပြီးဖြစ်ပါကြောင်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **"ဆိပ်ဖြူမြို့နယ် အနောက်ဘက်ခြမ်းဒေသများတွင် တယ်လီဖုန်းဆက်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်တွင် တယ်လီဖုန်းဆက်သွယ်မှုကောင်းမွန်စေရန်အတွက် ကန်ဇွန်းမ၊ ငှက်ပြာကြီးနှင့် မြေကြမ်းတော ကျေးရွာတို့တွင် Tower တိုင်များနှင့် GSM ရေဒီယိုစခန်း (၃)ခုကို တည်ဆောက်တပ်ဆင်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘတ်ဂျက်ခွင့်ပြုငွေရရှိပြီးဖြစ်ပါသဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်တပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း**အား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် ယင်းဥပဒေကြမ်းကို လွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုဆောင်ရွက်ခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုး ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောကွယ်ထူးဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော စောရောဂျာခင်၊ ပဒိုမန်းငြိမ်းမောင်၊ စောတာဒိုမူးနှင့် နိုင်ငံရေး၊ စစ်ရေးအကြံပေး စောထူးထူးလေးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တပ်မတော်၏ဆန္ဒသဘောထား (၆)ချက်ပေးထားပြီး ဖြစ်၍လေးစားလိုက်နာစေလိုကြောင်း၊ ထို့ပြင် နှစ်ဖက်လုံးမှလည်း ဒို့တာဝန်အရေး(၃)ပါးကို စောင့်ထိန်းရန် သဘောတူထားကြောင်း၊ ဥပဒေနှင့်အညီ ဒီမိုကရေစီလျှောက်လှမ်းမှုတွင် လိုက်ပါဆောင်ရွက်ရန် စသည်တို့အား ရှင်းလင်းအသိပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အစိုးရ၏အုပ်ချုပ်မှုယန္တရား မပျက်ပြားစေရေးတို့အပေါ် မူတည်ပြီး လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်ဆိုင်းထားရာမှ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်ကို ကိုင်စွဲလျက် ယုံကြည်ချက်ခိုင်မာစွာဖြင့် မဖြစ်မနေရှေ့ဆက်လျှောက်လှမ်းသွားကြရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငြိမ်းချမ်းရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နေပြည်တော်ကောင်စီနယ်မြေမှ သက်တော်ဝါတော်ကြီးရင့်သည့် ဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေး

နေပြည်တော် မတ် ၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်တို့နှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် နေပြည်တော်ကောင်စီနယ်မြေမှ သက်တော်ဝါတော်ကြီးရင့်သည့် ဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးနေမှုများအား သွားရောက်ကြည့်ရှုခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်မှန်ရိုက်ကူးမည့် အထူးကုဆရာဝန်ကြီးမှ 4D-Ultra Sound စက်ဖြင့် ကလေးဝတောရဆရာတော်ကြီးအား စစ်ဆေးပေးနေမှုများကို ကြည့်ရှုခဲ့သည်။**(အောက်ပုံ)**

ယင်းနောက် ဆရာတော်ကြီးများအား ဓာတ်မှန် X-ray စက်ဖြင့် စစ်ဆေးပေးနေမှုများ၊ CT-Scan စက်ကြီးဖြင့် ကျန်းမာရေးစစ်ဆေးပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး နားနေဆောင်တွင် ဆရာတော်ကြီးများအား နေပြည်တော်ကောင်စီအစီအစဉ်ဖြင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ပေးနေမှုများ၊ အခမဲ့ဆေးကုသမှုဆောင်ရွက်ပေးနေမှုများကို လျှောက်ထားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သက်တော်ဝါတော်ကြီးရင့်သည့် ဆရာတော်ကြီးများအား နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဇမ္ဗူသီရိဖောင်ဒေးရှင်း အစီအစဉ်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် မတ် ၃ ရက်မှစတင်၍ ကျန်းမာရေးအခမဲ့စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမေရိကန်ပြည်ထောင်စု နိုင်ငံရေးရာဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဒုတိယဝန်ကြီး မစ္စ ဝန်ဒီ အာ ရှာမန် အား ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးတို့ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်ကြား ဆက်ဆံရေးကောင်းမွန်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ လျှောက်လှမ်းနေမှုတွင် တပ်မတော်က ပါဝင်နေမှုအခြေအနေများ၊ နိုင်ငံတကာ ဒီမိုကရေစီစနစ်ကျင့်သုံးနေမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တပ်မတော်က နည်းလမ်းမှန်ကန်စွာဖြင့် ဆောင်ရွက်နေမှုအခြေအနေများနှင့် လက်နက်ကိုင်ပဋိပက္ခများ ပပျောက်ရေးအတွက် ပြည်သူနှင့်တပ်မတော် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံစစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ စစ်သံမှူး Colonel Antony Stern အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်မည့်ဆိုင်ရာကိစ္စရပ်များ၊ လေ့လာရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပညာတော်သင်များ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

အမျိုးသားအဆင့် လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲ ကဏ္ဍအလိုက်ဆွေးနွေးရရှိချက်များကို ပြန်လည်တင်ပြဆွေးနွေး

နေပြည်တော် မတ် ၇

အမျိုးသားအဆင့်လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များကို ယမန်နေ့တွင် ဆက်လက်ကျင်းပရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဒုတိယလူမှုရေးတာဝန်ခံ ဦးခွန်မောင်မော်က မူကြိုပညာရေးကဏ္ဍ၊ နိုင်ငံတော်သမ္မတ၏ လူမှုရေးနှင့်စီးပွားရေးအကြံပေး ဒေါက်တာဒေါ်ရင်ရင်နွယ်က အခြေခံပညာကဏ္ဍ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်က အဆင့်မြင့်ပညာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်ထွန်းက နည်းပညာနှင့်သက်မွေးပညာကဏ္ဍ၊ World Education, National Director ဒေါ်ခင်မာအောင်က ကျောင်းပြင်ပပညာရေးနှင့်ရပ်ရွာဒေသ ပညာရေးဖွံ့ဖြိုးမှုကဏ္ဍ၊ SDI, Managing Director ဒေါ်ခင်အေးဝင်းက ပုဂ္ဂလိက ပညာရေးကဏ္ဍ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့က အမျိုးသားပညာရေးဥပဒေ(မူကြမ်း) တို့ကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက အကြံပြုတင်ပြဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ကဏ္ဍ(၇)ခုတွင်ပါဝင်သော ကဏ္ဍအလိုက် သီးခြားစီအဖွဲ့ခွဲပြီး ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များကို ပြန်လည်တင်ပြဆွေးနွေးကြခြင်းဖြစ်ကြောင်း၊ ကဏ္ဍအလိုက်ဆွေးနွေးမှုများသည် ကျယ်ပြန့်၍ ကောင်းမွန်ပြီး အမျိုးသားပညာရေးဆိုင်ရာမူဝါဒများနှင့် အမျိုးသားပညာရေးဥပဒေ(မူကြမ်း) ပြုစုနိုင်ရေးအတွက် များစွာအထောက်အပံ့ကောင်းများရရှိခဲ့ပါကြောင်းဖြင့် တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်လူမှုဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင် ဒေါက်တာဒေါ်အေးမြင့်က လူ့ဘဝတစ်သက်တာမှာ အသိပညာအတတ်ပညာသည် အဓိကအဖြစ် ခံယူထားသူဖြစ်ကြောင်း၊ အမျိုးသားပညာရေးမူဝါဒများကို အခြေခံ၍ ပိုမိုပြည့်စုံကောင်းမွန်သည့် အမျိုးသားပညာရေး ဥပဒေတစ်ရပ် ဖြစ်ထွန်းလာအောင် ကြံဆလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကဏ္ဍစုံပါဝင်သောအမျိုးသားအဆင့် လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို တက်ရောက်ရသည့်အတွက် အကြံဉာဏ်ကောင်းများ၊ အတွေးသစ်အမြင်သစ်များ ရရှိခဲ့သဖြင့် အကျိုးရှိသောဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ပိုမိုပြီးပြည့်စုံ အကျိုးများတဲ့ အမျိုးသားပညာရေးဥပဒေ တစ်ရပ်မုချပေါ်ထွန်းလာတော့မည်ဟု ယုံကြည်ပါကြောင်းဖြင့် တင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ယခုကျင်းပသော အမျိုးသားအဆင့် လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲသို့ အလွှာအသီးသီးမှ ပညာရေးကိုစိတ်ပါဝင်စားသူ မိဘများနှင့် ပြည်သူလူထုအင်အား ၅၉၀ ဦး တက်ရောက်ကြပြီး တက်တက်ကြွကြွညှိနှိုင်းဆွေးနွေးခဲ့ကြပါကြောင်း၊ ဆွေးနွေးပွဲမှ အမျိုးသားပညာရေးဆိုင်ရာမူဝါဒများနှင့် အမျိုးသားပညာရေးဥပဒေ(မူကြမ်း) ပြုစုရေးအတွက် အချက်အလက်များကို ညှိနှိုင်းသဘောတူညီမှုများ ရရှိခဲ့ပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်အဖြစ် ယခုညှိနှိုင်းရရှိသော အမျိုးသားပညာရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေ (မူကြမ်း)ကိုပြုစုပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အစိုးရအဖွဲ့နှင့် လွှတ်တော်အဆင့်ဆင့်ကို တင်ပြအတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊ မူဝါဒများအတည်ပြုပြီးပါက ပညာရေးဆိုင်ရာအခြေခံကျသော လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၂ခုနှစ်မှာ ကျင်းပခဲ့သော ပညာရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးမူဝါဒချမှတ်နိုင်ရေး ဆွေးနွေးပွဲမှသည် ယနေ့ကာလအထိ စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သူများ၏ဆောင်ရွက်မှုများအားလုံးကို မှတ်တမ်းတင်ပြီး အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍအလိုက် ဥပဒေ(မူကြမ်း)များ ရေးဆွဲခြင်းလုပ်ငန်းများနှင့် ထွက်ပေါ်လာမည့် ဥပဒေနှင့်အညီလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင်လည်း ယခုလို အင်တိုက်အားတိုက်ပါဝင်ပံ့ပိုးပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ တစ်မျိုးသားလုံး၏ ပညာအရည်အသွေးမြင့်မားရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက် ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားအဆင့် လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲ သတင်းထုတ်ပြန်ချက်

နေပြည်တော် မတ် ၇

၂၀၁၄ ခုနှစ် မတ် ၅ ရက်၊ ၆ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ ကျင်းပခဲ့သည့် အမျိုးသားအဆင့်လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲသို့ နိုင်ငံတော်အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ တိုင်းရင်းသားများ၊ ပြည်သူ့အခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ စသည်ဖြင့် အလွှာအသီးသီးမှ ပညာရေးကိုစိတ်ပါဝင်စားသည့် မိဘလုပ်သားပြည်သူအင်အား ၅၉၀ ဦး တက်ရောက်ကြပြီး တက်တက်ကြွကြွညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ဆွေးနွေးပွဲကို ကဏ္ဍ(၇)ခုဖြင့် ကျင်းပခဲ့ပါသည်။ ထိုကဏ္ဍများမှာ (၁)မူကြိုပညာကဏ္ဍ၊ (၂)အခြေခံပညာကဏ္ဍ၊ (၃)အဆင့်မြင့်ပညာကဏ္ဍ၊ (၄)နည်းပညာနှင့်သက်မွေးပညာကဏ္ဍ၊ (၅)ကျောင်းပြင်ပပညာရေးနှင့် ရပ်ရွာ ဒေသပညာရေးဖွံ့ဖြိုးမှုကဏ္ဍ၊ (၆)ပုဂ္ဂလိကပညာရေးကဏ္ဍ၊ (၇)အမျိုးသားပညာရေးဥပဒေမူကြမ်းပြုစုရေးကဏ္ဍတို့ ဖြစ်ပါသည်။

ဆွေးနွေးပွဲမှ အမျိုးသားပညာရေးဆိုင်ရာမူဝါဒများနှင့်အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ပြုစုရေးအတွက် အချက်အလက်များကို ညှိနှိုင်းသဘောတူညီမှုရလဒ်ကောင်းများရရှိခဲ့ပါသည်။

ရှေ့လုပ်ငန်းစဉ်အဖြစ် ယခု ညှိနှိုင်းရရှိသည့် အမျိုးသားပညာရေးဆိုင်ရာမူဝါဒများနှင့် ဥပဒေ(မူကြမ်း)တို့ကိုပြုစုပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အစိုးရအဖွဲ့နှင့်လွှတ်တော်အဆင့်ဆင့်သို့ တင်ပြအတည်ပြုချက်ရယူမည်ဖြစ်ပါသည်။ မူဝါဒများအတည်ပြုပြီးပါက ပညာရေးဆိုင်ရာအခြေခံကျသော ချက်ချင်းဆောင်ရွက်နိုင်သည့်လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်ကာ တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တစ်မျိုးသားလုံး၏ ပညာရေးအဆင့်အတန်းမြင့်မားရေးလုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်သော-

- ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ပညာရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ချမှတ်နိုင်ရေးဆွေးနွေးပွဲ၌ ပါဝင်အကြံပြုခဲ့ကြသော တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပပညာရှင်ကြီးများကိုလည်းကောင်း၊
- ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်ဆောင်ရွက်ခဲ့သည့် CESR လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်တွင်း ပြည်ပပညာရှင်များ၊ ပံ့ပိုးခဲ့သော ဖွံ့ဖြိုးမှုမိတ်ဖက်များကိုလည်းကောင်း၊
- လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ပါဝင်ဆွေးနွေးပေးပါသော ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရှင်များကိုလည်းကောင်း၊
- ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီတွင်ပါဝင်ခဲ့သော တာဝန်ရှိသူများ၊ ပညာရှင်များ၊ အထူးလုပ်ငန်းအဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ Focal Persons များအားလုံးကိုလည်းကောင်း၊
- တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆင့်တွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးခဲ့ကြသော တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် အသိပညာရှင် အတတ်ပညာရှင် မိဘပြည်သူများကို လည်းကောင်း၊
- ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလမှစပြီး တက္ကသိုလ်စိန်ရတုခန်းမတွင် ရုံးခန်းဖွင့်လှစ်ကာ အချိန်ပြည့် အင်အားစိုက်ထုတ်ဆောင်ရွက်ပေးခဲ့ကြသော လုပ်ငန်းအဖွဲ့ဝင် ပညာရှင်များကိုလည်းကောင်း၊
- အကြံဉာဏ်နှင့် အတွေ့အကြုံများကို လူကိုယ်တိုင်၊ စာ၊ e-mail၊ တယ်လီဖုန်း စသည်များဖြင့် ပါဝင်အကြံပြုခဲ့ကြသော ပညာရှင်များနှင့် မိဘပြည်သူများကိုလည်းကောင်း၊
- ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်၊ ၆ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပခဲ့သည့် အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ကြသော နိုင်ငံတော်အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများစသည်ဖြင့် အလွှာအသီးသီးမှ ပညာရေးကို စိတ်ပါဝင်စားသော မိဘလုပ်သားပြည်သူအားလုံးကို လည်းကောင်း ကျေးဇူးတင်ရှိပါသည်။

စိတ်အားထက်သန်စွာပူးပေါင်းပါဝင်ဆောင်ရွက်မှုများအားလုံးကိုလည်း မှတ်တမ်းတင်ပြီး အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဆက်လက်ဆောင်ရွက်ဦးမည့် လုပ်ငန်းကဏ္ဍအလိုက် ဥပဒေ(မူကြမ်း)များ ရေးဆွဲခြင်းလုပ်ငန်းများနှင့် ထွက်ပေါ်လာမည့် ဥပဒေနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းများတွင်လည်း ပညာရှင် မိဘပြည်သူတစ်ရပ်လုံးအနေဖြင့် ယခုကဲ့သို့ အင်တိုက်အားတိုက် ပါဝင်ပံ့ပိုးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တစ်မျိုးသားလုံး၏ ပညာအရည်အသွေးမြင့်မားရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါရန် အလေးအနက် ပန်ကြားဖိတ်ခေါ်အပ်ပါသည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ

❖ ရှေ့ဖုံးမှ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှာ ပန်းဆိုးတန်း-ဒလ ရေကြောင်းလိုင်းက ခရီးသည်အများဆုံးဖြစ်တဲ့အတွက် ဒီခရီးစဉ်ကို ကူညီဖို့ သူတို့ဆုံးဖြတ်ခဲ့တာပါ”ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ပြောသည်။

တစ်ရက်လျှင် ခရီးသည် သုံးသောင်းဝန်းကျင်သွားလာမှုရှိနေသည့် ပန်းဆိုးတန်း-ဒလခရီးစဉ်တွင် ယခုလက်ရှိ ကူးတို့ရေယာဉ်လေးစင်းဖြင့် ပြေးဆွဲလျက်ရှိရာ သက်တမ်းကြာမြင့်ပြီး ခေတ်မမီတော့သည့်အတွက်သွားသည့် အမြန်နှုန်းများမှာလည်း ကျဆင်းနေသည်ဟုသိရသည်။ ထို့ပြင် ဆိပ်ခံ တံတားတစ်ခုတည်းရှိ၍ ခရီးသည်အတက်အဆင်းများသည့်အတွက် အချိန်ကြန့်ကြာမှုများရှိကြောင်း အဆိုပါခရီးစဉ်ကို နေ့စဉ်အသုံးပြုနေသူများက ဆိုကြသည်။

တစ်စင်းလျှင် လူ ၁၀၀၀ ဝန်းကျင်ဆံ့ ကူးတို့ရေယာဉ်များကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ နာကာတာနီသင်္ဘောကျင်းတွင် တည်ဆောက်လျက်ရှိရာ နှစ်စင်းမှာဆောက်လုပ်ပြီးစီး၍ ရေချနေပြီဟုလည်း သိရသည်။ အဆိုပါကူးတို့ရေယာဉ် သုံးစင်းကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ပြေးဆွဲတော့မည်ဖြစ်ပြီး ဒလဘက်ခြမ်း ဆိပ်ခံဖောတံတားများကိုလည်း မတ် ၁၂ ရက်တွင် စတင် ပန္နက်ချဆောက်လုပ်သွားမည်ဖြစ်ကြောင်း ယနေ့ Park Royal ဟိုတယ်၌ ကျင်းပသည့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Japan International Transport Institute(JITI)တို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

“အရင်က ဒီခရီးစဉ်မှာတစ်ခေါက်ကို မိနစ် ၂၀ ကြာတယ်။ အခုရေယာဉ်ကလည်း ကောင်းသွားပြီ၊ မြန်နှုန်းလည်း မြင့်လာမှာဖြစ်တဲ့အတွက် အတက်အဆင်းတံတားနှစ်စင်းနဲ့ ခရီးသည်နားနေဆောင်တွေပါတဲ့ ဆိပ်ခံတံတားတွေကို ဆောက်လုပ်ပေးဖို့ တောင်းဆိုခဲ့တာ သူတို့က ကူညီပေးခဲ့ပါတယ်” ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေကြောင်းဌာနမှူးချုပ် ဦးဝင်းသိန်းက ပြောသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ခရီးသည်စီးနင်းမှုအများဆုံးဖြစ်သည့် ပန်းဆိုးတန်း-ဒလခရီးစဉ်တွင် ကူးတို့ရေယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲသွားမည်ဖြစ်သော်လည်း စီးနင်းခနှုန်းထားများမှာ ပြောင်းလဲမည်မဟုတ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ပြောသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ၁၈၆၅ ခုနှစ်တွင် ဧရာဝတီဖလော်တီလာအမည်ဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ပုဂ္ဂလိကပိုင်တစ်ခုဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်လာပြီး အဓိကခရီးစဉ်များဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ မြစ်ဝကျွန်းပေါ်၊ မွန်နှင့် ရခိုင်ပြည်နယ်တို့တွင် ခရီးသည်နှင့် ကုန်စည်များ သယ်ယူပို့ဆောင်ပေးခဲ့သည်။ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသာမက လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများရှိ ပြည်သူတို့၏ လူမှုဘဝတိုးတက်ရေးအတွက်ပါ ဈေးနှုန်းသက်သာသည့်နှုန်းများဖြင့် သယ်ယူပို့ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **(နန္ဒာဝင်း)**

ပြည်ကြီးမလှိုင်ခိုင်မာဖို့ အခွန်တာဝန်ကျေပွန်စို့

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲတွင် သွင်းကုန်လိုင်စင်ဆောင်ရွက်နိုင်သည့် တိုးမြှင့်ကုန်ပစ္စည်းအမယ် ၁၁ မျိုးအား ထပ်မံကြေညာခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သည်လုပ်ငန်းရှင်များ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် လွယ်ကူအဆင်ပြေစေရန် သွင်းကုန်ပစ္စည်းအမယ် အမျိုး ၂၀ ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရှိ သွင်းကုန်လုပ်ငန်းဌာနခွဲတွင် လိုင်စင်များထုတ်ပေးလျက်ရှိပါသည်။ ယခုအခါ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အောက်ပါသွင်းကုန်ပစ္စည်းအမယ် ၁၁ မျိုးအား တိုးမြှင့်ကုန်ပစ္စည်းအဖြစ်ထပ်မံ၍ သွင်းကုန်လိုင်စင်ထုတ်ပေးလျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(၁) အလှကုန်ပစ္စည်းများ
(၂) တာယာ
(၃) ဆောက်လုပ်ရေးပစ္စည်းများ
(၄) မော်တော်ယာဉ်အပိုပစ္စည်းများ
(၅) မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ
(၆) စက်မှုကုန်ကြမ်းများ
(၇) စက်ဆီ၊ ချောဆီ
(၈) စက်နှင့်စက်အပိုပစ္စည်းများ
(၉) မီးစက်များ
(၁၀) ဂျင်နရေတာများ
(၁၁) ရုံးသုံးစက်ပစ္စည်းများ

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသည့် အမှတ်(၅)အဆန်၊ (၆)အစုန်အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများအားဖိတ်ခေါ်

နေပြည်တော် မတ် ၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်းပိုမိုဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကနှင့်အကျိုးတူစင်းလုံးငှားစနစ်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ အဆိုပြုလွှာတင်သွင်းနိုင်ရေးဖိတ်ခေါ်ထားသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း ပြေးဆွဲလျက်ရှိသည့် အမှတ်(၅)အဆန်၊ (၆)အစုန်အမြန်ရထားအား အကျိုးတူစင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို သုံးနှစ်ခွင့်ပြုမည်ဖြစ်ပြီး တစ်နှစ်လျှင် တစ်ကြိမ်စာချုပ်ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်သည်။ အဆိုပြုလွှာများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ မတ် ၂၄ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အဆိုပြုလွှာအတွက် အချက်အလက်များ ဖော်ပြထားသည့်လျှောက်လွှာ အဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀ ဖြင့် မတ် ၁၀ ရက်မှစ၍ မန္တလေးဘူတာကြီး အမှတ်(၃)တိုင်းမန်နေဂျာ (သွားလာရေး/တိုင်း)၊ ရန်ကုန်ဘူတာကြီးအမှတ်(၇)တိုင်း မန်နေဂျာ(သွားလာရေး/တိုင်း)နှင့် နေပြည်တော်ဘူတာကြီး မြန်မာ့မီးရထားရုံးချုပ် စီးပွားရေးဌာနတို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ဆန်စပါးမှ

တိုးတက်မြင့်မားရေးနဲ့ နိုင်ငံတော်နဲ့စိုက်ပျိုးထုတ်လုပ်သူတွေအကြားမှာ ပေါင်းကူးသဖွယ်လုပ်ဆောင်ပြီး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ဆန်စပါးထုတ်လုပ်မှုကဏ္ဍ တိုးတက်အောင်လုပ်သွားမယ်လို့ အမှုဆောင်များကိုယ်စား၊ စိုက်ပျိုးထုတ်လုပ်သူများကိုယ်စား ပြောကြားလိုပါတယ်။

ဦးစိုးဝင်း(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း)

မေး။ ။ အခုအစည်းအဝေးမှာ ထူးခြားမှုတစ်ခုအနေနဲ့ လယ်တောသူအလှမယ်ပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပမယ်လို့ သိရှိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး သိလိုပါတယ်။

ဖြေ။ ။ ဒီနေ့ အစည်းအဝေးကျင်းပရတဲ့ အကြောင်းအရင်းကတော့ မတ် ၂ရက်မှာ ကျရောက်တဲ့ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာကွန်ဗင်းရှင်းစင်တာမှာ မြန်မာလယ်ယာထွက်ကုန် တန်ဖိုးမြှင့်စက်ကိရိယာပြပွဲ ၂၀၁၄ မှာ ကျွန်တော်တို့ အသင်းရဲ့ နှစ်ပတ်လည်ညီလာခံကို ကျင်းပခြင်းဖြစ်ပါတယ်။ ဒါနဲ့အတူ မြန်မာနိုင်ငံမှာရှိတဲ့ လယ်ယာသမီးပျိုတွေရဲ့ အလှအပနဲ့ဂုဏ်သတင်းကို ဖော်ထုတ်ဖို့ရန်အတွက် လယ်တောသူအလှမယ် ပြိုင်ပွဲကိုလည်း တွဲဖက်ပြီးကျင်းပသွားမှာဖြစ်ပါတယ်။

ပြိုင်ပွဲကတော့ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပြိုင်ပွဲရဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ လယ်တောသူတွေရဲ့စွမ်းရည်နဲ့ သူတို့ရဲ့အလှအပကို ဖော်ထုတ်ချင်တဲ့အတွက် ကျင်းပခြင်းဖြစ်သလို ကျွန်တော်တို့အသင်းရဲ့ ရည်ရွယ်ချက်ကလည်း လယ်တောသူတွေရဲ့ အလှအပကိုဖော်ထုတ်ရာမှာ ယခုလက်ရှိမြန်မာနိုင်ငံမှာ ကျင်းပနေတဲ့ Miss ပြိုင်ပွဲတွေ၊ မော်ဒယ်လ်ပြိုင်ပွဲတွေနဲ့မတူဘဲ တစ်မူထူးခြားစွာပဲမြန်မာ့အလှ၊ မြန်မာ့သဘာဝကိုဖော်ထုတ်ချင်တဲ့အတွက် ဒီလိုကျင်းပရခြင်း ဖြစ်ပါတယ်။

ဆုအနေနဲ့ကတော့ ပထမဆုရတဲ့ လယ်တောသူအလှမယ်ကို ငွေကျပ်သိန်း ၅၀၊ ရွှေစင်ရွှေသားသုံးကျပ်သားခန့် တန်ဖိုးငွေကျပ် ၂၄ သိန်းကျော်ရှိ ရွှေသရဖူနဲ့ ပြည်ပလေ့လာရေးခရီးစဉ်ဖြစ်ပါတယ်။ ဒုတိယဆုအနေနဲ့ကတော့ ငွေကျပ်သိန်း ၃၀ နဲ့ ပြည်ပလေ့လာရေးခရီးစဉ်၊ တတိယဆုအနေနဲ့ ငွေကျပ်သိန်း ၂၀ နဲ့ပြည်ပလေ့လာရေးခရီးစဉ် ဖြစ်ပါတယ်။ အခြားဆုများအနေနဲ့ကတော့ Member Choise နဲ့ Photogenic ဆုတွေကိုလည်း ရွေးချယ်သွားမှာ ဖြစ်ပါတယ်။

ပြိုင်ပွဲဝင်တွေကို မြန်မာနိုင်ငံတစ်နိုင်ငံလုံးကခေါ်ဖို့အတွက် သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား အစရှိတဲ့ မီဒီယာပေါင်းစုံကနေပြီး လျှောက်လွှာတွေခေါ်ယူခဲ့ပါတယ်။ အဲဒီအခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လျှောက်လွှာပေါင်း ၁၀၀ ကျော်ရရှိပါတယ်။ ပါဝင်တဲ့ တိုင်းဒေသကြီးတွေကတော့ မန္တလေး၊ မကွေး၊ ဧရာဝတီ၊ တနင်္သာရီ၊ ရန်ကုန်တို့ ဖြစ်ပြီး ပြည်နယ်တွေကတော့ ရှမ်း၊ ကရင်၊ မွန်၊ ကချင်၊ ရခိုင် စသည်တို့ ပါဝင်ကြပါတယ်။ အဲဒီလျှောက်ထားသူတွေထဲက ပြန်လည်ရွေးချယ်ထားတဲ့ လယ်တောသူ ၄၃ ဦး အခုပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အဲဒီ ၄၃ ဦးထဲက ဒီနေ့ပြိုင်ပွဲမှာ ၂၄ ဦးကို ရွေးချယ်မှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲကို တကယ့်လယ်ယာခွင်က သမီးပျိုလေးတွေ လာရောက်ယှဉ်ပြိုင်တာ တွေ့ရပါတယ်။ သူတို့ရဲ့ အနုပညာ အရည်အသွေးနဲ့ အရည်အချင်းတွေကို တစ်နိုင်ငံလုံးကို မီဒီယာကတစ်ဆင့် တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေ့ကျင်းပတဲ့ပွဲက မြန်မာ့ရိုးရာ မြန်မာ့ယဉ်ကျေးမှုစစ်စစ်နဲ့ မြန်မာ့လယ်တောသူအလှကို ထုတ်ဖော်ပြသခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။

မေး။ ။တောင်သူလယ်သမားတွေကို အသင်းက ဘယ်လိုပံ့ပိုးကူညီသွားမလဲဆိုတာကို သိလိုပါတယ်။

ဖြေ။ ။ကျွန်တော်တို့အသင်းရဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားတွေအတွက်နည်းပညာ၊ အထောက်အပံ့များ၊ စက်မှုကိရိယာအထောက်အပံ့၊ မျိုးစေ့နဲ့ သူတို့လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီနေ့တက်လာတဲ့အသင်းဝင်တွေကို လယ်ထွန်စက်တို့၊ လယ်ယာနဲ့ပတ်သက်တဲ့ပစ္စည်းတွေကို မဲဖောက်ပြီးတော့ ပေးမှာဖြစ်ပါတယ်။

မေး။ ။ တောင်သူလယ်သမားတွေ စိုက်ပျိုးရာမှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို သိလိုပါတယ်။

ဖြေ။ ။လောလောဆယ်တွေ့ကြုံနေရတဲ့ အခက်အခဲက နည်းပညာအခက်အခဲရယ်၊ စိုက်ပျိုးရာမှာ ဓာတ်မြေဩဇာကို အလွန်အကျွံသုံးစွဲတာတွေ တွေ့ရပါတယ်။ အဲဒီအတွက် ကျွန်တော်တို့အခုလို နည်းပညာတွေ အသိပညာတွေ မျိုးစေ့မျိုးကောင်းတွေ ဖြန့်ဖြူးပေးနိုင်ခြင်းဖြင့် သူတို့ရဲ့ ထုတ်ကုန်တွေမှာ ဓာတ်မြေဩဇာ အလွန်အကျွံသုံးစွဲတာတွေ လျော့လာမယ်။ သီးနှံအထွက်နှုန်းတွေ တိုးလာမယ်။ လူအားချည်းမဟုတ်ဘဲ စက်ကိရိယာ ပံ့ပိုးမှုအားတွေနဲ့ ဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့အတွက် သူတို့တွေရဲ့ ကုန်ထုတ်စွမ်းအားကလည်း ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။

ဦးအောင်ဇော်ဦး (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်း)

မေး။ ။အခုလို ပြပွဲနဲ့ဆွေးနွေးပွဲတွေက ရရှိမယ့် အကျိုးကျေးဇူးတွေကို သိလိုပါတယ်။

ဖြေ။ ။ဒီလိုပြပွဲမျိုးဟာ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးမှာ တကယ့်ကို အရေးကြီးတဲ့ အခန်းကဏ္ဍက ဖော်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဘာလို့လဲဆိုရင် ဒီနေ့ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူအားလုံး စုံစုံညီညီရောက်ရှိနေတဲ့အတွက် လယ်ယာသုံးစက်ကိရိယာတွေရဲ့ စွမ်းဆောင်ရည်တွေ၊ အခြောက်ခံစက်တွေ၊ အဆင့်မြင့်ဆန်စက်တွေရဲ့ စွမ်းဆောင်ရည်တွေကို သိရှိနားလည်လေ့လာနိုင်ပြီး နောင်သူတို့ရဲ့ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ပို၍တန်ဖိုးမြင့်ပြီး အရည်အသွေးကောင်းတဲ့ ဆန်စပါးတွေထုတ်လုပ်နိုင်ဖို့အတွက် ဒီလိုနည်းပညာမြင့်တဲ့ စက်ကိရိယာတွေကို အလွယ်တကူ သုံးနိုင်တယ်ဆိုတာကို နားလည်ပြီး နောင်အနာဂတ် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုမှာ အကောင်းဆုံးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ပြပွဲအပြင် ဆွေးနွေးပွဲတွေ စီစဉ်ထားတာ တွေ့ရပါတယ်။ ဆွေးနွေးပွဲတွေမှာဆိုရင် ဆန်စပါးလုပ်ငန်းမှ ပညာရှင်ကြီးတွေ၊ စိုက်ပျိုးရေးတက္ကသိုလ်က အငြိမ်းစားပါမောက္ခကြီးတွေကိုယ်တိုင်ပါဝင်ပြီး စိတ်ပါဝင်စားတဲ့ လယ်သမားတွေရော၊ စိုက်ပျိုးထုတ်လုပ်တဲ့သူတွေရော၊ ကြိတ်ခွဲတဲ့သူတွေရော၊ ရောင်းချတဲ့သူတွေရော ပါဝင်မှာဖြစ်တဲ့အတွက် ဒီဆွေးနွေးပွဲတွေရဲ့ ဆွေးနွေးချက်တွေဟာ ဆန်စပါးထုတ်လုပ်မှုမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မယ်လို့ မြင်ပါတယ်။

ဦးဝေယံတင့်ဆန်း(သန်လျင်မြို့နယ်မှ လယ်သမားတစ်ဦး)

မေး။ ။အခုလို တက်ရောက်လေ့လာတဲ့အခါ ဘယ်လိုအကျိုးကျေးဇူးတွေများ ရသလဲဆိုတာသိလိုပါတယ်။

ဖြေ။ ။ဒီလိုပွဲမျိုးကို လာရတဲ့အခါ လယ်သမားတွေအတွက် စိုက်ပျိုးရေးကအစ လယ်ထွန်နည်းပညာတွေ၊ စပါးရိတ်သိမ်းခြွေလှေ့စက်တွေ၊ ဆန်စက်တွေကအစ အားလုံးလေ့လာနိုင်ပါတယ်။ ဒီလို တစ်နေရာတည်းမှာ တစုတဝေးတည်း လေ့လာနိုင်တဲ့အတွက်ကြောင့် အချိန်ကြာမြင့်စွာ လေ့လာရန် မလိုတဲ့အတွက် ကျွန်တော်တို့ လယ်သမားတွေအတွက် အကျိုးဖြစ်ထွန်းပါတယ်။ ဒါ့အပြင် နည်းပညာဟောပြောပွဲတွေပါတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အချိန်တိုအတွင်းမှာ သိချင်တာတွေကို အလွယ်တကူ သိနိုင်မေးနိုင်ပါတယ်။ ရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်စတဲ့ မဖြစ်မနေအသုံးပြုရမယ့် စက်ကိရိယာတွေကို ဒီမှာတစ်ထိုင်တည်း ဝယ်လို့ရတယ်။ အကြွေးဝယ်မယ်ဆိုရင်လည်း ဝယ်ခွင့်တွေ လုပ်ပေးတဲ့အတွက် ကျွန်တော်တို့ လယ်သမားတွေအတွက် အများကြီးအကျိုးဖြစ်ထွန်းစေပါတယ်။

❒ ကျောဖုံးမှ

အနားပေးထားသော်လည်း လူစုံနီးပါးပါဝင်ခဲ့ပြီး ခြေစွမ်းမပြနိုင်ခြင်း၊ အဆုံးသတ်ဂိုးသွင်းမသေချာခြင်းတို့ကြောင့် နှစ်ပွဲဆက်နိုင်ပွဲပျောက်ခဲ့ရခြင်းဖြစ်သည်။ တန်းတက် GFA အသင်းမှာ ငါးပွဲဆက် ရှုံးပွဲကြုံတွေ့ထားရာမှ ပထမဆုံး အမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း ပုံမှန်ခြေစွမ်းပျောက်နေခြင်းကြောင့် GFA နောက်တန်းထိန်းကစားနိုင်ခဲ့သည်။ ရန်ကုန်အသင်းအားသန်သည့် တောင်ပံနှစ်ဖက်ကို ထိန်းချုပ်နိုင်ခဲ့သလို ရှေ့တန်းမှ ဆီဇာနှင့် ကျော်ကိုကိုတို့လည်း ဂိုးပေါက်ပျောက်ခဲ့၍ GFA အသင်းအမှတ်ရခဲ့ခြင်း ဖြစ်သည်။

[ယနေ့ပွဲ]

(အောင်ဆန်းကွင်း)	ဧရာဝတီ-နေပြည်တော်
(သုဝဏ္ဏကွင်း)	Southern -ချင်း
(ဗထူးကွင်း)	ရတနာပုံ-မကွေး





Invitation to Open Tender

1. Opened Tenders are invited by Myanma Radio and Television, Ministry of Information, for the following machinery to be purchased in foreign currency (USD) and local currency (Kyats):-

(a) DVB-T2 Transmitter(USD)	56 Sets
(b) Radio FM Transmitter(USD)	25 Sets
(C) Fiber Line Installation (Kyat)	17 Stations
(D) Fiber Equipment(Kyat)	20 Stations
(E) 50 KW SW Transmitter(USD)	1 Set

2. Opened Tender Forms are available from(7-3-2014) till(26-3-2014)daily between (9:30 A.M to 4:30 P.M) at Myanma Radio and Television, Nay Pyi Taw(Tatkone).
3. Opened Tenders are to be submitted in the presence of the tender members on the 28-3-2014 between (9:30 A.M to 4:30 P.M)at Myanma Radio and Television, Nay Pyi Taw(Tatkone). Those tenders exceeding the closing date will not be taken into consideration.
4. Rules regarding the opened tender forms; list of machinery and details are available at the following address.

Machinery Purchasing Committee
Myanma Radio and Television,Nay Pyi Taw
Ministry of Information
Ph-067-79483, 067-79135,067-79411

စာမျက်နှာ ၆ မှ

ထိုကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ကောင်း၊ မကောင်း ထပ်မံခွဲခြားထားရှိသည်။ ကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို "ကောင်းသောအလုပ်" (ကုသလ ကမ္မပထ)ဟုသတ်မှတ်ပြီး မကောင်းသောကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ ကို "မကောင်းသောအလုပ်" (အကုသလကမ္မပထ) ဟုသတ်မှတ်သည်။

ထို မကောင်းသောအလုပ်တို့ဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုလျှင် အကုသိုလ် ဖြစ်သည်။ မကောင်းသော အသက်မွေးဝမ်းကျောင်းမှုများမှရရှိသော ဝင်ငွေသည် သန့်ရှင်းစင်ကြယ်သော သမ္မာအာဇီဝမဖြစ်ပေ။

မြတ်ဗုဒ္ဓ၏ သဂါထာဝဂ္ဂသံယုတ်ဂန္ထတွေနသုတ်၌ ဝိသမလောဘကို သတိတရားနှင့် ဆင်ခြင်၊အသိပညာဖြင့် ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ဟောပြောညွှန်ပြဆုံးမခဲ့ပုံကို သာဓကတစ်ခုတင်ပြလိုပါသည်။ တစ်ခါက ရဟန်းတစ်ပါးသည် ဆွမ်းခံအပြန် ရေကန်ထဲ၌ရေချိုးနေစဉ် ကြာပန်းရနံ့ကို အနံ့ခံနေမိလေ၏။ သို့သောအခါ ထိုကြာပန်း၏ ဂန္ဓာရုံ၌ငြိတွယ်ကာ သာယာတပ်မက်သော စိတ်သည်တစ်ဒင်္ဂဖြစ်ပေါ်နေလေသည်။ ထိုအခါ နတ်သားတစ်ပါးက- "အရှင်ရဟန်းသူတစ်ပါးမပေးလှူဘဲ ကြာပန်းကိုအဘယ်ကြောင့်ခိုး၍ နမ်းရှိုက်နေရပါသနည်း။ ရဟန်းတစ်ပါးအနေဖြင့် ကြာပန်းကို တိတ်တခိုးနမ်းရှိုက်နေသည်မှာ သင့်လျော်၏လော။ ဤလုပ်ရပ်မှာခိုးခြင်းတစ်မျိုးဖြစ်နေပါသည်။ တစ်နည်းဆိုပါက အနံ့သူခိုးဖြစ်နေပါသည်"ဟုလျှောက်ထားလိုက်သည်။

ထိုအခါရဟန်းက- "ကြာစွယ်များကိုတူးဆွ၊ ကြာပန်းများကို ချိုးနေသူတွေကျတော့ အသင်နတ်သားက မည်သို့မျှအပြစ်မတင်ဘဲ ကြာပန်းရနံ့ကိုခံရုံမျှကလေးနှင့်ပင် ကျွန်ုပ်အားအဘယ်ကြောင့် အနံ့သူခိုးဟု စွပ်စွဲနေရပါသနည်း။ လူ့လောကတွင် ဆန်ခိုးမမိ၊ ဖွဲခိုးမိဆိုသလိုဖြစ်နေပါပြီ။ ပြည့်စုံနေပါလျက် ဆန်ခိုးနေသူများကို ဖမ်းမမိဘဲ စားစရာအလျဉ်းမရှိ၍ ဖွဲသူခိုးကိုမိရုံနှင့် ပြစ်ဒဏ်ကျခံရသကဲ့သို့ဖြစ်နေတော့သည်" ဟုပြန်လည်မေးမြန်းလိုက်သည်။

ထိုအခါနတ်သားက"အရှင်ရဟန်းကြေညော်ပေရေနေသော လက်နှီးစုတ်ကဲ့သို့ အပြစ်များစွာကျူးလွန်နေသူများကို ပြောဖို့မလိုတော့ပါ။ သူတို့တရားသူတို့စီရင်ပါလိမ့်မည်။ အရှင်ရဟန်းကဲ့သို့ ကိုယ်ကျင့်တရားဖြူစင်သန့်ရှင်းကြသူများအတွက် ညစ်နွမ်းသွားမည်ကိုစိုးရိမ်မိ၍ယခုကဲ့သို့လာရောက်သတိပေးပြောကြားရခြင်းဖြစ်ပါသည်" ဟုပြောသောအခါရဟန်းက- "ကျွန်ုပ်အားအခါခပ်သိမ်း မချို့ယွင်းရအောင် မမှားမိအောင် ယခုကဲ့သို့သတိပေးပြောကြားသည်ကို အလွန်ကျေးဇူးတင်ပါသည်။ နောက် နောင်တွင်လည်း အချိန်မရွေးသတိပေးပါ"ဟု ပြန်လည်ပြောကြားခဲ့သည့် သာဓကမှာ လိုက်နာကျင့်သုံးဖွယ်ပင်ဖြစ်ပါသည်။

အဂတိတရားသည် ချိုမြိန်ဟန်ရှိသော အဆိပ်သီးနှင့် တူလှသည်။ မိမိကိုယ်မိမိ ငှက်ပျောပင်တွင် အသီးသီး၍ သေရသည့်အဖြစ်မျိုး မဖြစ်စေသင့်ပါ။ ယခုအခါ နိုင်ငံတော်အစိုးရက "အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ (၇)၊ ပုဒ်မ(၉)၊ ပုဒ်မ(၁၀)တို့ပါ ပြဋ္ဌာန်းချက်များအရ "လာဘ်ပေးလာဘ်ယူ ပပျောက်ရေးကော်မရှင်" (Anti Bribery Commission) ကို အမိန့်အမှတ် ၆/ ၂၀၁၄ ဖြင့် ဖွဲ့စည်းဆောင်ရွက်တော့မည်ဖြစ်၍ "ကောင်းမွန်သော အုပ်ချုပ်မှု(Good Governance) အတွက် တိုင်းတာဖော်ထုတ်မည့် ပြဒါးတိုင်သဖွယ် ထင်မြင်မိပါသည်။ သို့မှသာလျှင် ကောင်းမှုမြတ်နိုးကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌တည်စေမင်းဟူသော အသိစိတ်ခံယူချက်နှင့်အတူ ရိုးသားနိုးကြားစွာ ကြိုးစားနေကြသည့် ဝန်ထမ်းကောင်းများနှင့် ဘနဖူး သိုက်တူးလိုသည့် ရလေလိုလေ အိုတစ္ဆေဝန်ထမ်းဆိုးများသည် ပြဒါးတစ်လမ်းသံတစ်လမ်းသဖွယ် ကွဲပြားခြားနားစွာ ပေါ်ထွက်လာမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

မန်းရွှေစက်တော်ဘုရားကြီးဂေါပကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒခံယူ

မင်းဘူး မတ် ၇

မြန်မာနိုင်ငံ၏ အထင်ကရဖြစ်သော မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားကြီး၏ ဂေါပကအဖွဲ့ ပြုပြင်ပြောင်းလဲဖွဲ့စည်းရေးအတွက် မန်းရွှေစက်တော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်ကြီးများ၏ ဩဝါဒခံယူပွဲကို မတ် ၃ ရက် နံနက်က မင်းဘူးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေတွင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်သည်။

ထို့နောက် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး မန်းရွှေစက်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က မန်းရွှေစက်တော် ဂေါပကဖွဲ့စည်းပုံကို ၁၉၈၃ ခုနှစ် ဒီဇင်ဘာလမှာ ရေးဆွဲခဲ့ပြီး ဂိုဏ်းစည်းမျဉ်းများနှင့်အညီ ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး အစိုးရဝန်ထမ်း ငါးဦး၊ အစိုးရဝန်ထမ်းမဟုတ်သော လူပုဂ္ဂိုလ် ၁၅ ဦးနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အစိုးရဝန်ထမ်းငါးဦးအား ဂေါပကအဖွဲ့မှ နုတ်ထွက်ခွင့်ပြုပါရန်နှင့် အသစ်ဖွဲ့စည်းရန် လျှောက်ထားသည်။ ဆက်လက်၍ မြို့နယ်သာသနာရေးမှူး ဦးကျော်ဆွေက နိုင်ငံတော်သံဃနာယကအဖွဲ့၏ ညွှန်ကြားလွှာ ၃၆ အရ ရွှေစက်တော်ဘုရားကြီးဂေါပကအဖွဲ့ကို ဒေသအာဏာပိုင်က ကြီးကြပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီးများထံမှဩဝါဒခံယူပြီး အစိုးရဝန်ထမ်းမဟုတ်သူ အရပ်ဘက်ဂေါပကအဖွဲ့ဝင် ၁၅ ဦးထဲမှ ဦးမျိုးမြင့်(ဥက္ကဋ္ဌ)၊ ဦးငွေးမြင့်သိန်း(အတွင်းရေးမှူး)နှင့် ဦးမြင့်သိန်းထွန်း(တွဲဖက်အတွင်းရေးမှူး)၊ ဂေါပကအဖွဲ့ဝင် ၁၄ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကာ ဆရာတော်ကြီးများ၏ မေတ္တာရပ်ခံချက်အရ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့် က ကြီးကြပ်သူအဖြစ် လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တိန်းချေတိန်းစံကျေးရွာအုပ်စု နောက်ကတ်ကျေးရွာ ခတ္တိယရာမကျောင်းဝင်းအတွင်း တည်ထားသည့် သက်တော်ရှည်စေတီတော်ကြီး၏ ရွှေဟောင်းရုပ်ပွားတော် (၁၉)ဆူအား ဌာပနာတိုက်တော်သွင်း မင်္ဂလာနှင့် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို မတ် ၆ ရက်က ယင်းကျောင်းတိုက်ဝင်းအတွင်း၌ ကျင်းပစဉ်။

စိုင်း(သီပေါ)

ပခုက္ကူ၌ မျက်စိဝေဒနာရှင် ၁၀၀၀ ကျော်အား အခမဲ့ကုသ

ပခုက္ကူ မတ် ၇

မေတ္တာအလင်းမျက်စိကုသနှင့် အထွေထွေရောဂါဆေးခန်း(ပခုက္ကူ)၌ မျက်စိဝေဒနာရှင်များအား ပြင်ပလူနာအဖြစ် စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော မျက်စိဝေဒနာရှင်များအား ပခုက္ကူဆေးရုံကြီး မျက်စိစမ်းသပ်ဌာန၌ မျက်စိဝေဒနာရှင်များအား ဒေသခံမျက်စိအထူးကုဆရာဝန်ကြီးများက ခွဲစိတ်ကုသပေးခဲ့သည်။ ဖေဖော်ဝါရီလ အတွင်းက စတုတ္ထအကြိမ်ခွဲစိတ်ကုသမှုပေးခဲ့ပြီး အဆိုပါ မေတ္တာအလင်းဆေးခန်းကို ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်(အလယ်တိုက်)မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိစာရ(ပခုက္ကူဆရာတော်)၏ ဩဝါဒခံယူပြီး စိတ်ထားဖြူစင်ပါရမီရှင်အဖွဲ့မှမတည်၍ ရှိုင်းဟုပ်ကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် ကျပ်သိန်းပေါင်း ၆၀၀ ကျော်အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထိုမေတ္တာအလင်းဆေးခန်း(ပခုက္ကူ)၌ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှစပြီး (အင်္ဂါ၊ သောကြာ)နေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ၃ နာရီထိ အထွေထွေရောဂါများကို ဒေသခံဆရာဝန်၊ ဆရာမများက အခမဲ့ကုသမှုကို ပြုလုပ်ပေးလျက်ရှိသည်။ ဆေးကုသရက်များကိုတိုးမြှင့်ကုသရန် အစီအစဉ်များရှိပြီး စိတ်ထားဖြူစင်ပါရမီရှင်အဖွဲ့၏ မေတ္တာအလင်း ဆေးခန်း (ပခုက္ကူ)သို့ ရပ်ဝေးရပ်နီးမှ စိတ်ပါဝင်စားစွာပါဝင်လှူဒါန်းလိုသူများ ဖုန်း- ၀၉-၅၀၂၅၀၆၁၊ ၀၉- ၈၆၁၆၆၁၁၊ ၀၉-၇၃၂၂၅၅၅၇၊ ၀၉-၇၃၀၁၉၄၅၅၊ ၀၉-၂၅၄၁၉၃၀၅၂၊ ၀၁-၆၅၅၈၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



သမဝါယမဝန်ကြီးဌာန

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ်(သန်လျင်)နှင့်သမဝါယမကောလိပ်(ဖောင်ကြီး)တို့တွင် အောက်ဖော်ပြပါ လုပ်ငန်း များဆောင်ရွက်ရန်နှင့် ပစ္စည်းဝယ်ယူရေးအတွက် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ် ဆိုဆောင်ရွက်လိုပါသည်-

(က) သမဝါယမတက္ကသိုလ်(သန်လျင်)တွင် 315 KVA ထရန်စဖော်မာဝယ်ယူ တပ်ဆင်ခြင်းလုပ်ငန်း၊ Wifi System Up grading/Fiber Cabling ဆက်သွယ်မှုလုပ်ငန်း၊ အစည်းအဝေးခန်းမသုံး ကျွန်းစားပွဲရှည်နှင့် ကုလားထိုင်များ၊ ကျွန်းဗီရိုများ ဝယ်ယူခြင်း၊ အစည်းအဝေးခန်းမ ကော်ဇောခင်းခြင်းလုပ်ငန်း၊

(ခ) သမဝါယမကောလိပ်(ဖောင်ကြီး)တွင် Language Lab ဆောင်ရွက်မှုလုပ်ငန်း၊

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၃-၂၀၁၄ရက်မှ ၁၄-၃-၂၀၁၄ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအထိ ရုံးဖွင့်ရက်အတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၃-၂၀၁၄ရက် ၁၂း၀၀နာရီမှ ၁၃း၀၀နာရီအတွင်းသမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော် ရှိတင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

သမဝါယမဝန်ကြီးဌာန၊တင်ဒါကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ်(၁၆)၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၀၂၄၊ ၀၆၇-၄၁၀၀၄၀

Terminator ဇာတ်ကားသစ်တွင် ထပ်မံမြင်တွေ့ရမည့် မင်းသားကြီးအာနိုး

အက်ရှင်မင်းသားကြီး အာနိုးက အသစ်ထွက်ရှိလာမည့် Terminator ဇာတ်ကားသစ်ကို ပိုမိုထူးဆန်းအံ့ဩဖွယ်ရာအဖြစ် ဖန်တီးသွားမည်ဟု ပရိသတ်များကို ကတိပေးထားခဲ့ကြောင်း သိရသည်။

အာနိုးသည် ယင်းဇာတ်ကားသစ်တွင် Terminator: Genesis ဇာတ်ကားမှ cyborg ဇာတ်ရုပ်ကို ပြန်လည်အသက်သွင်းသွားမည်ဖြစ်ကြောင်းနှင့် ယင်းဇာတ်ကားနှင့်ပတ်သက်သည့် အချက်အလက်များကို The Arnold Fans.com ဝက်ဘ်ဆိုက်တွင် ပရိသတ်များအား မျှဝေသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ဒီအခွင့်အရေးကိုစောင့်နေခဲ့တာကြာပါပြီ။ အရင် Terminator ရိုက်တုန်းက ကျွန်တော်ကပြည်နယ်အုပ်ချုပ်ရေးမှူးတာဝန်ယူထားတဲ့အတွက် သိပ်အာရုံမစိုက်နိုင်ဘူး၊ အခု ဇာတ်ကားမှာတော့ ပရိသတ်တွေအတွက် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်အောင် ရိုက်ကူးသွားမှာပါ၊ ဇာတ်ကားရဲ့ ဇာတ်ညွှန်းပိုင်းလည်း အားလုံးပြီးစီးနေပြီဖြစ်တဲ့အတွက် အကောင်းဆုံးဖြစ်အောင် စတင်ရိုက်ကူးဖို့ စိတ်အားထက်သန်နေပါတယ်"ဟု အာနိုးကဆိုသည်။

ယင်းဇာတ်ကားကို ဧပြီလလယ် သို့မဟုတ် လကုန်ပိုင်းတွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး လေးလမှ လေးလခွဲအထိ ကြာမြင့်နိုင်ကြောင်း၊ နယူးအော်လန်၊ ဆန်ဖရန်စစ္စကိုတွင် အဓိကရိုက်ကူးမည်ဖြစ်ပြီး လော့စ်အိန်ဂျလိစ်ရှုခင်းအနည်းငယ်လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မင်းသားကြီး အာနိုးသည် Terminator ဇာတ်ကား သုံးကားတွင် ပါဝင်ခဲ့ပြီး ၂၀၀၉ ခုနှစ်က ထွက်ရှိခဲ့သည့် Terminator Salvation တွင် ပါဝင်ခြင်းမရှိခဲ့ဘဲ ယခု ဇာတ်ကားသစ်တွင် ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

တရုတ်အချစ်ဇာတ်လမ်းတွင် ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်မည့် ရိန်း

တောင်ကိုရီးယားကြယ်ပွင့် ရိန်းက ၎င်း၏ ပထမဆုံးအကြိမ်အနေဖြင့် တရုတ်ရုပ်ရှင်ဇာတ်ကား Beauty's Dew တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ပီးပဲလ်နယူးစ် အေဂျင်စီ၏ သတင်းဖော်ပြချက်အရ ၂၀၀၆ ခုနှစ်က ဟောင်ကောင်စာရေးဆရာ တစ်ဦး၏ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ပြန်လည်အသက်သွင်းထားသည့် အဆိုပါတရုတ် အချစ်ဇာတ်လမ်းတွင် ရိန်းအနေဖြင့် ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ရိန်း၏ အေဂျင်စီမှ မတ် ၄ ရက်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် ရိန်း၏ ချစ်သူ ကင်မ်တေဟီးနှင့် ရုပ်ချင်းဆင်တူပြီး တရုတ်နိုင်ငံ၏ ကင်မ်တေဟီးဟု တင်စားခေါ်ဝေါ်ကြသည့် တရုတ်မော်လ်ဒယ်နှင့် မင်းသမီးချော Crystal Liu က ရိန်းနှင့်အတူ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကာ နာမည်ကြီးကုမ္ပဏီတစ်ခု၏ တစ်ဦးတည်းသောအမွေဆက်ခံသူနှင့် အနုပညာကို ဝါသနာပါသူ လူငယ်တစ်ဦးက သာမန်အမျိုးသမီးတစ်ဦးကို ချစ်ကြိုက်မိသည့် အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

Beauty's Dew ဇာတ်ကားကို ယခုလလယ်ပိုင်းတွင် တရုတ်နိုင်ငံ ရှန်ဟိုင်း၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

မွေးနေ့ပွဲကို တိတ်ဆိတ်စွာကျင်းပခဲ့သည့် ဂျက်စတင်ဘီဘာ

ကာလအတန်ကြာ ကံဆိုးမှုများနှင့် ကြုံတွေ့နေခဲ့ရသည့် ကနေဒါဂီတကြယ်ပွင့် တေးသံရှင် ဂျက်စတင်ဘီဘာက ၎င်း၏ ဆယ်ကျော်သက်ဘဝကို မတ်လ ၁ ရက်က ဂျော်ဂျီယာရှိ နေအိမ်၌မိသားစုနှင့် အကျဉ်းရုံး မွေးနေ့ပွဲ ကျင်းပကာ အဆုံးသတ်ခဲ့ပြီဖြစ်သည်။

အပေါင်းအသင်းအချို့က မွေးနေ့ဆုတောင်းလွှာများကို တွစ်တာမှ တစ်ဆင့်ပေးပို့ခဲ့ကြပြီး ဘီဘာက ယင်းတို့ အားလုံးကို ချိုသာစွာဖြင့်သာ တုံ့ပြန်ဖြေကြားခဲ့သည်။ ဗြိတိန်နိုင်ငံထုတ် The Mirror သတင်းစာ၏ သတင်းထုတ်ပြန်ချက်အရ တရားရုံးမှ ဆင့်ခေါ်စာမရရှိမီက ဘီဘာသည် ၎င်း၏ မွေးနေ့ပါတီကို အပေါင်းအသင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်ထားသော်လည်း ဇန်နဝါရီလအတွင်းက သက်တမ်းလွန်ယာဉ်မောင်းလိုင်စင်ဖြင့် ကားမဆင်မခြင်မောင်းနှင်မှုကြောင့် တရားရုံးမှဒဏ်ငွေပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး တိုရွန်တိုတွင်လည်း ကိုယ်ထိလက်ရောက်တိုက်ခိုက်မှုကြောင့် ဒဏ်ငွေချမှတ်ခြင်း ခံထားရသည်။

ဘီဘာသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ဂီတလောကမှအနားယူကြောင်း တွစ်တာမှတစ်ဆင့် တရားဝင်ကြေညာခဲ့သော်လည်း ၎င်း၏အေဂျင်စီမှ ယင်းကြေညာချက်ကို ကန့်ကွက်ခဲ့ကြောင်း သိရသည်။

Maleficent ဇာတ်ကားတွင် ပါဝင်မည့် ဂျိုလီတို့သားအမိ

ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီက သူ၏ဇာတ်ကားသစ်ဖြစ်သည့် Maleficent ဇာတ်ကားတွင် သမီးငယ်ဖြစ်သူ Vivienne အား ထည့်သွင်းထားကြောင်း သိရသည်။

အဆိုပါ Maleficent ဇာတ်ကားတွင် မကောင်းဆိုးဝါးဇာတ်ရုပ်အဖြစ် သရုပ်ဆောင်သည့် ဂျိုလီဝတ်ဆင်သော အနက်ရောင်ဝတ်စုံကို အခြားကလေးသရုပ်ဆောင်များက လွန်စွာကြောက်လန့်နေကြသဖြင့် သမီးဖြစ်သူကို ထည့်သွင်းထားခြင်းဖြစ်ကာ ဂျိုလီ၏ သမီးငယ် Vivienne က ယင်းဇာတ်ကားတွင် အော်ရိုရာ မင်းသမီးလေး၏ ငယ်ဘဝ ကလေးသရုပ်ဆောင်အဖြစ် ပါဝင်ထားသည်။

ယင်းဇာတ်ကားတွင် ဂျိုလီက မကောင်းဆိုးဝါး ဗီလိန်တစ်ဦးအဖြစ် ပါဝင်ထားပြီး အော်ရိုရာမင်းသမီးလေးအဖြစ် အမေရိကန်ဆယ်ကျော်သက်မင်းသမီး Elle Fanning က သရုပ်ဆောင်ထားကာ ယင်း၏ငယ်ဘဝအဖြစ် ဂျိုလီ၏ သမီးငယ် Vivienne က သရုပ်ဆောင်ထားသည်။

စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည့် ယင်းဇာတ်ကားသည် ၁၉၅၉ ခုနှစ်က ဝေါ့ထ်ဒစ်စနေး၏ Sleeping Beauty အန်နီမေးရှင်း ဇာတ်ကားကို ပြန်လည်အသက်သွင်းထားခြင်းဖြစ်ကာ ယင်းဇာတ်ကားကို မေလကုန်တွင် ရုပ်ရှင်ရုံများ၌ စတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပွဲရုံရောင်းမည်
အမှတ်-င/၆၊ ရေတမာလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ အလျားပေ ၂၀၊ အနံပေ ၆၀
Ph:09400304538, 09250196461, 01511047

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄ စက်မှုဇုန်၊ မြေကွက်အမှတ်(၈၄+၈၅)၊ မြေကွက်တည်နေရာအမှတ်(၈၄+၈၅)၊ ပန်းလှိုင်လမ်း၊(၆၄-စက်မှု)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ဦးခင်မောင်ချို)[၁၂/လမတ(နိုင်)၀၁၃၂၄၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြည်ဖေ(ခ)ကျို့ဝှက်[၁၂/လမတ(နိုင်)၀၁၅၇၇၀]၊ ဦးခင်မောင်ချို ဦးကြည်ဖေ(ခ)ကျို့ဝှက်ထံမှ SPအမှတ်-၆၄၇/၇-၁-၁၄ ရသူ ဦးဝင်းဒင်[၁၂/ရကန(နိုင်)၀၄၇၉၉၀]က (၂၀၀၇)ခုနှစ် ထုတ်ယူခဲ့သော မေတ္တာဖြင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံမူရင်းသည် အပိုင်ပေးစာချုပ်ချုပ်ဆိုအသုံးပြုခဲ့ခြင်းမရှိဘဲ အမှန်တကယ်ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာတင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်
ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ် လမ်းမတန်း၊ (ထောင့်ခန်း) ပေ(၃၀×၅၀) (၄)လွှာ/1MBR/ 1BR/Lift အဆင့်မြင့်ပြင်ဆင်ပြီး အသင့်နေနိုင်သည်။
ဖုန်း-၀၉-၂၅၀၄၉၇၇၉၀



မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်းသည့်ရှင်းလင်းပွဲကျင်းပ

ရန်ကုန်　မတ်　၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ ဧရာဝတီဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ မြဝတီဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် အင်းဝဘဏ်တို့က အဓိကကူညီပံ့ပိုးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို မတ် ၄ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Centre Hotel (Jade Hall) ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးမင်းသိန်း၊ ဦးတင့်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်တို့နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာပီဂျီအေ ဒုတိယဥက္ကဋ္ဌ ဦးချမ်းဟန်က ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်(Myanmar Golf Tour 2014) ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းသမားများ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မြန်မာပီဂျီအေ ဒုတိယဥက္ကဋ္ဌ ဦးချမ်းဟန်တို့က ပြန်လည်ရှင်းလင်းပြောကြားသည်။

ဧရာဝတီဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို ၂၀၁၄ ခုနှစ် မတ် ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ ရွိုင်ရယ်မြန်မာဂေါက်ကလပ်တွင်လည်းကောင်း၊ မေ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်တွင် ကျင်းပမည့် ဒုတိယပွဲစဉ်အား ယူနိုက်တက်အမရာဘဏ်မှလည်းကောင်း၊ ဇွန် ၁၉ ရက်မှ ၂၂ ရက်အထိ ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပမည့် တတိယပွဲစဉ်ကို မြဝတီဘဏ်မှလည်းကောင်း၊ ဩဂုတ် ၇ ရက်မှ ၁၀ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည့် စတုတ္ထပွဲစဉ်ကို မြဝတီဘဏ်မှလည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ပုဂံရှိ ပုဂံဂေါက်ကွင်း၌ ကျင်းပမည့် ပဉ္စမပွဲစဉ်အား အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်မှ လည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ နေပြည်တော်ရှိ ရွိုင်ရယ်မြန်မာဂေါက်ကလပ်၌ ကျင်းပမည့် ဆဋ္ဌမပွဲစဉ်အား အင်းဝဘဏ်မှ လည်းကောင်း အသီးသီးကူညီပံ့ပိုးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲကျင်းပမည့်မြို့များသို့ သွားလာရေး အဆင်ပြေစေရန် အစီအစဉ်များ ဆောင်ရွက်ထားကြောင်း သိရသည်။

(ကြေးမုံ)

ဘယ်ခြေဒဏ်ရာရခဲ့သည့် ကွင်းလယ်ကစားသမား ဝီရှိုင်းယား အနည်းဆုံးသီတင်းခြောက်ပတ်အနားယူရမည်

အာဆင်နယ်နှင့် အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဝီရှိုင်းယားသည် ဘယ်ခြေဒဏ်ရာရရှိခဲ့ခြင်းကြောင့် အနည်းဆုံးသီတင်းခြောက်ပတ် အနားယူရမည်ဖြစ်ကြောင်း သိရသည်။ အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျက်ဝီရှိုင်းယားသည် အင်္ဂလန်အသင်းက ဒိန်းမတ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ဒိန်းမတ်အသင်းမှ လီဗာပူးကစားသမားဒန်နီယယ်အက်ဂါနှင့် ဘောလုံးယှဉ်လုရာမှ ဒဏ်ရာရရှိခဲ့ခြင်းလည်းဖြစ်သည်။

ထိုသို့ ဒဏ်ရာရရှိခဲ့သော်လည်း ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် အင်္ဂလန်အသင်းအတွက် ၅၉ မိနစ်အထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။ ဝီရှိုင်းယားသည် ယင်းဒဏ်ရာပြဿနာကြောင့် စနေနေ့တွင် အိမ်ကွင်းအမ်းမရိတ်၌ အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်နှင့် အဝေးကွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တို့တွင် အာဆင်နယ်အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်မည် မဟုတ်ပေ။

ထို့ပြင် အာဆင်နယ်အသင်းအနေဖြင့် ယခုလသည် ပွဲကျပ်ကာလဟုဆိုရမည်ဖြစ်ပြီး မတ် ၁၆ ရက်တွင် စပါးအသင်း၏ အိမ်ကွင်းဝိုက်ဟက်ဒ်လိန်း၌ ကစားရမည့် လန်ဒန်ဒါဘီပွဲစဉ်၊ မတ် ၂၂ ရက်တွင် ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းစတမ်းဖို့ဘရစ်ချ်၌ ကစားရမည့်ပွဲစဉ်၊ မတ် ၂၉ ရက်တွင် မန်စီးတီးအသင်းနှင့် ကစားရမည့်ပွဲစဉ် စသည်ဖြင့် ပွဲကျပ်များရှိနေပြီး အဆိုပါပွဲစဉ်များတွင်လည်း ကွင်းလယ်ကစားသမား ဝီရှိုင်းယားပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်အတွင်း ကျူပီအာအသင်း ပေါင် ၆၅ သန်းအရှုံးပေါ်

ချန်ပီယံရှစ်ကလပ် ကျူပီအာအသင်းသည် ၂၀၁၃ ခုနှစ် မေလအထိ တစ်နှစ်တာကာလအတွင်း ပေါင် ၆၅ သန်း အရှုံးပေါ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အရှုံးပေါ်ခဲ့ခြင်းမှာ ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်တန်းဆင်းဇုန်မှ လွတ်မြောက်ကာ တန်းတင်ကျန်စေရေးအတွက် ကစားသမားသစ်ခေါ်ယူမှုတွင် ပေါင် ၄၁ ဒသမ ၄ သန်းအထိ အသုံးပြုခဲ့ရာ ကစားသမားများ၏ လုပ်ခလစာသည် ပေါင် ၁၇ သန်းအထိ တိုးလာခဲ့သည့်အပြင် ၂၀၁၂ ခုနှစ်က ကြွေးမြီ ပေါင် ၉၁ ဒသမ ၄ သန်းသာ ရှိခဲ့ရာမှ စုစုပေါင်း ကြွေးမြီ ပေါင် ၁၇၇ ဒသမ ၁ သန်းအထိ တိုးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင်လည်း ပေါင်ရှစ်သန်းအရှုံးပေါ်ထားခြင်းကြောင့် ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းရေးဆွဲမှုအဖွဲ့၏ စီးပွားရေးပိတ်ဆို့မှုဆိုင်ရာ ပစ်မှတ်ထားခြင်းလည်း ခံရဖွယ်ရှိနေကြောင်း သိရသည်။

ငွေကြယ်

အေစီမီလန်အသင်းအားရောင်းမည်ဆိုသည့်သတင်း အသင်းပိုင်ရှင်ဘာလူစကိုနီငြင်းဆို

အေစီမီလန်အသင်းပိုင်ရှင် ဘာလူစကိုနီသည် အေစီမီလန်အသင်းအား ရောင်းချတော့မည်ဆိုသည့် သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် ၎င်း၏အသင်းအား ရောင်းချမည်မဟုတ်ကြောင်း ငြင်းဆိုသွားခဲ့သည်။ အီတလီဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်သူ ဘာလူစကိုနီသည် အေစီမီလန်အသင်းအား ၁၉၈၀ ပြည့်နှစ်များမှ စတင်ကာပိုင်ဆိုင်ခဲ့သူဖြစ်ပြီး ယင်းအချိန်မှစတင်ကာ လက်ရှိအချိန်အထိ အီတလီစီးရီးအေနှင့် ဥရောပဘောလုံးလောကတွင် အောင်မြင်မှုများ ရရှိထားခဲ့သည်။

ယခုသီတင်းပတ်အစောပိုင်းက ထွက်ပေါ်ခဲ့သည့် အေစီမီလန်အသင်းအား ရောင်းချတော့မည်ဆိုသည့် သတင်းများနှင့် စပ်လျဉ်း၍ အသင်းပိုင်ရှင် ဘာလူစကိုနီအနေဖြင့် တစ်ကြိမ်မက ငြင်းဆိုသည့်အပြင် မိမိအနေဖြင့် အေစီမီလန်အသင်းအား ရောင်းချရန် ဆန္ဒမရှိကြောင်းနှင့် အေစီမီလန်အသင်းကို အားပေးလျက်ရှိသည့် ပရိသတ်များကိုလည်း အသင်းရောင်းချမှုကောလာဟလအား သံသယကင်းစေရန် ထုတ်ဖော်ပြောကြားခဲ့သည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်(ရန်ကုန်) ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ရရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၀-၃-၂၀၁၄ ရက်မှ ၁၃-၃-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၄-၃-၂၀၁၄ ရက် ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း ကြေးမုံသတင်းစာတိုက် အမှတ်-၇၇၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကြေးမုံသတင်းစာတိုက်(ရန်ကုန်) သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၀၊ ၀၁-၂၉၁၄၅၄ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကြေးမုံသတင်းစာတိုက်
အမှတ်-၇၇၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ခရိုင်းမီးယားပြည်သူ့ဆန္ဒခံယူပွဲရလဒ်ကို ရုရှားပါလီမန်က လေးစားလိုက်နာမည်ဟုဆို

မော်စကို မတ် ၇

ခရိုင်းမီးယားဒေသသည် ရုရှားနိုင်ငံနှင့်ပေါင်းစည်းလိုခြင်းရှိမရှိ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းကို မိမိတို့က အလေးထားကြောင်း ရုရှားပါလီမန်ဥက္ကဋ္ဌ ဆာဂေးနာယာရှင်က မတ် ၇ ရက်တွင် ပြောကြားလိုက်သည်။

ခရိုင်းမီးယားပါလီမန်ရှေ့၌ ဆန္ဒပြသူများ စုဝေးရောက်ရှိနေသည်ကို တွေ့ရစဉ်။

ခရိုင်းမီးယားပြည်သူများ၏ သမိုင်းဝင်မည့်ရွေးချယ်ချက်ကို မိမိတို့က လေးစားလိုက်နာမည်ဖြစ်ကြောင်း ခရိုင်းမီးယားပါလီမန်ဥက္ကဋ္ဌ ဗလာဒီမာကွန်စတန်တီနော့ဗ် ဦးဆောင်သော အမတ်များနှင့် တွေ့ဆုံရာတွင် ရုရှားပါလီမန် ဥက္ကဋ္ဌက ပြောကြားသည်။

ဆုံးဖြတ်

ခရိုင်းမီးယားဒေသကို ရုရှားနိုင်ငံ၏ပိုင်နက်နယ်မြေ အစိတ်အပိုင်းတစ်ရပ်အဖြစ်သို့ ပြောင်းလဲနိုင်ရေးအတွက် သမ္မတ ဗလာဒီမာပူတင်အား အဆိုပြုတိုက်တွန်းသွားရန် ခရိုင်းမီးယားပါလီမန်က မတ် ၆ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

ခရိုင်းမီးယားဒေသ ပြည်သူ့ဆန္ဒခံယူပွဲရလဒ်ကို အသိအမှတ်ပြုမည်ဖြစ်ပြီး တရာဝင်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားအောက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီက ပြောကြားသည်။

ပီတီအိုင်။

ဘောလ်တစ်နိုင်ငံများ လေကြောင်းပိုင်နက်လုံခြုံရေး အမေရိကန်က အက်ဖ် – ၁၅တိုက်လေယာဉ်များစေလွှတ်

ဗီးနီးယပ်စ် မတ် ၇

ဘောလ်တစ်နိုင်ငံများ၏ လေကြောင်းပိုင်နက်များ လုံခြုံရေးအတွက် လေကြောင်းကင်းလှည့်စောင့်ကြပ်မှု တိုးမြှင့်ပြုလုပ်နိုင်ရန် အမေရိကန်ပြည်ထောင်စုက အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ် ခြောက်စင်းကို ထိပ်မံစေလွှတ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၇ရက်တွင် သတင်းထုတ်ပြန်သည်။

အနောက်အုပ်စုနိုင်ငံများနှင့် ရုရှားနိုင်ငံ တို့အကြား ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ တင်းမာမှုများ မြင့်တက်လာနေချိန်တွင် အမေရိကန်က တိုက်လေယာဉ်များကို ထပ်မံပေးပို့လိုက်ခြင်းဖြစ်သည်။ ဘောလ်တစ်နိုင်ငံများ၌ လေကြောင်း

လစ်သူယေးနီးယားရှိ ဆီအောလီယာ လေတပ်စခန်းကို တွေ့ရစဉ်။

ကင်းလှည့်စောင့်ကြပ်မှု ခရီးစဉ်များကို တိုးမြှင့်ပြုလုပ်သွားမည် ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂျိုးဇက်အိုလီကက်စ်က အတည်ပြုပြောကြားသည်။

တုံ့ပြန်

ယူကရိန်းနိုင်ငံနှင့် ကာလီနင်ဂရက် ဒေသတို့၌ ရုရှားတပ်ဖွဲ့များ၏ လှုပ်ရှားမှုများကို တုံ့ပြန်နိုင်ရန် တိုက်လေယာဉ်များ စေလွှတ်ခြင်းဖြစ်သည်ဆို၏။

ကာလီနင်ဂရက်ဒေသ၌ ရုရှား၏စစ်ရေးလှုပ်ရှားမှုများကို ပိုမိုတွေ့မြင်လာနေရကြောင်း ၎င်းကပြောကြားသည်။ အဆိုပါဒေသသည် လစ်သူယေးနီးယားနှင့် ပိုလန်နိုင်ငံနယ်စပ်ဒေသတို့နှင့် ထိစပ်နေသော ဒေသ ဖြစ်သည်။

လစ်သူယေးနီးယား၊ လတ်ဗီးယားနှင့် အက်စတိုးနီးယားတို့ဖြစ်ကြသော ဘော်လ်တစ်နိုင်ငံများသည် ဆိုဗီယက်ပြည်ထောင်စုမှ ၁၉၉၁ခုနှစ်တွင် ခွဲထွက်ခဲ့ကြပြီး ၂၀၀၄ ခုနှစ်တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ အဖွဲ့ဝင်နိုင်ငံများဖြစ်လာခဲ့ကြသည်။

ဘောလ်တစ်နိုင်ငံများ၌ ကင်းလှည့် လေယာဉ်များ အလုံအလောက်မရှိသဖြင့် နေတိုးက စစ်ရေးအကူအညီပေးရန် သဘောတူခဲ့သည်။ **ပီတီအိုင်။**

ပနားမားသံအမတ်ကို ဗင်နီဇွဲလားနှင်ထုတ်

ကာရာကပ်(စ်) မတ် ၇

ဗင်နီဇွဲလားနိုင်ငံအတွင်း အတိုက်အခံများ၏ ဆန္ဒပြမှုအပေါ် နှစ်နိုင်ငံအကြား တင်းမာမှုကြီးထွားလာရာမှ ဗင်နီဇွဲလားနိုင်ငံက ပနားမားသံအမတ်နှင့် အခြားသံတမန် သုံးဦးကို ၎င်း၏နိုင်ငံမှ နှင်ထုတ်လိုက်ကြောင်း သောကြာနေ့တွင် ဘီဘီစီက ဖော်ပြသည်။

၎င်းတို့ကို နိုင်ငံမှထွက်ခွာရန် အချိန် ၄၈နာရီပေးထားသည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်(စ်)မာဒူရိုက ပနားမားနိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုရပ်ဆိုင်း၍ သံတမန်အဆက်အသွယ်ဖြတ်တောက်ပြီး နောက်တစ်ရက်အကြာတွင် ယင်းဖြစ်ရပ်ပေါ်ပေါက်လာခြင်းဖြစ်သည်။

လွန်ခဲ့သည့်လ၌ ဗင်နီဇွဲလားတွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြစ်ခဲ့ရာ အနည်းဆုံး ၂၀ဦးသေဆုံးခဲ့သည်။

မာဒူရိုက ပနားမားနိုင်ငံသည် ၎င်း၏ အစိုးရအဖွဲ့ ပြုတ်ကျစေရန် ပူးပေါင်းကြံစည်လျက်ရှိသည်ဟု စွပ်စွဲထားသည်။ **ဘီဘီစီ။**

ဘာမင်ဂန်ဘောလုံးအသင်းပိုင်ရှင်ကို ငွေကြေးခဝါချမှုဖြင့် ထောင်ခြောက်နှစ်အပြစ်ပေး

ဟောင်ကောင် မတ် ၇

ဗြိတိန်နိုင်ငံ ဘာမင်ဂန်စီးတီးဘောလုံးအသင်းပိုင်ရှင် ကာဆန်ယောင်ကို ငွေကြေးခဝါချသည့်အမှု ကျူးလွန်သဖြင့် ဟောင်ကောင်တရားရုံးတစ်ရုံးက ထောင်ဒဏ်ခြောက်နှစ် ကျခံစေရန် အပြစ်ပေးလိုက်ကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၀၀၁ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်အကြား ၎င်း၏ဘဏ်စာရင်းသို့ ဝင်ရောက်လာသည့် ဟောင်ကောင်ဒေါ်လာသန်း ၇၂၀(ပေါင် ၅၅ သန်း)နှင့် စပ်လျဉ်း၍ စွပ်စွဲချက်ငါးချက်အတွက် အသက် ၅၄ နှစ်ရှိ ကာဆန်ယောင်ကို ပြစ်ဒဏ်စီရင်ခဲ့ခြင်းဖြစ်သည်။

ဘာမင်ဂန်ဘောလုံးအသင်းပိုင်ရှင် ဖြစ်လာပြီးနောက် နှစ်နှစ်အကြာ ၂၀၁၁ ခုနှစ်တွင် ၎င်းကိုစွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

၎င်းက အဆိုပါငွေများသည် စတော့ရောင်းဝယ်ခြင်းများ၊ တရုတ်ပြည်မကြီးအတွင်းမှ စီးပွားရေးလုပ်ငန်းများ၊ ဆံပင်အလှပြင်ဆိုင်နှင့် လောင်းကစားလုပ်ငန်းများမှ ဝင်ငွေများဖြင့် တိုးပွားလာခြင်းဖြစ်သည်ပြောဆိုခဲ့သည်။

သို့သော် ၎င်း၏ ဘဏ်စာရင်းသို့ ဟောင်ကောင်ဒေါ်လာသန်း ၁၀၀(ပေါင် ၇ဒသမ ၇သန်း)သည် မည်ကဲ့သို့ရောက်ရှိလာသည်ကို အထောက်အထား ပြသနိုင်ခြင်းမရှိခဲ့ပေ။ ဟောင်ကောင်ကို နိုင်ငံတကာငွေကြေးဗဟိုဌာနအဖြစ် ဆက်လက်တည်ရှိရန်မှာ ဘဏ်လုပ်ငန်းစဉ်အတွင်း ရိုးသားဖြောင့်မတ်ခြင်းသည် အထူးအရေးပါကြောင်း ဟောင်ကောင်တရားသူကြီး ဒေါက်ကလပ်ယောက ပြောကြားသည်။ **ဘီဘီစီ။**

ဘာမင်ဂန်စီးတီးဘောလုံးအသင်းပိုင်ရှင် ကာဆန်ယောင်အား တွေ့ရစဉ်။

ဩစတြေးလျတွင် ဂျာမန်ခရီးသည် ယင်ကောင်စား၍ အသက်ဆက်ခဲ့ဟုဆို

မဲလ်ဘုန်း မတ် ၇

ဩစတြေးလျနိုင်ငံ၏လူသူလေးပါးအရောက်နည်းသောဒေသ၌ သုံးရက်နီးပါးပျောက်ဆုံးသွားသော ဂျာမန်လူမျိုး ကမ္ဘာလှည့်ခရီးသည်တစ်ဦးသည် ယင်ကောင်များကိုဖမ်းယူစားသောက်လျက် အသက်ဆက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

အသက် ၂၆ နှစ်ရှိ ဒါနီယဲလ်ဒူဇစ်သည် ကွင်းစလန်းပြည်နယ် အနောက်အလယ်ပိုင်း၌ ခြေလျင်သွားနေစဉ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

သောင်တင်

၎င်းသည် လမ်းပျောက်၍ မြစ်တစ်စင်း၏ ရေကြီးလျက်ရှိသောနေရာ၌ သောင်တင်နေခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒူဇစ်ကိုအန္တရာယ်ကင်းရှင်းစွာနှင့် ကျန်းမာစွာ တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဩစတြေးလျကုန်းတွင်းပိုင်း၌ ယင်ကောင်များကို ဖမ်းယူစားခဲ့ရာယင်းတို့၏ ပရိုတိန်းဓာတ်ကြွယ်ဝမှုကြောင့်ဆာလောင်မွတ်သိပ်မှုမခံစားခဲ့ရကြောင်း ဟာသနှော၍၎င်းကပြောကြားခဲ့သည်ဟု ရဲအရာရှိက အေဘီစီအသံလွှင့်ဌာနကို ပြောကြားခဲ့သည်။

၎င်းသည် ဝင်ဒိုရတ်ချ်မှထွက်လာသောအခါ အစေ့အဆန်များကို မီးဖုတ်စားခဲ့ကြောင်း၊ အလွန်ပင် အင်အားကုန်ခန်းခဲ့ကြောင်း၊ ယင်းနောက် ယင်ကောင်များကို စားခဲ့ခြင်းဖြစ်ကြောင်း ဒူဇစ်က ပြောသည်။

၎င်းကိုတွေ့စဉ်က ကျန်းမာရေးအတွက် ဆေးကုသမှုပေးခြင်းကို ၎င်းက ငြင်းဆန်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ **ဘီဘီစီ။**

အမျိုးသားအဏ္ဏဝါဥယျာဉ်သစ် အိုကီနာဝါကျွန်းအနီးထူထောင်မည်

တိုကျို မတ် ၇

ဂျပန်အိုကီနာဝါကျွန်းအနီးရှိ ကာရာမာကျွန်းစုကို အခြေခံကာ အမျိုးသားအဏ္ဏဝါဥယျာဉ်တစ်ခုထူထောင်ရန် ဂျပန်အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

သန္တာကျောက်တန်းများဖြင့် လှပစွာတည်ရှိနေပြီး ဇီဝမျိုးစုံလင်သည့် ကာရာမာကျွန်းစုကို နိုင်ငံတော်၏ ၃၁ခုမြောက် အမျိုးသားဥယျာဉ်အဖြစ် ထူထောင်မည်ဖြစ်သည်။

ဟော့ကိုင်းဒိုးကျွန်းအနီးရှိ ကူရှိယိုမာရှိလန်းကျွန်းစုကို ၁၉၈၇ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် ထူထောင်ခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် အမျိုးသားဥယျာဉ် ထူထောင်မည်ဖြစ်သည်။

မတ် ၅ရက်တွင် ကျရောက်သော "သန္တာကျောက်တန်းနေ့" နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် အမျိုးသားဥယျာဉ်သစ် ထူထောင်မည့်အစီအစဉ်ကို ဂျပန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

ကာရာမာကျွန်းစု အမျိုးသားဥယျာဉ် ထူထောင်မှု အထိမ်းအမှတ်အခမ်းအနားကို အိုကီနာဝါပြည်နယ် မြို့တော် နာဟာတွင် မတ် ၈ရက်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဥယျာဉ်သည် နာဟာမြို့အနောက်ဘက်၌ တည်ရှိပြီး ကျွန်းပေါင်း ၃၀ ကျော်ဖြင့် ပေါင်းစပ်ဖွဲ့စည်းမည်ဖြစ်သည်။

အမျိုးသားဥယျာဉ်သစ် ထူထောင်ခြင်းဖြင့် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်မည်ဖြစ်သည်။ **ကျိုဒို။**

"ရေကျိုငါးပိတွင် ပရိုတိန်း (ခေါ်) အသားဓာတ် များစွာပါဝင်လျက်ရှိ"

ဘိုကလေး၊ မတ် ၇

မကြာသေးမီကာလက ငါးပိများ၌ ယူရီးယားဓာတ်မြေဩဇာပါသည်ဟု သတင်းများတွင် ဖော်ပြသည်ကို တွေ့ ရှိရပါသည်။

ထိုင်းနိုင်ငံထုတ်တချို့သော ငံပြာရည်များတွင် ဓာတုဆေးများပါဝင်၍ မစားသုံးသင့်ကြောင်း၊ ကင်ဆာရောဂါနှင့် အခြားအသည်းရောဂါများ ဖြစ်နိုင်သည်။ သို့ဖြစ်ပါ၍ ဓာတုကင်းလွတ် ရေကျိုအင်းငါးပိ ပြုလုပ်နည်းအဆင့်ဆင့်ကို ရေးသားလိုက်ပါသည်။

ဓာတုများဖြင့် ပြုလုပ်သော ငံပြာရည်. . .

ငါးရံ့ရေကျိုငါးပိပြုလုပ်တော့မည်ဆိုပါက ရှေးဦးစွာ ငါးရံ့ကို အကြေးထိုးဗိုက်ခွဲ ခေါင်းကိုအပေါ်မှ ဓားနှင့် အလယ်တည့်တည့် တစ်ချက်ခုတ်ကိုယ်လုံးတစ်ဖက်တစ်ချက်စီ ဓားနှင့် နဲနဲစီခုတ်၊ လုံးဝမပြတ်စေရန် နဲနဲခုတ်ပါ။ ငါးရံ့အားလုံးခုတ်ပြီးပါက ချောင်းရေ၊ သို့မဟုတ် ကန်ရေနှင့် တစ်ညအိပ်စိမ်ထားရမည်။ မိုးရေဖြင့် မစိမ်ရပါ။ မိုးရေနှင့်စိမ်ပါက ငါးပိပုတ်တတ်ပါသည်။

ငါးရံ့မျက်လုံးပါပါက ငါးပိနဲနဲမဲတတ်ပါသည်။ ငါးပိမမဲစေလိုပါက မျက်လုံးမပါစေရန် ချွန်းဖြစ်အောင် ခေါင်းကို ခုတ်ရပါမည်။ အထက်ပါနည်းအတိုင်း တစ်ညအိပ်ရေစိမ်ပြီးပါက မနက်ရောက်လျှင် ရေစင်အောင်ဆေးပါ။ ပြီးလျှင် ဆားလူးပြီး တစ်ညအိပ်ထပ်မံ၍ထားပါ။ နောက်နေ့ မနက်ရောက်လျှင် နေလှမ်း၍ရပါပြီ။ နေပူလျှင် နှစ်ရက်လှမ်းပြီး နေမပူပါက သုံးလေးရက်လှမ်းရပါသည်။

ငါးပိများ ခြောက်လာပါလျှင် ငါးပိပေါ့ပေါ့စားလိုပါက ဆားသင့်ရုံနှင့် ဆန်ကွဲကို အစေ့ပျောက်အောင်ကျိုထားသော ဒေသအခေါ် (ထမနဲ) ဆန်ဆေးရေ ၎င်းသုံးမျိုးကို သမအောင်နယ်ပြီး စဉ့်ရေသုတ်အိုး သို့မဟုတ် ဖန်ဘူးများတွင် ကျပ်နေအောင် ထောင်းသိပ်ရမည်။

ကော်ဘူးနှင့်သိပ်လျှင် ငါးပိမမွှေးပါ။ ကွမ်းသီးဖတ်၊ သို့မဟုတ် ဝါးကို ဇကာသဖွယ် ဂုတ်နှိပ်၍ နေပြထားရမည်။ ဆယ့်လေးငါးရက်ကြာပါလျှင် ငံပြာရည်တက်လာလိမ့်မည်။ လောက်မကျစေရန်အတွက်လည်း ငါးပိပေါ်တွင် လောက်သေရွက်တင်ထားပြီး အဖုံးကို လုံအောင်အုပ်ထားရမည်။

ငံပြာရည်တက်လာပါက ခပ်ယူပြီး ကျိုချက်ပါက ငါးငံပြာရည်စစ်စစ်ရပါသည်။ ငါးပိတစ်လခွဲနှစ်လကြာလျှင် နပ်ပါပြီ။ အသင့်ကျိုစားပါက အလွန်မွှေးကြိုင်သော ဓာတုကင်းလွတ်သော အရေကျိုအင်းငါးပိ ရပါသည်။

ငါးပိတွင် ပရိုတိန်းခေါ် အသားဓာတ်များစွာပါဝင်ကြောင်း သိရှိရပါသည်။ ယခုအခါ မသမာသူများက ငါးပိများတွင် အမြန်နပ်စေရန် ပုလဲဓာတ်မြေဩဇာများ ထည့်သွင်းရောင်းချကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံမှဝင်လာသော ငံပြာရည်တချို့တွင် ဓာတုများနှင့် ပြုလုပ်သော ငံပြာရည်များဝင်ကြောင်း သိရှိနေရပါသည်။

မြန်မာပြည်သူပြည်သားများ ငါးပိ ငံပြာရည်များကို ဓာတုကင်းလွတ်အောင် ကိုယ်တိုင်ပြုလုပ်စားသုံးနိုင်ပါရန် အကျိုးမျှော်၍ ရေးသားလိုက်ရပေသည်။ **ဘိုကလေးဌေးနိုင်**

မြို့သာနယ်မှထွက်သော နဖားကြိုးအမျိုးမျိုးမှာ ခေတ်တွေသာပြောင်းသော်လည်း နွားတစ်ကောင်အတွက် အသုံးချကြိုးအမျိုးမျိုးကို တစ်ရွာလုံး ကြိုးကျစ်ထုတ်လုပ်ကြသည်မှာ သားစဉ်မြေးဆက်ဖြစ်ကြောင်း သိရသည်။ နွားသုံးကြိုးမှာ အမျိုးမျိုးရှိသည့်အနက် နဖားကြိုးငါးမျိုးမှာ ချည်ကြိုး၊ သံကြိုး၊ လျှော်ကြိုး၊ ပလပ်စတစ်ကြိုးသုံးသည့်အပြင် နွားအရွယ်အစားအလိုက် သုံးရသောကြိုးများဖြစ်သည်။ နွားကို နဖားကြိုးဖြင့် ထိန်းသိမ်းရပြီး နဖားကြိုးလွတ်သောနွားထိန်းသိမ်းရခက်သည်ဟု မြို့သာမှ ကြိုးထုတ်လုပ်သူကဆိုသည်။ မြို့သာမှ မန္တလေး၊ ကျောက်ဆည်၊ နွားထိုးကြီး၊ မြင်းခြံထိ ဖြန့်သည်။ ဤအလုပ်ဖြင့် အသက်မွေး၍ နွားတစ်ကောင်သုံးကြိုးများထုတ်ရာရွာမှာ မြို့သာရွာပင်ဖြစ်၍ ဈေးကွက်ကောင်းဆဲဖြစ်သည်။ သတင်းနှင့် ဓာတ်ပုံ - ဌေးမြင့်အောင်

ခရိုင်အဆင့် နည်းပြသင် တန်းဖွင့်လှစ်

မိတ္ထီလာ၊ မတ် ၇

မိတ္ထီလာတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းကို မတ် ၆ နံနက် ၈ နာရီက ကန်တော်မင်္ဂလာခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းအား မတ် ၆ ရက်နေ့မှ မတ် ၁၀ ရက်နေ့အထိ ဖွင့်လှစ်မည်ဖြစ်ကာ သန်းခေါင်စာရင်းကောက်ယူရာတွင် တိကျမှန်ကန်စွာ ကောက်ယူနိုင်ရေးနှင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အား နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်သည့် အစီအစဉ်နှင့် သင်တန်းအုပ်ချုပ်မှုဆိုင်ရာများကို ရှင်းလင်းပြောကြား သွားခဲ့သည်။

ချမ်းသာ(မိတ္ထီလာ)

အရက်သောက်မှုများလာသော်လည်း မူးယစ်မောင်းနှင်မှု မရှိဟုဆို

ရန်ကုန်၊ မတ် ၇

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီအောက်ရှိ ယာဉ်မောင်းများနှင့် ယာဉ်လုပ်သား ၅၀ ရာခိုင်နှုန်းခန့်မှာ အရက်သောက်သုံးသူများဖြစ်သော်လည်း အရက်သောက်သုံးမူးယစ်ပြီး ယာဉ်မောင်းနှင်မှုမရှိကြောင်း မတ် ၅ ရက်က မထသ(ဗဟို)တွင် ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် မထသ(ဗဟို)၏ ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ပြောသည်။

ထို ၅၀ ရာခိုင်နှုန်းမှာ မထသ (ဗဟို) တွင်ပြုလုပ်သည့် တစ်လနှစ်ကြိမ် သင်တန်းမှကောက်ယူခဲ့သော စာရင်းများအရ သိရပြီး ယင်းစာရင်းများမှာ အရက်သောက်သုံးပြီး ယာဉ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုမဖြစ်စေရန် စာရင်းကောက်ယူမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့စီမှာ တစ်လနှစ်ကြိမ်ဖွင့်တဲ့သင်တန်းတွေကနေ ခုနှစ်လထိ ကောက်ယူခဲ့တဲ့စာရင်းအရ ဒီမှာလာတက်တဲ့ ယာဉ်လုပ်သားတွေရဲ့ ၄၆ ရာခိုင်နှုန်းကျော်က အရက်သောက်တဲ့သူတွေ ဖြစ်နေတယ်။ သင်တန်းမှာတော့ အရက်သောက်ပြီး ကားမမောင်းဖို့ ဖုန်းပြောရင်းကားမမောင်းဖို့ အမြဲတမ်းပြောတယ်။ မော်တော်ယာဉ်ဥပဒေအရလည်း အရက်သောက်ပြီးရင် ကားမောင်းခွင့်မရှိဘူး" ဟု ၎င်းကပြောသည်။

အဆိုပါစစ်တမ်းကောက်ယူမှုကို ၂၀၁၃ ခုနှစ် ဩဂုတ်မှ ၂၀၁၄ ဖေဖော်ဝါရီအထိ သင်တန်းသို့ တက်ရောက်လာသည့် မတည်လုပ်သား ၁၉၄၆ ဦးအား ၁၄ ပတ်အတွင်း ကောက်ယူခဲ့ခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် အရက်သောက်သုံးခြင်းကြောင့် ယာဉ်တိုက်မှုဖြစ်၍ နှစ်စဉ် သေဆုံးသည့်ဦးရေမှာ ၁ ဒသမ ၂၄ သန်းတွင် ယာဉ်တိုက်မှုများ၏ ၂၂ ရာခိုင်နှုန်းထိရှိပြီး အဆိုပါယာဉ်တိုက်မှု၏ ၅၀ ရာခိုင်နှုန်းတွင် အသက် ၁၉ နှစ်၊ ၂၅ နှစ် လူငယ်အများစုဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ထပ်မံရှင်းပြသည်။

"ကျွန်တော်တို့အနေနဲ့ ယာဉ်လိုင်းတွေကို အရက်မူးတိုင်းကရိယာနဲ့တိုင်းပြီး လစဉ်အကြောင်းပြန်ခိုင်းထားတယ်။ ဒီနေ့ထိ သူတို့တွေစီက ပြန်ကြားလာတဲ့စာတွေထဲမှာ မူးပြီးမောင်းတာတစ်ယောက်မှ မပါဘူး။ ဒီတစ်လနှစ်ကြိမ်ဖွင့်တဲ့သင်တန်းမှာ လာတက်တဲ့ ယာဉ်လုပ်သားတွေကို စည်းကမ်းလိုက်နာမှု ပိုကောင်းအောင် သင်ကြားရေးမှာ ထည့်သွင်းသင်ကြားပေးပါတယ်" ဟု မထသ(ဗဟို) တွဲဖက်အတွင်းရေးမှူးက ပြောသည်။

ယခုအခါ မထသ(ဗဟို) လက်အောက်ရှိ ခရီးသည်တင်ယာဉ်လုပ်သားများ အရက်သောက်သုံးမှုပိုမိုများပြားလာသည့်အတွက် မထသ(ဗဟို)တွင် ဖွင့်လှစ်နေသည့် သင်တန်းများကိုလည်းစနစ်တကျ ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကာ အရက်သေစာသောက်သုံးပြီး ယာဉ်မောင်းနှင်မှုကို တိုင်းတာရာတွင် အရက်ပါဝင်မှုနှုန်း(အယ်လ်ကိုဟော) သုညဒသမ ၇ ရာခိုင်နှုန်းပါဝင်ပါက ဖမ်းဆီးအရေးယူနိုင်သည်အထိ ထုတ်ပြန်ထားကြောင်း သိရသည်။ **တင်မောင်ဦး**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
လမ်း/တံတားအသုံးပြုခ ကောက်ခံခွင့် တင်ဒါခေါ်ယူခြင်း

(Travels & Tours)
Mar 14, 21, 28, Apr 4
Mar 14, 21, 28 / Apr 4, 23
Mar 21

မဟာ
ဖြန့်ချိရေး - မဟာ
Ph - 01 - 504861, 01 - 504360, 01 - 2304354

တောင်သူဖြိုးကြွယ် ချောင်းဦးနယ်က သခွားပင်လယ်

ချောင်းဦး၊ မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍ (GDP) အချိုးကို စိုက်ပျိုးရေးကဏ္ဍမှ မြှင့်တင်ပေးနေသော မြို့နယ်ဖြစ်သည်။

ချောင်းဦးမြို့နယ်၏ ရေ၊ မြေ၊ သဘာဝ၊ ရာသီဥတုအနေအထားအရ လယ်ယာ၊ ကိုင်းကျွန်းထွက်ကုန်သီးနှံ မျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်နိုင်သော မြို့နယ်ဖြစ်ပြီး ဒေသခံတောင်သူများ၏ လက်တွေ့ဘဝတွင် စီးပွားရေးတွက် ခြေကိုက်သည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်ခွင့်ပြုပေးသည်။ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအကျိုးကြောင့် ချောင်းဦးမြို့နယ်တွင် တန်ဖိုးမြင့်သီးနှံ သခွာမွှေးကို ယခုအခါ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးကြလျက်ရှိကြောင်းနှင့် ရန်အောင်မြေ၊ ကျီကုန်း၊ ချောင်းဦး တောင်ညောင်ပင်သာ၊ မကျီးခွ၊ တောကျောင်းကြီး၊ သုံးပန်လှ၊ ရွှေလှေ၊ ဝယာ၊ ငါးလုံးတင်၊ မှန်ချို၊ အောင်ချမ်းသာ စသည့်ကျေးရွာအုပ်စုများတွင် ၂၀၁၃-၂၀၁၄ စိုက်ပျိုးရာသီ၌ မိုးသခွား ၅၂၆ ဧက၊ ဆောင်းသခွား ၂၁၀၄ ဧက စုစုပေါင်း ၂၆၃၀ ဧက စိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှသန်းက ပြောသည်။

ဆက်လက်၍ ကျွန်တော်တို့သတင်းအဖွဲ့သည် AIG ကုမ္ပဏီမှ ကိုစိုင်းရဲနောင်၏ ကားကလေးဖြင့် သုံးပန်လှကျေးရွာ စိုက်ကွင်းများထဲအရောက် သွားရောက်ခဲ့ရာ လမ်းဘေးဝဲ/ယာ တစ်ဖက်စီတွင် သခွားမွှေးခင်းများက တစ်မျှော် တစ်ခေါ် ကမ္ဗလာစိမ်းကြီးကို ဆွဲဆန့်ဖြန့်ခင်းထားသကဲ့သို့ တွေ့မြင်ရသလို အစောင့်တဲ(လင့်စင်)ပေါ်တက်၍ အရှေ့အနောက်၊ တောင်မြောက် တစ်ခွင်တစ်ပြင်က သခွားပင်လယ်ကြီးပမာ မျက်စိတစ်ဆုံး မြင်တွေ့ရသဖြင့် တောင်သူကြီးတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် "ကျွန်တော့်နာမည် ဦးကြည်စန်းလို့ခေါ်ပါတယ်။ ယခုနှစ်မှာ သခွားရှစ်ဧကစိုက်ပျိုးထားပါတယ်။ မနှစ်က ငါးဧကစိုက်ခဲ့တာ သိန်း ၄၀၀ လောက်အမြတ်ရခဲ့ပါတယ်။ အခုကျွန်တော်စိုက်ပျိုးတဲ့ စနစ်ကတော့ အစိုဓာတ်ထိန်းတဲ့ ပေါင်းအုပ်စနစ်နဲ့ ပင်ကြား ၁ဒသမ ၅ ပေ၊ တန်းကြား ၃ ပေနဲ့ တစ်ဧကမှာ ပင်ရေ ၈၀၀၀ ဝန်ဆံ့အောင် စိုက်ပျိုးထားပါတယ်။

အပင် စိုက်ပျိုးပြီး ငါးရက်သားအရွယ်မှ ၈၅ ရက်သားအထိ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတို့ကို အချိန်ကိုက်ပက်ဖျန်းပေးရပါတယ်။ စိုက်ပြီး ၇ ရက်သားမှာ အပင်ခါးဆွ၊ တိုင်ထောင်၊ တန်းပစ်လုပ်ငန်းတွေကို လုပ်သားတွေနဲ့ ဆက်တိုက်လုပ်ရပါတယ်။ ၁၈ ရက်သားမှာ ဘေးတက်တွေဖဲ့ပေးရပါတယ်။ ၂၀ ရက်သားမှာ အပင်ခြေအနီးမှာ တူရွင်းသေ/တုတ်ချွန်နဲ့ မြေတူးပြီး ဓာတ်မြေဩဇာထည့်။ ၄၀ ရက်သားမှာ အောက်ခြေအရွက်မှ ၁၂၊ ၁၃၊ ၁၄ ရွက်အဆင့်မှာ ကိုင်းတက်တစ်တက်ချန်ပြီး ဖြတ်ပေးရပါတယ်။ ၄၃ ရက်သားမှာ ခေါင်နှိမ်ပေးရပါတယ်။ ၄၅ ရက်သားမှာ ဓာတ်မြေဩဇာကျွေး၊ စတုတ္ထအကြိမ်ရေသွင်း ရက် ၅၀ သားမှာ အကောင်းဆုံးသီးလုံးနဲ့ သီးကိုင်းကို ကြိုးချည်ပြီး ကျန်အတက်တွေ ဖြတ်ပေးရပါတယ်။ ၅ ရက်သားမှာ ဆေးဖြန်းပြီး စက္ကူအိတ်စွပ်ပေးရပါတယ်။ ၇၀ ရက်သားမှာ ပထမအသီးအိတ်ဖြုတ်၊ ဒုတိယအသီးအိတ်စွပ်ပေးရပါတယ်။

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်းရှိ သခွားစိုက်ခင်းတစ်ခုအား တွေ့ရစဉ်။

အပင်တစ်ပင်မှ အောက်သီးနဲ့ အပေါ်သီးနှစ်လုံးပဲ ယူပါတယ်။ ၇၅ ရက်သားမှာ အောက်သီးကို ခူးရပါတယ်။ တစ်ဧကမှာ အသီး ၇၀၀၀ ကောင်းကောင်းထွက်ပါတယ်။ အပေါ်သီးကိုရက် ၉၀ မှာ ခူးပါတယ်။ အလုံးရေ ၆၀၀၀ လောက်ရပါတယ်။ တစ်ဧကမှာ ၁၄၊ ၁၅ တန်ခန့် ထွက်ပါတယ်။

အရင်းအနှီးက မျိုးစေ့ခ၊ အသီးကျွက်ပို့တဲ့တန်ဆာခအထိ သိန်း ၃၀ ဝန်းကျင် ရင်းရပါတယ်။ အခုရက်တရုတ်ပြည်ဈေးကွက်မှာတော့ ရွှေသခွားနှစ်ကီလိုခွဲတစ်လုံး ၅ ကျပ်၊ ၆ ကျပ်အမြင့်ဈေး ရှိပါတယ်။ အနိမ့်ဆုံးထားတွက်ရင်တောင် တစ်ဧက သိန်း ၅၀ ဝန်းကျင် အမြတ်ရနိုင်ပါတယ်" ဟု စိုက်ပျိုးပုံ၊ ပြုစုပုံအဆင့်ဆင့်ကို မှတ်သားခဲ့ရပါသည်။

ဤသို့အားဖြင့် ဈေးကွက်ရှိသော တန်ဖိုးမြင့်သီးနှံများကို ရွေးချယ်၍ ခေတ်မီစိုက်ပျိုးရေးစနစ်များဖြင့် ကြိုးပမ်း အားထုတ်စိုက်ပျိုးကြခြင်းဖြင့် တောင်သူများလည်း စီးပွားရေးအဆင်ပြေနိုင်မည်ဖြစ်သည်။

ဒေသခံတွေလည်း အလုပ်အကိုင်ရ၊ မြို့နယ်၏ စီးပွားရေးကဏ္ဍ (GDP) အချိုးလည်းတိုးတက် ကောင်းသောအကျိုးဆက်တို့ဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လျက် လူမှုစီးပွားဘဝများ ဖွံ့ထွားမြင့်မားနေသော ချောင်းဦးမြို့နယ်မှ သခွားပင်လယ်အကြောင်း လေ့လာစေ့ငှ မှတ်တမ်းပြု ရေးသားအပ်ပါသည်။

ဖေထွဏ်းဇော်(ရေစကြို)

သတင်းတိုများ

ရွှေဟောင်းရွာကြီးနှစ်ရွာမှာ ယခုတိုင် မြို့နှင့်ရွာဆက်လမ်းမရှိ၍ အခက်တွေ့နေ

နွားထိုးကြီးမြို့နယ် အိမ်ခြေထောင်ချီရှိသော ရွှေဟောင်းရွာကြီးနှစ်ရွာဖြစ်သည့် သူခိုးရွာ၊ မာန်လည်ရွာတို့မှာ ခေတ်အဆက်ဆက်ပြောင်းသော်လည်း ယခုတိုင် မြို့နှင့်ရွာဆက်လမ်းမရှိ၍ အခက်တွေ့နေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ ပြောင်းပြာဆည်ပေါင်လမ်းတစ်ခုသာ အားကိုးနေရ၍ လမ်းသစ်ဖောက်ပေးရန် လိုအပ်လျက်ရှိပြီး နွားထိုးကြီးသို့ မိုင် ၂၀ နှင့် မြင်းခြံသို့ ၁၀ မိုင်ဝေးနေ၍ လူမှုရေး၊ ကျန်းမာရေး အခက်တွေ့နေသည်။ တိုက်နယ်ဆေးရုံ၊ အထက်တန်းကျောင်း သုံးကျောင်းရှိသော်လည်း လျှပ်စစ်မီးမရှိ၊ လမ်းမရှိ၍ သက်ဆိုင်ရာလူကြီးများ တင်ပြသော်လည်း ယခုထိ ရွှေဟောင်းရွာများ လမ်းမရှိ၊ မီးမရှိဖြစ်နေကြောင်း သိရသည်။

ဌေးမြင့်မောင်

နွားထိုးကြီးမြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူရေးအတွက် နေအိမ်နံပါတ်များသတ်မှတ်

နွားထိုးကြီးမြို့နယ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအတွက် ရပ်ကွက်နေအိမ်များ၏ အိမ်နံပါတ်များသတ်မှတ်ခြင်းကို နွားထိုးကြီး အမှတ် ၃ ရပ်ကွက်၌ စတင်ကွင်းဆင်းဆောင်ရွက်နေကြောင်းသိရသည်။ အမှတ် ၃ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းက ရပ်ကွက်တွင်း အိမ်ထောင်စု ၁၅၀ ခန့်ရှိသော်လည်း ဆင်းကတ်ဖုန်းကြောင့် ၂၀၀ ခန့်တိုးရှိမည်ဖြစ်ကြောင်း၊ အိမ်အဆောက်အအုံမတိုးသော်လည်း အိမ်ထောင်စုများတိုးနေကြောင်း ပြောသည်။

ခင်ဇာမွန်မြင့်

ခက်လန်းရွာ ခြေဆေးကန်ကို မန္တလေးတိုင်းဒေသကြီး အစိုးရ၏ရန်ပုံငွေဖြင့် မိုးရာသီမတိုင်မီ ပြုပြင်

နွားထိုးကြီးမြို့နယ် ခက်လန်းရွာရှိ ခြေဆေးကန်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ရန်ပုံငွေနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနက ပြုပြင်ခဲ့ရာ မိုးအမီပြုပြင်နိုင်ခဲ့ကြောင်းသိရသည်။ ခြေဆေးကန်မှာ ကျေးရွာစိုက်ပျိုးရေးနှင့် သုံးရေ၊ နွားတိရစ္ဆာန်များအတွက် သောက်ရေကန်ဖြစ်သည်။ နွားထိုးကြီးနယ်တွင် ဤကန်မျိုး ၇၅ ကန်ပြုပြင်ရာတွင် ခက်လန်းရွာ ခြေဆေးကန်လည်း ပါဝင်သည်။ ကျွန်မတို့ရွာမှာ နေပူပူ၊ ရွာရေကန်ကြောင့် သုံးရေမပူတော့ပါဟု ခက်လန်းရွာသူက ပြောသည်။

ခင်ဇာမွန်မြင့်

တိုက်ကြီးတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေးလှုံ့ဆော်မှု ဖျော်ဖြေရေးပြုလုပ်

တိုက်ကြီး၊ မတ် ၇

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့ ရန်ကုန်-ပြည်လမ်းမကြီး၊ သဟာယလမ်းဆုံတွင် မတ် ၄ ရက် နံနက် ၁၀ နာရီခန့်က ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်လာရန်နှင့် အသိပညာပေး လှုံ့ဆော်ဖျော်ဖြေရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လှုံ့ဆော်ဖျော်ဖြေရေးတွင် ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဆွေဇင်ထိုက်မှ သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ ပြည်သူများ သိသင့်သော အချက်များကို ရှင်းလင်းခြင်းနှင့် မြို့နယ်လဝကမှ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဟာသလူရွှင်တော် သီးသုံးသီးမှ ပျော်ရွှင်ဖွယ်ရာ ကစားနည်းများပြုလုပ်၍ သန်းခေါင်စာရင်း အမှတ်တရလက်ဆောင်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ထို့နောက် တေးသံရှင် အိမ့်ချစ်မှ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ သန်းခေါင်စာရင်း ဆောင်ပုဒ် (MOTO) အား ပြည်သူများနှင့်အတူ သံပြိုင်သီဆိုခြင်းနှင့် ပရိသတ်များအား သန်းခေါင်စာရင်း အမှတ်တရလက်ဆောင် (တီရှပ်အင်္ကျီနှင့် ဦးထုပ်)များ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါ လှုံ့ဆော်ဖျော်ဖြေရေးအဖွဲ့ကို တိုက်ကြီးမြို့နယ်၊ မြို့မိမြို့ဖ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီနှင့် အုတ်လုပ်ငန်းရှင်များက ဆုငွေကျပ်နှစ်သိန်းချီးမြှင့်ကြောင်း သိရသည်။

လှုံ့ဆော်ဖျော်ဖြေရေးအဖွဲ့မှ သန်းခေါင်စာရင်းကောက်ယူရေးတွင် ပြည်သူများမှ ပူးပေါင်းပါဝင်ရန် အသိပညာပေးလှုံ့ဆော်ဖျော်ဖြေခြင်းအစီအစဉ်တွင် ပြည်သူလူထု ၃၀၀၀ ကျော်ခန့် တက်ရောက်အားပေးကြကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ဗလငါးတန်ခွဲ မြီးဖို့ စာအုပ်စာပေလေ့လာကို

Network လိုင်းချိတ်ဆက်ခြင်းနှင့် Fibre ...
(က) Network လိုင်းချိတ်ဆက်ခြင်းလုပ်ငန်း
(ခ) Fibre

ရောင်းရန်/ငှားရန်ရှိသည်
(နုံးချိန်အတွင်းသာ)

Myanmar Myat Cherry Travels & Tours Co.,Ltd.
City FM
Mar-15/26
Mar-26, April-12
Ph : 551240 , 09-73060843, 09-5003647

Yes!! English School
** Always say Yes!! to English. **
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT
Starting On March
5,9,12,15,16,19,22,23,
Ph : 511778
09-73033648

ခွင့်ပြုရန်ပုံငွေ ကျပ် ၅၂ သိန်းကုန်ကျခံ၍ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ မီးသတ်ဦးစီးဌာန ကြီးမှူးကျင်းပသော အကြိုအခြေခံမီးသတ်ပညာ သင်တန်း (၁/၂၀၁၄) ဖွင့်ပွဲကို မတ် ၅ ရက် နံနက် ၈ နာရီတွင် မီးသတ်ရုံး၌ကျင်းပခဲ့သည်။ သင်တန်းသား ၅၀ ဦးတက်ရောက်၍ နှစ်ပတ်ကြာသင်ကြားမည်ဖြစ်သည့် ယင်းသင်တန်းတွင် စစ်ရေးပြ၊ မီးသတ်ပညာ၊ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးပညာများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - စိုးထက်အောင် (ပြန်/ဆက်)

ကလေး၊ မတ် ၇

ကလေးမြို့နယ် အူဒူ၊ ပေါက်တော၊ အင်းဒင်၊ ရှားတော ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရန်အတွက် ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေမှ ကျပ် ၅၂ သိန်း အကုန်ကျခံလျက် အရှည် ၈ မိုင်၊ လမ်းသား အကျယ် ၂၄ ပေမှ မြေသားလမ်း အကျယ် ၁၂ ပေ ဖြင့်လမ်းဘေးနှစ်ဘက် ရေမြောင်းအပါ လမ်းဖောက် လုပ်လျက်ရှိကြောင်းသိရသည်။

အဆိုပါလမ်းကို သတ်မှတ်ကာလ အတွင်း လုပ်ငန်းဆောင်ရွက်မှုများ အမြန်ဆုံး ပြီးစီးရန်အတွက် ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကလေးခရိုင် ဦးစီးမှူး ဒေါ်သန်းသန်းမြင့်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၄ ရက်တွင် လက်တွေ့ကွင်းဆင်း စစ်ဆေးကြည့်ရှုခဲ့သည်။

အဆိုပါ ကျေးရွာအုပ်စုများသည် မြစ်သာမြစ်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိကြပြီး လမ်းပန်းဆက်သွယ်ရေး လွန်စွာခက်ခဲသည့် ကျေးရွာများဖြစ်သည်။ ယခင်က ကျေးရွာချင်းဆက်လမ်း အသုံးပြုရာတွင် လှည်းလမ်းပင်မရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် ပေါက်တူးဖြင့် ဖောက်လုပ်ထားသော လူသွားလမ်းတစ်ခုသာ အသုံးပြုကြပြီး စားဝတ်နေရေးအတွက် စားသုံးကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် လူဖြင့်သာ ထမ်းရွက်ရ၍ လူမှုရေး၊ ပညာ ရေး၊ ကျန်းမာရေးတို့တွင် အလွန်ပင်နိမ့်ကျကြပြီး သွားလာရေးတို့တွင် အလွန်ခက်ခဲလျက်ရှိကြသည်။

ယခုအချိန်တွင် နိုင်ငံတော်က အုပ်စုကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးခြင်းကြောင့် ယင်းကျေးလက်ဒေသနေ ပြည်သူများသည် အိပ်မက်မမက်ခဲ့ဖူးသည့် ကျေးရွာချင်းဆက်လမ်းမကြီးပေါ်ထွန်းပြီဆို၍ အလွန်ဝမ်းမြောက်ပျော်ရွှင်ကြသည့်အပြင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင်လည်း ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း အူဒူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က ပြောသည်။

အဆိုပါ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်ညွှန်ကြားမှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကတာဝန်ယူလျက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှုကို ၂၀၁၃ ခု ဒီဇင်ဘာ ၁၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဂျူနိုင်း**

ချင်းပြည်နယ်၏သင်္ကေတ တော်ဝင်ပန်းဖြစ်သော ဆေးဖက်ဝင်သည့် တောင်ဇလပ်ပင်များအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သင့်

ဖလမ်း၊ မတ် ၇

ယခုချိန်တွင် ချင်းပြည်နယ်၏တော်ဝင်ပန်းဖြစ်သော တောင်ဇလပ်ပင်များမှာ အပင်နည်းလာပြီး အပွင့်ကျဲလာပြီဖြစ်သောကြောင့် ရေရှည်ရှင်သန်နိုင်ရေးအတွက် တောင်ပေါ်နေချင်းတိုင်းရင်းသားများက ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် တာဝန်ကိုယ်စီရှိကြကြောင်းနှင့် ချင်းပြည်နယ်၏ သင်္ကေတ တော်ဝင်ပန်းဖြစ်သော တောင်ဇလပ်ပန်းများအား နေရာအနှံ့ ဝေဝေဆာဆာဖူးပွင့်မြဲ ဖူးပွင့်စေလိုကြောင်း ချင်းပြည်တွင်နေထိုင်သူ အများစုက ပြောသည်။

ချင်းပြည်နယ်၏ တော်ဝင်ပန်းများဖြစ်သော ချယ်ရီပန်းသည် ဆောင်းဦးရာသီမှစ၍ ချင်းပြည်နယ်တစ်ခွင်လုံး ဝေဝေဆာဆာဖူးပွင့်ကြပြီးနောက် နွေဦးရာသီအချိန်မှစ၍ တောင်ဇလပ်ပန်းများဖြင့် အစားထိုးကာ ကလေးမြို့မှ ၃၀ မိုင် ၇ ဖာလုံအကွာရှိ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၆၂၅၀ မြင့်သော သိုင်းငင်းကျေးရွာ တောင်ကုန်းများပေါ်တွင် တောင်ဇလပ်ပင်များသည် အုံ့ဆိုင်းနေပြီး အပင်အားလုံးနီးပါး အနီရောင်တောင်ဇလပ်ပန်းပွင့်များဖြင့် ဝေဝေဆာဆာ ဖူးပွင့်နေကြသည်။

တောင်ဇလပ်ပင်သည် ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အတွေ့ရများပြီး မြောက်ပိုင်းတွင်ပေါက်သည့် အပင်များတွင် အပွင့်အနီရောင်ပွင့်ကာ တောင်ပိုင်းတွင်ပေါက်သည့် အပင်များတွင် အပွင့် အဖြူရောင်ပွင့်ပြီး ဖလမ်းချင်းလူမျိုးများက 'ချော့လှုယ်ပါရ်' ဟုခေါ်ကြပြီး ရက္ခဗေဒ အခေါ်အားဖြင့် 'ရိုက်ရှားတိုမင်တိုစား' ဟု ခေါ်ကြောင်း သိရသည်။

တောင်ဇလပ်ပင်သည် အမြင့်ပေ ၄၀ ထိကြီးထွားနိုင်ပြီး လုံးပတ် ၃ ပေမှ ၄ ပေထိရှိနိုင်၍ တောင်ဇလပ်အရွက်သည် မဲနယ်ရောင်ဆိုးဆေးတစ်မျိုးထွက်ပြီး အစေ့ကိုစားနိုင်ကာ တောင်ဇလပ်ပန်းသည် ဝတ်ရည်ချိုပြီး ဝတ်ရည်သောက်လျှင် အားပြည့်သည်ဟု ချင်းလူမျိုးများက အယူအဆရှိသလို အခေါက်နှင့် အမြစ်သည် အဆိပ်ရှိသောသတ္တဝါများကိုက်လျှင် အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြကာ အပွင့်သည်လည်း ဆေးဖက်ဝင်သည်ဟု ၎င်းဒေသခံများကပြောသည်။

တောင်ဇလပ်ပန်းသည် ဒီဇင်ဘာလဆန်းပိုင်းမှစ၍ စတင်ဖူးပွင့်လာပြီး ဖေဖော်ဝါရီတွင် တစ်ပင်လုံး နီနီရဲရဲ အပြိုင်အဆိုင် ဝေဝေဆာဆာ ဖူးပွင့်လျက် မတ်လကုန်ခါနီးလောက်တွင် အပွင့်များညှိုးရော်လာသည်ဖြစ်၍ ဆေးဖက်လည်းဝင် ချင်းတောင်၏ အထိမ်းအမှတ်သင်္ကေတ တော်ဝင်ပန်းဖြစ်သည့် တောင်ဇလပ်ပန်းပင်များအား ရေရှည်ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ယင်းဒေသခံများက ပြောသည်။ **ဂျိုးနက်**

သတင်းတို

သုံးခွမြို့နယ်တွင် ကျေးရွာမီးလင်းရေးတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆိုလာပြားများတပ်ဆင်

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် Poly Ice Co.Ltd က ကျေးလက်နေပြည်သူများအား ဆိုလာပြားများဖြင့်မီးလင်းစေရေးအတွက် ဆိုလာပြားတပ်ဆင်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အဆိုပါ ကျေးရွာများမီးလင်းစေရေးအတွက် ဆိုလာပြားတပ်ဆင်ခြင်းလုပ်ငန်းများကို ပျဉ်းမကန်စံပြကျေးရွာအုပ်စု၊ ကွန်းမိုးဒိန်းကျေးရွာ၊ အိဿယျကျေးရွာအုပ်စု၊ အနောက်တံခွန်တိုင်ကျေးရွာ၊ ရဲနွဲ့ကျေးရွာ၊ ကျောက်တိုင်ကျေးရွာ၊ အောင်သာဒါန်းကျေးရွာ၊ ရန်ကြီးအောင်ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မတ် ၅ ရက် နံနက်ပိုင်းက သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မြင့်ထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကျော်သူတို့နှင့်တကွ ပျဉ်းမကန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့က ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ ကွန်းမိုးဒိန်းကျေးရွာသို့သွားရောက်၍ ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားတပ်ဆင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ် ဆေးခဲ့ကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

ဆောင်းပါး — ကံဇာတ်ဆရာစီမံရာ လိုက်ပါရရှာတဲ့ဆရာ

cifrmift;(rEAv;)

ဆယ်နှစ်ဟူသော ကာလအတိုင်းအတာတစ်ခုသည် စင်စစ် များစွာရှည်ကြာလှပါသည်။ လောကဓံတရား သဘာဝအတိုင်းဆိုရပါလျှင် ဒုက္ခ၊ သုခနှင့် စတင်သည့် လောကဓံတရားရှစ်ပါးတို့နှင့် မုချမသွေ တွေ့ကြုံရစမြဲဖြစ်သည်။ ယင်းသို့သောဒုက္ခ၊ သုခတို့ကို မျှဝေခံစားလျက် ကောင်းဆိုးနှစ်ပါးအတူ လက်တွဲရင်ဆိုင်ခဲ့သည့် လက်တွဲဖော်၊ မိတ်ဆွေ၊ တစ်နည်းရဲဘော်တစ်ဦးအဖြစ် ဦးလှမြိုင်(ကိုဆောင်း)အား ကျွန်တော်တွေ့ဆုံခဲ့ရပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသို့ ကျွန်တော်က တပ်မတော်(ကြည်း)မှ ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ဖြင့် ပြောင်းရွှေ့ ရောက်ရှိလာသည့်အခါမှ စတင်ကာ ဦးလှမြိုင်နှင့်အတူ တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့ရသည်။ ထိုအချိန်က ကျွန်တော် စာသာရေးနေသည်။ သတင်းစာအတတ်ပညာကို နကန်းတစ်လုံးမျှပင်မသိ နားမလည်သေးပါ။ သတင်းစာအတတ်ပညာကို ကျွန်တော့အား သင်ကြားပေးသူများရှိပါသည်။ ထိုသူများကား ဆရာဦးဘကျော်၊ ဦးလှမြိုင်နှင့် ဦးသန်းစောတို့ဖြစ်ကြ၏။

ဝါရင့်သတင်းစာဆရာကြီးဖြစ်သော ဦးဘကျော်သည် ကျွန်တော်တာဝန်မထမ်းဆောင်မီအချိန်က ဖက်လည်းဖြစ်သော ဦးလှမြိုင်မှာလည်း ၂၀၁၃ ခုနှစ် ၁၀ လပိုင်း ၁၄ရက်နေ့မှာ ကွယ်လွန်ကြောင်း ကြေးမုံသတင်းစာတွင် ဖတ်ရှုလိုက်ရသဖြင့် ဝမ်းပန်းတနည်း ယူကျုံးမရဖြစ်ရသည်။ ဆရာသမားကောင်း မိတ်ဆွေကောင်းတစ်ဦး ဆုံးရှုံးရပြန်ပါပြီ။ ဆယ်နှစ်တိုင်တိုင် အတူတကွအမိုးတစ်ခုတည်းအောက်မှာ တာဝန်ထမ်းဆောင်ခဲ့ကြသည်ဖြစ်၍လည်း သံယောဇဉ်ကြီးမားလှသဖြင့် ပိုမိုတသနေမိခြင်းလည်းဖြစ်၏။ သို့ပင်ဖြစ်စေကာမူ သင်္ခါရသဘောမို့ ပူဆွေးဝမ်းနည်းနေ၍လည်း ယူကျုံးမရအပူလုံးကြွနေယုံသာ။ သူနှင့်စပ်လျဉ်းသော အကြောင်းများကား။

ဆရာဦးလှမြိုင်ကို အဖ ဦးဘကျော်၊ အမိ ဒေါ်လှခင်တို့မှ မော်လမြိုင်မြို့၌ ၁၉၂၅ခုနှစ် ၄ လပိုင်း ၂ ရက်တွင် မွေးဖွားသည်။ မော်လမြိုင် ဂျက်ဆင်ကျောင်း၊ မန္တလေးဝက်စလီကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ဆက်လက်၍ ရန်ကုန်ကူရှင် ကျောင်းတွင် သင်ကြားခဲ့ပြီး ဆယ်တန်းအောင်မြင်ခဲ့သည်။ ဂျပ်ဆင်ကောလိပ်တွင် ဥပစာ(သိပ္ပံ)အထက်တန်းအထိ ပညာယူသည်။ ဘီအိုင်အေဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ဝင်ရောက်အမှုထမ်းပြီး၊ တပ်မတော် အချက်ပြဆက်သွယ်ရေးတပ်၊ ဖက်ဆစ်တော်လှန်ရေးကာလတွင် ဖျာပုံဌာနချုပ်၊ ယင်းနောက် တိုင်း(၄)နှင့် (၁၀၂)တပ်ရင်းများတွင် တော်လှန်

> စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီးကရုဏာတရားကြီးမားသည်။ သူတစ်ပါးအား ကိုယ်ချင်းစာ ညှာတာတတ်ကာ အတ္တစိတ်ကင်းသူ . . .

ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်နေသူပင်။ ဆရာ့ထံမှ ကျွန်တော်များစွာသင်ကြားခဲ့ရ၏။ စကတည်းက ယဉ်ပေသကိုးဆိုသည့်အလား ကျွန်တော်သည် သတင်းစာ ခြောက်စောင် အင်္ဂလိပ်နှစ်စောင်၊ မြန်မာလေးစောင်ကို တာဝန်ခံရသည်။ သည်တာဝန်တွေကအလွန်ကြီးပြီး အမှားအယွင်းမခံ၊ စာလုံးပေါင်းမှား၊ သတ်ပုံမှား၊ ခတ်ပုံမှားမှစ၍ ဘာပဲမှားမှား ကျွန်တော့အမှားချည်းဖြစ်ရကား ဆရာဦးဘကျော်၊ ဦးလှမြိုင်နှင့် ဦးသန်းစောတို့က ဝိုင်းဝန်းကူညီကြ၍ ကျွန်တော် ပြန်ကြားရေးဝန်ကြီးဌာနတွင် ကျွမ်းကျင်ဝန်ထမ်းတစ်ဦးအဖြစ် ဆယ်နှစ်တိုင်တိုင် တာဝန်ဝတ္တရားကျေပွန်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့ပါသည်။ အကြောင်းအရင်းကား သင်ဆရာ၊ မြင်ဆရာ၊ ကြား ဆရာသုံးဦးတို့၏ ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။ လက်ဦးဆရာနှစ်ဦး ဖြစ်ကြသည့် ဆရာဦးဘကျော်၊ ဆရာဦးသန်းစောတို့ကား ကွယ်လွန်သွားခဲ့ကြပါပြီ။

ယခု ကျွန်တော်၏ဆရာလည်းဖြစ် လုပ်ဖော်ကိုင်ရေးပြီးသည့် အချိန်အထိ တာဝန်ယူခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ စတင်ထုတ်ဝေသော လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတိုက်တွင် တာဝန်ထမ်းဆောင်သည်။ ပထမ အယ်ဒီတာချုပ် ဆရာကြီးဦးရွှေဥဒေါင်း၏ လက်ထောက်၊ နောက်တွဲဖက်အယ်ဒီတာ(ဒုတိယအယ်ဒီတာချုပ်) တာဝန်များထမ်းဆောင်သည်။ ၁၉၈၉ ခုနှစ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတင်တည်ထောင်သော အချိန်မှ စတင်၍ ဗဟိုအမှုဆောင်ကော်မတီဝင်၊ နောက် ဒုတိယဥက္ကဋ္ဌတာဝန်များယူခဲ့သည်။

၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင်လည်းကောင်း ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် အနောက်ဂျာမနီ၊ ၁၉၆၈ ခုနှစ်တွင် ဆိုဗီယက် ယူနီယံ၊ ၁၉၆၈ ခုနှစ်တွင် အရှေ့ဂျာမနီနှင့် အမေရိကန်နိုင်ငံသို့လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းစာအဖွဲ့ ချစ်ကြည်ရေးလေ့လာရေးခရီးများ သွားရောက်ခဲ့ရသည်။ ပါကစ္စတန်နိုင်ငံ နိုင်ငံတကာဆိုင်ရာ အသိပညာရှင်များ ကွန်ဖရင့်သို့လည်း ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပါသည်။

ရှေ့သို့ ဂျာနယ်၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းစာများအပြင် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းများတွင်လည်း သတင်းစာခေါင်းကြီး၊ ဆောင်းပါးစသည်များ ရေးသားခဲ့ပါသည်။ ဦးလှမြိုင်၏ ကလောင်အမည် (ကိုဆောင်း)ဖြစ်သည်။ ထွန်းဖောင်ဒေးရှင်းမှ ချီးမြှင့်သော တစ်သက်တာစာပေဆုကို ရရှိထားပါသည်။ မြန်မာ့စီးပွားရေးဂျာနယ်၊ ရတနာပုံဂျာနယ်တို့ကို ဦးစီးထုတ်ဝေခဲ့သည်။ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့သမိုင်းကို အခန်းဆက်ရေးသား ခဲ့ပြီး စာအုပ်အတွဲ(၁)နှင့် (၂)ကို ထုတ်ဝေခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့၊ အဖွဲ့ဝင်အဖြစ်လည်းဆောင်ရွက်ခဲ့သည်။ အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ် အသိပညာရှင် အတတ်ပညာရှင် အစုအဖွဲ့ တာဝန်ကိုလည်းယူလျက် ညီလာခံ ပြီးဆုံးသည်အထိ တက်ရောက်ခဲ့သည်။

နိုင်ငံတော်ကချီးမြှင့်သော လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယအဆင့်)လွတ်လပ်ရေး စည်းရုံးမှုတံဆိပ် လွတ်မြောက်ရေးတံဆိပ်တို့ကိုလည်း ရရှိခဲ့သည်။ ဦးလှမြိုင်သည် အသက်(၉၀)ကျော်ရှိနေသည်ဖြစ်စေကာမူ အဖွဲ့မှ ပေးအပ်ထားသော စာပေတာဝန်များကို စွမ်းစွမ်းတမံ အားမာန်အပြည့်ဖြင့် မဆုတ်မနစ်ကြိုးစားဆောင်ရွက်ခဲ့သူဖြစ်သည်။ ခြေကုန်လက်ပန်းကျသွားသည့်တိုင်အောင် မညည်းမညူတာဝန်ယူခဲ့သူလည်း ဖြစ်ပါသည်။

သာသနာရေးလုပ်ငန်းများတွင်လည်း ချမ်းမြေ့ရိပ်သာ၊ သဒ္ဓမရံသီရိပ်သာ၊ ညောင်ကန်အေးရိပ်သာများတွင် နာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဝေနေယျသုခရေချမ်းစင်အသင်းနှင့် ဇီဝိတဒါန သံဃဆေးရုံတို့တွင် နာယက တာဝန်ယူကာ ကူညီဆောင်ရွက်စဲဖြစ်ပါသည်။ စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး ကရုဏာတရားကြီးမားသည်။ သူတစ်ပါးအား ကိုယ်ချင်းစာညှာတာတတ်ကာ အတ္တစိတ် ကင်းသူလည်းဖြစ်သည်။

ကျွန်တော်နှင့်သူ အတူတကွ လက်တွဲဆောင်ရွက်ခဲ့စဉ်ကာလများတွင် စိတ်တူကိုယ်တူ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည် ချည်းပင်။ ဦးလှမြိုင် ကဲ့သို့ သူတစ်ပါးတို့အား နှလုံးစိတ်ဝမ်း အေးချမ်းအောင် ပြုမူဆက်ဆံဆောင်ရွက်ပေးတတ်သည့် ပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်သွားသည့်အတွက် နှမြောတသဝမ်းနည်းရပါသည်။ စာပေဥယျာဉ်ကြီးမှ သင်းပျံ့မွှေးကြိုင်ရနံ့လှိုင်သည့် ပန်းတစ်ပွင့် ကြွေလွင့်ခဲ့ပြန်ပါပြီ။

ကျွန်တော်တို့ချစ်သော ကျွန်တော်တို့ကိုလည်း ချစ်သော ဆရာကြီးဦးလှမြိုင် မြင့်မြတ်သည့်ဘုံဘဝကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်ခင်ဗျာ။

ကျေးရွာပေါင်း ၄၉ရွာအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၉၇၀ အားခွဲဝေ

စစ်ကိုင်း၊ မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်ရှိ ကျေးရွာပေါင်း ၄၉ ရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၉၇၀ ကို မတ်၄ရက် မွန်းလွဲ ၁ နာရီက မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမတွင် ခွဲဝေချထားပေးခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ အနေနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာတွေကို စိစစ်ပြီး အခုလိုခွဲဝေချထားပေးတာပါ။ လုပ်ငန်းဆောင်ရွက်မှုတွေကိုလည်း ကျေးရွာပြည်သူများ သိရှိအောင် မြင်သာအောင် ရှင်းလင်းချိတ်ဆွဲပေးသွားမှာပါ။ နောက်ဆုံး စာရင်းစစ်ဆေးခံနိုင်အောင်အထိပေါ့။ ဖွံ့ဖြိုးရေးလုပ်ငန်းမျိုးစုံနဲ့ ပတ်သက်လို့လည်း အချိန်မီပြီးစီးနိုင်ဖို့အတွက် ဆွေးနွေးမှာကြားခဲ့ပြီး ဖြစ်ပါတယ်"ဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ညိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအထောက်အကူပြု ကော်မတီများက အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

စစ်ကိုင်းခရိုင် ပြန်/ဆက်

ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်

ကျိုင်းတုံ၊ မတ် ၇

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲကို မတ် ၆ ရက် နံနက် ၉ နာရီ၌ ကျိုင်းတုံမြို့နယ် စည်ပင်သာယာခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းကို အထက(၃)ထခွဲကျောင်း၌ သင်တန်းပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ၆ ရက်ဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ ကျိုင်းတုံခရိုင်အတွင်းမှ ကိုယ်စားလှယ်သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်မည်ဖြစ်ပြီး မြို့နယ်နှင့် ရပ်ကွက်ကျေးရွာများမှ ဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များက အဆိုပါသင်တန်း ဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီးနောက် လူဝင်မှု ကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ် သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းတင့်က သင်တန်းသားများအား သိရှိလိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထက်တိုင်းကျော်

ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများမှ ဘွဲ့ဒီဂရီများကို စင်ကာပူနိုင်ငံတွင် တက်ရောက်ရယူလိုသူများအတွက် ပညာရေးလမ်းညွှန်ဆွေးနွေးပွဲ ...

- တက္ကသိုလ်ဝင်တန်း (၁၀တန်း) အောင်မြင်ပြီးသူများ၊ IGCSE / GCE 'O' Level (သို့မဟုတ်) ပုဂ္ဂလိက ကျောင်းများမှ Grade 11th /12th ခြေထိုအောင်မြင်သူများ အတွက် ...
- Single major နှင့် Double majors ဘွဲ့ဒီဂရီများနှင့် ဘွဲ့လွန်ဒီဂရီများအကြောင်း ...
- နိုင်ငံတကာအသိအမှတ်ပြု ABE / HND / LCCI 3 / IDCS/ IADCS ...

မန္တလေး ပညာရေးဆွေးနွေးပွဲ
၈.၃.၂၀၁၄ (စနေနေ့)

ရန်ကုန် ပညာရေးဆွေးနွေးပွဲ
၉.၃.၂၀၁၄ (တနင်္ဂနွေနေ့)

AT&S

အောက်တိုဘာလအတွင်း ချင်းပြည်နယ် မင်းတပ်နှင့် ဟားခါးမြို့များတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအောက် ရုံးခွဲဖွင့်လှစ်နိုင်ရန် စီစဉ်နေ

ရန်ကုန်၊ မတ် ၇

ချင်းပြည်နယ်၏ ခရီးသွားလုပ်ငန်းများ အထိုက်အလျောက် တိုးတက်လာစေရန် ရည်ရွယ်၍ မင်းတပ်မြို့နှင့် ဟားခါးမြို့များတွင် အောက်တိုဘာလအတွင်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနလက်အောက် ရုံးခွဲများဖွင့်လှစ်သွားရန် စီစဉ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီရုံးခွဲကို ဖွင့်နိုင်ဖို့ အစိုးရအဖွဲ့က တာဝန်ရှိသူတွေနဲ့ ဆွေးနွေးခဲ့သလို ချင်းပြည်နယ် ဝန်ကြီးချုပ်ရဲ့ ကမ်းလှမ်းချက်ကြောင့်လည်း ပါပါတယ်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှာ ဖွင့်ဖြစ်ပါမယ်။ ဖွင့်ဖြစ်ရင် လက်ထောက်ညွှန်ကြားရေးမှူး ဒါမှမဟုတ် ဦးစီးအရာရှိကို တာဝန်ချထားပေးမှာဖြစ်ပါတယ်" ဟု နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ချင်းပြည်နယ်ရှိ တောင်ဘက် မင်းတပ်မြို့နှင့် မြောက်ဘက် ဟားခါးမြို့များတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအောက် ရုံးခွဲနှစ်ခု ဖွင့်လှစ်ပြီးပါက ချင်းပြည်နယ် တစ်ပြည်နယ်လုံးရှိ သွားရောက်လည်ပတ် အပန်းဖြေနိုင်မည့် နေရာများသို့ နိုင်ငံခြားသား ခရီးသွားများပါ သွားရောက်လေ့လာလည်ပတ်နိုင်မည်ဖြစ်ပြီး ချင်းပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝနှင့် စားဝတ်နေရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

"နိုင်ငံခြားခရီးသွားတွေ ဝင်ရောက်လာတော့ ဒေသခံတွေ ဝင်ငွေ အခွင့်အလမ်း တိုးပွားလာမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ဟိုတယ်မရှိတော့ တည်းခိုဖို့နေရာ အခက်အခဲဖြစ်နိုင်တယ်။ ဟိုတယ်က ကန်ပက်လက်မြို့နယ် နတ်မတောင် အမျိုးသားဥယျာဉ်မှာပဲရှိပါတယ်။ ဟားခါးမှာတော့ ရိုးရိုးအဆင့်ဟိုတယ် ဆောက်ထားတာ ရှိပါတယ်။ ဟိုတယ်တွေဆောက်ပေးရင် ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမှာပါ" ဟု ချင်းပြည်နယ်အစိုးရအဖွဲ့၏တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်တွင်း ရုံးခွဲနှစ်ခု ဖွင့်လှစ်ပြီးပါက ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့မှ ကန်ပက်လက်မြို့ရှိ နတ်မတောင် အမျိုးသားဥယျာဉ်သို့ သွားရောက်လည်ပတ်နိုင်ပြီး ထိုလမ်းပေါ်ရှိ ချင်းကျေးရွာများ၏ သဘာဝအလှများ လေ့လာနိုင်မည်ဖြစ်သည်။

မြောက်ပိုင်း ဟားခါးမြို့မှတစ်ဆင့် တီးတိန်နှင့် အသဲပုံရိဒ်ရေကန်သို့ပါ သွားရောက် လည်ပတ်နိုင်ပြီး ယခုလက်ရှိတွင် မင်းတပ်မှ ကန်ပက်လက်သို့ သွားရာလမ်းအား ပြင်ဆင်နေသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း ဟိုတယ်များ တည်ဆောက်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီလို ရုံးခွဲ ဖွင့်လှစ်ပေးနိုင်တာ အရမ်းကိုကောင်းပါတယ်။ ဒေသခံတွေရဲ့ ဘဝတွေလည်း အများကြီး တိုးတက်လာမှာပါ။ ချင်းပြည်နယ်မှာ ကဒေသဆိုင်ရာ ဧည့်လမ်းညွှန်အရင်က သုံးဦးလောက်ပဲရှိပါတယ်။ အခုလူငယ်တွေအနေနဲ့လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ အရင်ကထက် ပိုလာမှာတော့ ဝမ်းသာစရာပါ" ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ပြောသည်။

ချင်းပြည်နယ်ရှိမြောက်ဘက် ဟားခါးနှင့် တောင်ဘက် မင်းတပ်မြို့များ အတွင်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်တွင် ရုံးခွဲနှစ်ခုတည်ဆောက်ခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်းသိရသည်။

စိုးအောင်ဖေ

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကန် ရေညစ်ညမ်းမှု မရှိစေရေး ရက်ကန်းနှင့်ဆေးဆိုးလုပ်ငန်းရှင်များအား အသိပညာပေး

မန္တလေး၊ မတ် ၇

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ထီးလှိုင်ဆည်အနီးရှိ ကျေးရွာများမှရက်ကန်းနှင့် ဆေးဆိုးလုပ်ငန်းရှင်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအဖြစ် ပြုလုပ်ပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ထီးလှိုင်ဆည်အနီးရှိ ဆည်ရွာကျေးရွာနှင့် စိန်ပန်းပင်ကျေးရွာတို့မှ ရက်ကန်းနှင့် ဆေးဆိုး လုပ်ငန်းရှင် ၄၅ ဦးအား ဆိုးဆေးလုပ်ငန်းမှ စွန့်ပစ်သည့်အညစ်အကြေးများ ထီးလှိုင်ကန်အတွင်း မဝင်ရောက်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ ရေထုညစ်ညမ်းမှုနဲ့ ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် သစ်ပင်စိုက်ပျိုးကြရန်နှင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ပြောသည်။

အဆိုပါ ချည်ဆိုးဆေး စွန့်ပစ်မှုနှင့်ပတ်သတ်၍ နိုင်ငံတော်သမ္မတကြီးက ချည်ဆိုးဆေးလုပ်ငန်းမှ စွန့်ပစ်ရေများ စနစ်တကျသိုလှောင်ထားမှု၊ ထီးလှိုင်ချောင်းအတွင်း ရေသန့်ရှင်းမှုနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ရန် ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

ထီးလှိုင်ဆည်အနီး ရေညစ်ညမ်းမှုမရှိစေရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးနေစဉ်။

ဟောပြောပွဲကို ဆည်ရွာကျေးရွာရှိ ကိုးနဝင်းအောင်တော်မူဘုရားဓမ္မာရုံ၌ မတ် ၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သတ်၍ တာဝန်ရှိသူများက အသိပညာပေးခဲ့သည်။

ဇန်နဝါရီလမှ စတင်ပြုပြင်နေသည့် ထီးလှိုင်ကန်ကြီးအား မတ်လအတွင်း ပြုပြင်မှုပြီးစီးမည်ဖြစ်ပြီး အိမ်ထောင်စု ၁၅၀၀ ခန့်၊ လူဦးရေ ၈၅၀၀ ခန့်၊ စိုက်ပျိုးမြေဧက ၁၃၉၀ တို့အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်မည်ဖြစ်သည်။

အောင်ရဲသွင်

သတင်းတိုများ

စဉ့်ကူးတွင်ပင်စင်စားများအား ဖုန်းကတ်များ ရောင်းချပေး

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အငြိမ်းစားဝန်ထမ်းများအား တန်ဖိုးနည်းဖုန်းကတ်များအား မတ် ၄ ရက်တွင် ရောင်းချပေးခဲ့ကြောင်း သိရသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား မြို့နယ်အနေဖြင့် WCDMA ဖုန်းကတ် ၅၀ ရရှိသဖြင့် မဲစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်းပြောသည်။ စဉ့်ကူးမြို့နယ်အနေဖြင့် မြို့ပြပင်စင် ၄၂၃ ဦး ၊ နိုင်ငံရေးပင်စင် ၁၂၄ ဦး၊ ကာကွယ်ရေးပင်စင် ၁၈၁ ဦး၊ ဌာနဆိုင်ရာ ထုတ်ပေးပင်စင် ခြောက်ဦး၊ သီးခြားတင်ပြသည့်ပင်စင် ခုနှစ်ဦး၊ စုစုပေါင်း ၇၄၁ ဦးတို့အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြင့်သူ(စဉ့်ကူး)

သုံးခွတွင် ကလေးငယ်တစ်ဦး ဘောလုံးမှန်ကာသေဆုံး

သုံးခွမြို့မရဲစခန်းမှ ဒုရဲအုပ်ညွန့်ဝင်းနှင့်အဖွဲ့သည် သုံးခွဆေးရုံတွင် မတ် ၅ ရက် ညနေ ၅ နာရီ ၂၅ မိနစ်က ဘောလုံး ထိမှန်သည့် ကလေးငယ်တစ်ဦး ဆေးကုသနေစဉ် သေဆုံးခဲ့ကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ အသက်ငါးနှစ်အရွယ် မအေးသူခိုင်ဖြစ်ပြီး နေအိမ်အနီး ရေကန်ဟောင်းထဲတွင် လင်းထက်အောင်၊ သော်ခန့်ဇော်နှင့် ဖိုးငိုတို့ကန်လိုက်သည့် ဘောလုံးဖြင့် ဝဲဘက်ဝမ်းဗိုက်ကို ထိမှန်ခဲ့ပြီး ဗိုက်အောင့်ဝေဒနာရရှိကာ ဆေးရုံသို့ တက်ရောက်ကုသနေစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ သုံးခွမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၃/၁၄ ဖြင့် အမှုဖွင့်စစ်ဆေး လျက်ရှိကြောင်း သိရသည်။

(၃၁)

လယ်ယာသားငါးသစ်တောကဏ္ဍဆပ်ကော်မတီ(Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး

ကျေးလက်ဒေသမီးလင်းစေရေးနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ ပဲခူးတိုင်းဒေသကြီး၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်မီးလင်းရေး၊ ရေရရှိရေး၊ လမ်း၊ တံတားလုပ်ငန်းများတွင် ပြည်နယ်/တိုင်း ဒေသကြီးလိုအပ်ချက်အရ စုစုပေါင်း (၁၁၉၇၄)သိန်းလျာထားပြီး ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်မီးရရှိရေးအတွက် အနိမ့်ဆုံးစနစ်ဖြစ်သည့် ဆိုလာစနစ်ဖြင့် မီးရရှိရန် သတ်မှတ်ထားပါသည်။ ကုမ္ပဏီမှ မီးလင်းရေးအတွက် မီးချောင်းသုံးချောင်း၊ ပန်ကာ၊ တီဗွီသုံးလျှင် တစ်လလျှင် ၂၅၀၀ ကျပ် သွင်း၍ (၁၀)နှစ် ဆပ်သည့်စနစ်အား ကမ်းလှမ်းထားရှိပါသည်။

လယ်ယာသုံးစက်ကိရိယာနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးများကို သုံးနှစ်တွင် လေးရစ်အရစ်ကျခွဲပြီး ပေးချေ၍ ဝယ်ယူနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ငွေချေး၍ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးစရိတ်ချေးငွေနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှုအခြေအနေ တောင်သူများ စိုက်ပျိုးစရိတ်အရင်းအနှီးရရှိစေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုး၊ ဆောင်း၊ မိုးကြိုသီးနှံများ ခွဲခြား၍ ချေးငွေထုတ်ပေးရာတွင် စပါးသီးနှံတွင် ယခင်က တစ်ဧကကို ကျပ်နှစ်သောင်းချေးရာမှ ကျပ်ငါးသောင်းနှုန်းသို့ တိုးမြှင့်ထုတ်ချေးခဲ့ပြီး ယခုနှစ်မိုးရာသီတွင် တစ်သိန်းကျပ်နှုန်းအထိ တိုးမြှင့်ပေးခဲ့ပါသည်။ ထို့ပြင် ဆောင်းသီးနှံများအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းထိ လည်းကောင်း၊ ချက်ကြံသီးနှံအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းထိ လည်းကောင်း တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပြီးဖြစ်၍ တောင်သူလယ်သမားများ ပိုမိုအထောက်အပံ့ရရှိစေနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လယ်ယာမြေကို (၁၀)ဧက အထိ ပိုင်ဆိုင်ပါက လုပ်ကွက်ငယ်တောင်သူ အဖြစ် သတ်မှတ်ပြီးငွေချေးယူနိုင်ပြီး တစ်နိုင်ငံလုံးအနေဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၃ မိုးရာသီ၊ ဆောင်းရာသီ၊ သီးနှံထုတ်လုပ်မှုဘဏ်ချေး ငွေကျပ် ဘီလီယံ တစ်ထောင်ကျော်ကို ထုတ်ချေးပေးလျက်ရှိပါသည်။ သမ ဝါယမဝန်ကြီးဌာနမှလည်း အသေးစားချေးငွေများ ထုတ်ချေးလျက်ရှိပါသည်။

မျိုးကောင်းမျိုးသန့်ရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ မြန်မာနိုင်ငံတွင် စပါးမျိုးကွဲပေါင်း ၁၀၀ ကျော်ရှိ၍ ပဲခူးတိုင်းဒေသကြီးအတွင်း စပါးမျိုးကွဲ ၃၀ ကျော်ရှိသည့် အနက် ရေမြေကွဲပြားခြားနားချက်အရ ဒေသ၊ ရာသီဥတုနှင့် ကိုက်ညီသော စပါးမျိုးကွဲ သုံးမျိုးသာ စိုက်ပျိုးရန် နိုင်ငံပိုင်ခြံများမှ စပါးမျိုးများ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

အကျိုးတူ မျိုးစေ့ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကနှင့် နိုင်ငံခြားကုမ္ပဏီများကို ဖိတ်ခေါ်၍တိုင်းဒေသကြီးအလိုက်၊ မြို့နယ်အလိုက် မျိုးသန့်ဇုန်များတည်ထောင်ပြီးဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။

မြေသြဇာဝယ်ယူရရှိရေးနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ သနပ်ပင်မြို့နယ်၏ စပါးစိုက်ဧကများအတွက် ယူရီးယားဓာတ်မြေသြဇာလိုအပ်ချက်များကို စုစည်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးပို့လာခြင်းအား စွမ်းအင်ဝန်ကြီးဌာနနှင့်ချိတ်ဆက်၍ ဝယ်ယူခွင့် ရရှိအောင် အမြန်ဆုံးဆောင်ရွက်ပေးပြီး ဖြစ်ပါသည်။

လယ်ယာမြေအခြားနည်းသုံးစွဲခွင့်နှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် ကြေးတိုင်းနှင့် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ အများအကျိုးစီးပွားအတွက် လယ်ယာမြေကို အခြားနည်းဖြင့် သုံးမည်ဆိုလျှင် လယ်ယာမြေဥပဒေအပိုဒ် (၃၀) တွင် အပိုဒ်ခွဲ(က)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် လယ်ယာကို အခြားနည်းဖြင့် အသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်ဟူ၍ လည်းကောင်း၊ အပိုဒ်ခွဲ(ခ)အရ သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်ဟူ၍ လည်းကောင်း ဖော်ပြချက်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ဓာတုကင်းလွတ်စိုက်ပျိုးရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတုကင်းလွတ်စိုက်ပျိုးရေး (Organic Farming) ကိုသာမကဘဲ (Good Agricultural Practice) စိုက်ပျိုးထုတ် လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်း လေ့ကျင့်ပညာပေးဆောင်ရွက်နေပါသည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို နေပြည်တော်တွင် နိုင်ငံခြားပို့ကုန်အလားအလာရှိသော သခွားမွှေး၊ သရက်၊ ဖရဲအပြင် အခြားဟင်းသီးဟင်းရွက်သစ်သီးဝလံများတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ နေပြည်တော်တွင် Organic Farming Model Farm တည်ထောင်၍ ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို စနစ်တကျလက်တွေ့ညှိနှိုင်းပြသ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြစ်ကျိုးကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီမှ ဆောင်ရွက်ပေးမှုအခြေအနေ စစ်တောင်းမြစ်တူးဖော်ရေးလုပ်ငန်းကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပေးပို့ညှိနှိုင်းထားပြီးဖြစ်ပါသည်။

ရွှေကျင်မြို့နယ်တွင် ရော်ဘာစိုက်ပျိုးရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီမှ ဆောင်ရွက်ပေးမှုအခြေအနေ ရွှေကျင်မြို့နယ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ရော်ဘာစိုက်တောင်သူများ၏ ရော်ဘာထပ်မံ စိုက်ပျိုးရန်ကိစ္စနှင့်ပတ်သက်၍ ကန့်သတ်ချက်ရှိနေခြင်းအား ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့သို့ တင်ပြညှိနှိုင်းပေးပြီးဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

လယ်ယာသုံးစက်ကိရိယာနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ တန်ဖိုးကြီးမားသော ထွန်စက်ကြီးနှင့် ရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူမည်ဆိုပါက နီးစပ်ရာလယ်သမားနှစ်ဦး၏ ထောက်ခံချက်ဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ လယ်သမား၏ပိုင်ဆိုင်မှုကို ကွင်းဆင်းစိစစ်၍ရောင်းချပေးခြင်း၊ ပြုပြင်ထိန်းသိမ်းနည်းစနစ်သင်တန်းများ ပို့ချပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးစရိတ်ချေးငွေနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှုအခြေအနေ စပါးသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ယခင်ကတစ်ဧကလျှင် တစ်သောင်းကျပ်၊ နှစ်သောင်းကျပ်နှုန်းချေးပေးခဲ့ရာမှ ယခုနှစ်တွင် တစ်သိန်းကျပ်နှုန်းဖြင့် စုစုပေါင်း သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေပေါင်း ကျပ်ဘီလီယံ တစ်ထောင်ကျော်ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။ တောင်သူများဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် ချေးငွေများကို သီးနှံပေါ်ချိန်တွင် ပေးဆပ်နိုင်ရန်၊ မိုးချေးငွေကို မတ် ၃၁ ရက်နှင့် ဆောင်းချေးငွေကို ဇွန် ၃၀ ရက်နောက်ဆုံးထား၍ ပေးဆပ်ရန်သတ်မှတ်ထားပါသည်။

ရေချိုငါး၊ ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရေချိုငါး၊ ပုစွန်များကို တစ်နိုင်တစ်ပိုင်ဆောင်ရွက်ပေးရာတွင် Technical Support အနေဖြင့် ချောင်းသာတွင် Research Centre ဖွင့်ထားပါသည်။ တွံတေးတွင် ဓာတ်ခွဲခန်းတစ်ခုဖွင့်ရန် ရှိပါသည်။ ရေချိုငါး၊ ပုစွန်များမွေးမြူရေး အတွက် ကော့မှူးတွင်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ရှမ်းပြည်နယ်

လယ်ယာသုံးစက်ကိရိယာနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ ရိတ်သိမ်းခြွေလှေ့စက်များနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနတွင် ရိတ်သိမ်းခြွေလှေ့စက်အစီး ၄၀၀ ကျော် ထုတ်ထားပြီးဖြစ်ပါသည်။ ဝယ်ယူရရှိရေးအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးစရိတ်အရင်းအနှီးရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှုအခြေအနေ တောင်သူများ စိုက်ပျိုးစရိတ်အရင်းအနှီးရရှိစေရန် လယ်ယာမြေဥပဒေပုဒ်မ (၉) ပုဒ်မခွဲ (ခ)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများအရ လယ်ယာမြေမှတ်ပုံတင်ပြီး ချိန်တွင် အစိုးရဘဏ်များတွင် ပေါင်းနှံနိုင်ကြောင်း ဖော်ပြထားပါသည်။

သိမ်းဆည်းလယ်ယာမြေကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ သိမ်းဆည်းမြေကိစ္စကို မြေအသုံးချစီမံခန့်ခွဲရေးကော်မတီဖြင့် စိစစ်ညှိနှိုင်းပေးလျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် တပ်မတော်မှ သိမ်းဆည်းထားသော မြေကိစ္စနှင့် ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြေသြဇာဝယ်ယူရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ မြေသြဇာကို ယခင်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ၂၀၀၄ ခုနှစ်မှစ၍ ပုဂ္ဂလိကကဏ္ဍကို လွှဲပြောင်းပေးခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟု ပါရှိ၍ နည်းပညာနှင့်ဥပဒေပိုင်းကိုသာ ဝန်ကြီးဌာနမှ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် မြေသြဇာကိစ္စနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနမှထုတ်သောယူရီးယားကို သုံးစွဲလိုပါက သက်ဆိုင်ရာကျေးရွာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှတစ်ဆင့် ပြည်နယ်စိုက်ပျိုးရေးဝန်ကြီး၏ ထောက်ခံချက်ဖြင့် လျှောက်လွှာများကို စွမ်းအင်ဝန်ကြီးဌာနသို့ တိုက်ရိုက်လျှောက်ထား၍ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

ဆက်လက်ဖော်ပြပါမည်

Invitation for Prequalification
(For Procurement of Cargo Handling Equipment)

1. The Government of Republic of the Union of Myanmar has received a Loan from Japan International Cooperation Agency toward the cost of the Sub-Project for Expansion of Yangon Port in Thilawa Area (Phase-I) under Infrastructure Development in Thilawa Area(Phase-I). It is intended that part of the proceeds of this Loan will be applied to eligible payments under the contract resulting from the bidding for which this prequalification is conducted.
2. The Myanma Port Authority intends to prequalify contractors and/or firms for procurement of the following plants:
   - STS (Ship-to-Shore) Gantry Crane: 2 units
   - RTG(Rubber Tyre Gantry): 6 units
   - Reach Stacker: 3 units
   - Tractor & Chassis: 6 units
   - Forklift (3.5ton-lift): 2 units
3. It is expected that Invitation for Bids will be made in May.
4. Prequalification will be conducted through procedures in accordance with the applicable Guidelines for Procurement under Japanese ODA Loans, and is open to all Applicants from eligible source countries, as defined in the Loan Agreement.
5. Interested eligible Applicants may obtain further information from and inspect the Prequalification Documents at the office of Myanma Port Authority, No.10, Pansodan St. Kyauktada Township, Yangon, Myanmar from on March 10-13, 2014 during Office Hour from 9:30 to 16:30.
6. A complete set of the Prequalification Documents may be purchased by interested Applicant(s) on the submission of a written Application to the address above and upon payment of a nonrefundable fee of USD 500.00.
7. Applications for prequalification should be submitted in sealed envelopes, delivered to the address above by April 23, 2014 and be clearly marked "Application to Prequalify for the Package 2: Procurement of Cargo Handling equipment, Sub-Project for Expansion of Yangon Port in Thilawa Area (Phase-I) under Infrastructure Development in Thilawa Area (Phase-I)."

U Kyaw Myint
Managing Director, Myanma Port Authority
No.10, Pansodan St. Kyauktada Township,
Yangon, Myanmar
Facsimile number: 95-1-246781, 391355

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
မြန်မာသိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန (စံသတ်မှတ်ရေးဌာန)
- Weight
- Volume
- Analytical Balance
- Multifunction Calibrator
- Gas/Cal Full Licence
- Multimeter

ဦးသောင်းစိန် + ဒေါ် ခင်လှိုင်
စိန်ငါးပွင့်ဆန်ဆိုင်
အဆောင်(ရ)၃၇၊ ဓန္ဓာသေဝမ်း၊ ဘုရင့်နောင်ပွဲရုံတန်း
ဖုန်း-၀၉-၅၀၃၃၇၃၄၉၊ ၀၉-၂၅၄၂၅၉၇၂၉
ရွှေဘိုပေါ် ဆန်းစစ်စစ်စားသုံးသူများအတွက် အိမ်တိုင်ရာရောက် အခမဲ့ပို့ပေးပါသည်။

သီတဂူသုမေဓာဆေးရုံ လမ်းခင်းအလှူ ပါဝင်လှူဒါန်းနိုင်

သီတဂူရွှေပြည်ဟိန်းကျောက်ခဲဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

KBZBank(AccountNo.0073020870169030)

သာသနာ့ရောင်ဝါထွန်းစေဖို့ သမ္မတာ သက်နိုး ဝေယ်သူလှူဒါန်းကြပါစို့ .....



MBA Society ဂေါက်သီးရိုက်ပြိုင်ပွဲဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော MBA Society၏ (၁၂)ကြိမ်မြောက် ဂေါက်သီးရိုက် ပြိုင်ပွဲအား ၁၆-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်း ၆း၃၀နာရီတွင် ရန်ကုန်မြို့တော် စည်ပင်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် MBA ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ပြိုင်ပွဲဝင်မည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ၁၁-၃-၂၀၁၄ရက် နောက်ဆုံး ထား၍ အောက်ပါကျောင်းသားများထံ ဆက်သွယ်စာရင်းပေးနိုင်ပါသည်။

ကိုရွှေပြည်ဟိန်း ၀၉-၅၁၁၃၈၈၅၊ ကိုတင်ထွတ်-၀၉-၄၅၀၀၄၄၆၀၁၊

ကိုအောင်အောင် ၀၉-၅၀၁၁၆၀၈

MBA Society ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ



ဦးခင်ကြိုင်

ရမည်းသင်းမြို့၊ သစ္စာလမ်း၊ ရန်ကုန်-မန္တလေး ဟိုင်းဝေးလမ်းမ အနီး၊ မြို့နယ်သမရုံးရှေ့ ပေ(၅၀× ၂၀၀)မြေကွက်၊ ညှိနှိုင်းဈေး။
ဖုန်း-၀၉-၂၅၄၁၃၆၆၃၅၊
၀၉-၂၅၉၁၂၁၃၃၅။

သွေးသည် အသက်

၂၆-၂-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၃)ပါ တရားလွှတ်တော်ရှေ့နေဦးပိုင်ဆာခဲ့၏ အများသိစေရန်အသိပေးကြော်ငြာခြင်းအပေါ်ကန့်ကွက်ခြင်း

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းစံပြကျေးရွာအုပ်စု၊ ကျောင်းကြီးရပ်ကွက်၊ အမှတ်(၃)လမ်း၊ အမှတ်(၂၉၈)နေ ဒေါ်ခင်မာဌေး(ခ)ချောချော [၇/သကန(နိုင်)၀၉၃၅၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ခေါင်းစဉ်ပါ ကြော်ငြာခြင်းအပေါ် ကန့်ကွက်အပ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်သည် ယနေ့အချိန်အထိ မြေပုံရာဇဝင်ထဲတွင် အမည်မသိမြေကွက်ဖြစ်ပါသည်။ ဦးဗျက်ဇဟုမ်းနှင့် ဒေါ်ဟွေကီးတို့သည် ခရစ်ယာန်ဘုရားကျောင်းတွင် ၂၀၀၄ခုနှစ်က ဆုတောင်း၍ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ဦးဗျက်ဇဟုမ်းကွယ်လွန်ပြီးနောက် ၎င်း၏ညီအရင်းဖြစ်သူ ဦးဗန်ကုန်းသည် ဖော်ပြပါ မြေကွက်ပေါ်တွင် နှစ်(၆၀)မြေငှားစာချုပ်ရရှိရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနသို့လျှောက်ထားရာ ဒေါ်ခင်မာဌေး(ခ)ချောချောက ကန့်ကွက်လွှာတင်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်တွင် တရားမကြီးမှုအမှတ်-၃၄၃/၂၀၁၁ဖြင့် (၂)နှစ်ကျော် အမှုရင်ဆိုင်ခဲ့ပြီး တရားရုံးမှဒေါ်ခင်မာဌေး(ခ)ချောချောအား အမွေထိန်းစာထုတ်ပေးခဲ့ပါသည်။

ဒေါ်ခင်မာဌေး(ခ)ချောချော ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်တွင် အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၈၃အရ အမွေထိန်းစာထုတ်ပေးပါရန် တင်ပြလျှောက်ထားခြင်း၊ တရားစွဲဆိုစဉ်ကလည်း ဒေါ်ဟွေကီးကိုယ်တိုင်တရားဝင်ဇနီးမယားဖြစ်ကြောင်း အပြိုင်လျှောက်ထားခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့် အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ်တွင် ဦးဗျက်ဇဟုမ်း၏ ပထမဇနီးဖြစ်သူ ဒေါ်ဟွေကီးနှင့် သား(၂)ယောက်ဖြစ်သူတို့၏ အမွေဆိုင်ပစ္စည်းဆိုသည်မှာ ကန့်ကွက်အပ်ပါသည်။

ဒေါ်ခင်မာဌေး(ခ)ချောချော၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်ဝင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၁၃၉၉၄)

ဦးကျော်အောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၂၅၅၅)

အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၇၇၂၈၃

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျော်သူဟိန်း[၁၄/ပသန(နိုင်) ၂၃၄၈၅၆] ကိုင်ဆောင်သူသည် ဆုံးမမှုမနာခံပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ကိစ္စအဝဝ တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဖခင်-ဦးစိန်မင်း
[၁၄/ပသန(နိုင်)၀၅၆၄၃၈]
မိခင်-ဒေါ်သီတာ
[၁၄/ပသန(နိုင်)၀၅၆၃၁၃]

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀၈၊

ဦးရှိန်မြင့်	နှင့်	၁။ဒေါ်နုနု(ခ)ဒေါ်အေးအေးမိုး
		၂။ဒေါ်သီတာမင်း
		၃။ဒေါ်ဖြူဖြူသန်း
တရားလို		**တရားပြိုင်များ**

အမှတ်-၆၂၂/ခ၊သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်သီတာမင်း (ယခုနေရပ်လပ်စာမသိ) နှင့်အမှတ်-၂၂၇(ပ-ထပ်)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခု နေရပ်လိပ်စာမသိ) ဒေါ်ဖြူဖြူသန်းတို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ မတ်လ(၂၁)ရက် (၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီ တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မေရီ)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းကြည်(ဘုတလင်)

အသက်(၉၃)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဦးစောဝင်း၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်အုန်းကြည် အသက်(၉၃)နှစ်သည် ၂-၃-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေတင်စက်ဒါယိကာမကြီး

ဒေါ်အုန်းကြည်(ဘုတလင်)

အသက်(၉၃)နှစ်

လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ်-၂၇/၂၈/ဘီ၊ အခန်း(၆) နေ ပါမောက္ခဒေါက်တာစောဝင်း[ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆရာဝန်အသင်း]-ဒေါ်နန်းဖြူဖြူတို့၏မိခင် ဒေါ်အုန်းကြည်သည် ၂-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆရာဝန်အသင်း
ငှက်ဖျားစီမံချက်မှဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟုန်တင်(ခ)ဒေါ်ရှူတင်

အသက်(၈၈)နှစ်

ဦးကင်းစိန်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သရက်ချောင်းမဲဆန္ဒနယ် တနင်္သာရီတိုင်းဒေသကြီး)-ဒေါ်ရီရီစန်းတို့၏မိခင်သည် ၄-၃-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ
တနင်္သာရီတိုင်းဒေသကြီး

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးမျိုးမြင့် (၇၁)နှစ် (၂၆-၂-၂၀၁၄)

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(သာသနာရေးဝန်ကြီးဌာန)

ဒေါ်တင်တင်ဝင်း (၇၁)နှစ် (၁-၃-၂၀၁၄)

သမိုင်းပါမောက္ခ(ငြိမ်း) (အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)

ချစ်ခင်ရိုသေလေးစားရပါသော ဆရာကြီးနှင့် Teacher ကြီး ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တစ်သက်လုံး သတိရဝမ်းနည်းနေတော့မှာပါ Teacher

လကမ္ဘာကုမ္ပဏီလီမိတက်
လကမ္ဘာအင်ဂျင်ဝိုင်နှင့်ကားအပိုပစ္စည်းမိသားစု
ရန်ကုန်နှင့် မန္တလေး



ဝမ်းနည်းကြေကွဲခြင်း

အသင်းဝင်အမှတ်(၀၅၈)၊ ဦးခင်ညို အသက်(၇၆)နှစ်၊ မြန်မာ့စိုက်ပျိုးရေး(ငြိမ်း)သည် နည်းပညာတက္ကသိုလ်(ရန်ကုန်)ဝင်း၊ အမှတ်(၁၅)B နေအိမ်၌ ၂-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဇာခြည်ဝင်း(ခ)ဇာဇာ

အသက်(၃၅)နှစ် အထက်တန်းပြဆရာမ

ရမည်းသင်းမြို့၊ အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော သမီးရင်း၊ ညီမရင်းကဲ့သို့ ချစ်ခင်ခဲ့ရပါသော ဒေါ်ဇာခြည်ဝင်း(ခ)ဇာဇာသည် ၂၃-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ ဇာဇာ ကောင်းရာသုဂတိလားပါစေ။

ဒေါ်ဝင်းမား၊ ဒေါ်နီနီဝင်း၊ ဒေါ်သီသီဝင်း
အထက(၁)၊ ရမည်းသင်းမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

သုဓမ္မမဏိဇောတဓရ၊ အဘိဓမ္မဓရ၊ သီဟသုဓမ္မမဏိဇောတဓရ

သီတဂူဒေါက်တာဦးစိုးမြင့် (၅၈)နှစ်

ချစ်ခင်ရပါသော သူငယ်ချင်း သီတဂူဒေါက်တာဦးစိုးမြင့်သည် ၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်းများ
(1974-1982 MARCH, BATCH)

ကျေးဇူးအထူးတင်ရှိခြင်း

၂၆-၂-၂၀၁၄ ရက် နံနက် ၂း၁၇ နာရီတွင် ကွယ်လွန်သွားသည့် ဗိုလ်ကြီးကောင်းထက်(ငြိမ်း)၏ နာမကျန်းဖြစ်နေစဉ်နှင့် ကွယ်လွန်ချိန်အထိ မိသားစုသဖွယ်ဝိုင်းဝန်းကူညီပေးသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းအမှုထမ်းများ၊ လိုက်ပါပို့ဆောင်ကြသည့် ရပ်ဝေး၊ ရပ်နီးမှမိတ်ဆွေသင်္ဂဟများ၊ ကွယ်လွန်သည့်ရက်မှစ၍ ရက်လည်ဆွမ်းကျွေးအထိ ကိစ္စအဝဝကို အဘက်ဘက်မှ ပြည့်စုံစွာ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

မရွှန်းလဲ့သာ(CSISPGC 6th Batch နှင့် PGDPM 2nd Batch)၏မိခင် ဒေါ်နှင်းနှင်းဝေ(ခ)မဖြူသည် ၂၆-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

CSIS မှ ဆရာ/ဆရာမများနှင့် ရုံးအဖွဲ့သားများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂Y-၂၊ မြေကွက်အမှတ်-V၁၀၊ မြေကွက်တည်နေရာအမှတ်-၄၄၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်- ၁။ဒေါ်လှကြည်[၁၂/လသန(နိုင်)၀၀၃၅၀၂]၊ ၂။ဦးထိန်လင်း[၁၂/လမတ(နိုင်)၀၂၂၉၅၁]၊ ၃။ဦးလှသိန်း[၁၂/ကတတ(ဧည့်)၀၀၀၄၀၂]၊ ၄။ဦးထိန်မင်း[၁၂/လသန(နိုင်)၀၁၈၇၆၀]၊ ၅။ဦးထိန်တင်[၁၂/လသန(နိုင်)၀၀၃၅၀၃]အမည်ပေါက် နှစ်(၉၀)ဂရန်သက်တမ်းမြေအား အမည်ပေါက်များကိုယ်တိုင်တို့မှ အဆိုပါမြေအား ၎င်းတို့ဝယ်ယူခဲ့သည့် အရောင်းအဝယ်စာချုပ်(၄၁၆၁/၁၉၉၈)နှင့် အဆိုပါမြေ၏ ဦးစိန်လှိုင်အမည်ပေါက်မှတ်သားခဲ့သည့် နှစ်(၉၀)မြေငှားဂရန်တို့တင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



(၉)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း(၈-၃-၂၀၁၄)

ကျော်မြတ်ထူး

(MP-မအူပင် GTC)(EC-CDC.51038)

သားကြီးရေ အမေတို့နဲ့ခွဲခွာသွားခဲ့တာ ဒီနေ့ဆိုရင် (၉)နှစ်ပြည့်ခဲ့ပါပြီ။ ရက်တွေ လတွေ နှစ်တွေ ဘယ်လိုပဲပြောင်းခဲ့ပေမယ့် အမေတို့ရင်ထဲမှာတော့ သားကြီးကို အမြဲသတိရလျက်ပါ။

ဖေဖေ-မေမေ-ဦးထွန်းအောင်ကျော်-ဒေါ်သန်းသန်းအေး
ညီမလေး-မျိုးမင်းဦး-မီးငယ်၊ Dr.ဝေနှင်းသူ

အထူးဝမ်းနည်းကြေကွဲခြင်း

သုဓမ္မမဏိဇောတဓရ၊ အဘိဓမ္မဓရ၊ သီဟသုဓမ္မမဏိဇောတဓရ

သီတဂူဒေါက်တာဦးစိုးမြင့်

အသက်(၅၈)နှစ်

'မြိုင်'အထူးကုဆေးခန်း

ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး(၉၀၀၀)အဖွဲ့ကြီး၏ အလုပ်အမှုဆောင် သီတဂူဒေါက်တာဦးစိုးမြင့်သည် ၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ
ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး(၉၀၀၀)အဖွဲ့.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးမျိုးမြင့် (၇၁)နှစ်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာနနှင့်ဇနီး ဒေါ်တင်တင်ဝင်း (၇၁)နှစ်

သမိုင်းပါမောက္ခ(ငြိမ်း)

လေးစားချစ်ခင်ရပါသော ဆရာကြီးဒေါက်တာဦးမျိုးမြင့်နှင့် ကျေးဇူးရှင်ဆရာမကြီးဒေါ်တင်တင်ဝင်းတို့သည် ၂၆-၂-၂၀၁၄ ရက်နှင့် ၁-၃-၂၀၁၄ ရက်များတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းလွင်(ဒုတိယညွှန်ကြားရေးမှူးချုပ်)
-ဒေါ်ခိုင်ဝါလွင်(Bagan Princess Travel)

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်မာလာနေဝင်း

အသက်(၅၉)နှစ်

ပါမောက္ခ(ဌာနမှူး)ဥပဒေပညာဌာန၊ (ပုသိမ်တက္ကသိုလ်)

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဧကရီခိုင်တို့၏ညီမ ဒေါက်တာမာလာနေဝင်း အသက်(၅၉)နှစ်သည် ၂၄-၂-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀း၀၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး
Youth Force Group of Companies.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး/မြောက်)၊ မြေကွက်အမှတ်(၃၆၇/က)၊ မြေကွက်တည်နေရာအမှတ်(၃၆၇/က)၊ ဘုရင့်နောင်လမ်း၊ ကြီးပွားရေး(မြောက်)၊ သဃ်န်းကျွန်း၊ ဦးရင်ဖေ[၁၂/သဃက(နိုင်)၀၅၇၇၁၄]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရင်ဖေ(ဖခင်)နှင့် ဒေါ်တင်စိန်(မိခင်)တို့ကွယ်လွန်သဖြင့် ၁။ဒေါ်စန်းစန်းဝေ[၁၂/သဃက(နိုင်)၀၅၉၃၃၉]၊ ၂။ဒေါ်တင်တင်ကြည်[၁၂/သဃက(နိုင်)၀၅၉၅၄၉]၊ ၃။ဒေါ်အေးအေးရီ[၁၂/သဃက(နိုင်)၀၅၉၅၅၃]၊ ၄။ဦးခင်ချို[၃/လကန(နိုင်)၀၀၆၆၀၂]၊ ၅။ဦးတင်ထွန်း[၁၂/လကန(နိုင်)၁၃၉၂၉၃]၊ ၆။ဦးခင်နိုင်[၁၂/သဃက(နိုင်)၀၅၉၅၂၁]၊ ၇။ဦးဇော်နိုင်[၁၂/သဃက(နိုင်)၀၅၉၅၅၁]၊ ၈။ဦးကျော်နိုင်[၁၂/သဃက(နိုင်)၀၅၉၅၅၀]၊ ၉။ဒေါ်ခင်မာရင်[၁၂/သဃက(နိုင်)၀၀၄၅၁၇]တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် GP No.၂၅၃၃၀/၅-၁၂-၁၃၊ ၂၄၆၆၈/၅-၁၂-၁၃၊ ၂၅၃၂၉/၅-၁၂-၁၃ ရသူ ဒေါ်တင်တင်ကြည်[၁၂/သဃက(နိုင်)၀၅၉၅၄၉]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဒေါ်(ခ)ဒေါ်ခင်ရွှေ

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁က-၃)၊ သူရ (၁)လမ်း၊ (၉)ရပ်ကွက်နေ (ဦးချစ်ဦး-ဒေါ်လယ်)တို့၏သမီး၊ (ဦးအုံးမောင်)၏ဇနီး၊ ဒေါ်ဩ၏ညီမ၊ ကူဝိတ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံအမတ်ကြီး ဦးအေးခိုင်-ဒေါ်နွဲ့နွဲ့တို့၏ ချစ်လှစွာသောမိခင်ကြီး၊ (ဦးအောင်မင်းဦး)-ဒေါ်သန်းသန်းဌေး၊ ဦးစိုးမြင့်-ဒေါ်ချိုမာဝင်း(ခ)မချို၊ ပါမောက္ခ ဒေါက်တာနေဝင်း-ဒေါ်မေမေသွဲ့၊ ဦးစိုးတင့်-ဒေါ်တင့်တင့်၊ ဦးညီညီဦး-ဒေါ်ဥမ္မာဝင်းလွင်တို့၏အဒေါ်၊ မြေး ၁၅ ယောက်တို့၏အဘွား ဒေါ်ဒေါ်(ခ)ဒေါ်ခင်ရွှေသည် ၄-၃-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄ (စနေနေ့) **မွန်းလွဲ ၁နာရီ**တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိသားစု ဆွေမျိုးသားချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းစိန်(မုဒုံ/မော်လမြိုင်) (၈၃)နှစ်

ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ ဓာတုဗေဒပါရဂူဘွဲ့သင်တန်း ဦးစီးကော်မတီအဖွဲ့ဝင် ဆရာကြီး ဒေါက်တာသိန်းအောင်(ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း)၏ဇနီး ဒေါ်သန်းစိန်သည် ၆-၃-၂၀၁၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ(ဌာနမှူး)ဒေါက်တာဒေါ်လှငွေ၊
ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ ဓာတုဗေဒမိသားစု၊ရန်ကုန်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

မောင်နန္ဒကျော်(ခ)သားစိုး (၂၂)နှစ်

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အပတ်စဉ် (CD-37/CE-35)မှ အရာရှိလောင်း မောင်နန္ဒကျော် ကိုယ်ပိုင်အမှတ် (N-1908)သည် သင်္ဘောပေါ်၌တာဝန်ထမ်းဆောင်နေစဉ် ၃-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ခင်မင်ရင်းနှီးသောသူငယ်ချင်းများ

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

ဦးတင်လတ်(၂) (၈၇)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

ရာသက်ပန်အသင်းဝင် အမှတ် (၃၇၆) ဦးတင်လတ်(၂)သည် ၆-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းတိုက်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်)

အမှုဆောင်အဖွဲ့

ဒေါ်ဝင်းရှိန် အသက်(၈၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေ(၁၇)လမ်း၊ အမှတ်(၅)နေ (ဦးဘအောင်-ဒေါ်သိန်)တို့၏ သမီး၊ (ဦးထွန်းရှိန်-ဒေါ်လှ)တို့၏ သမီးချွေးမ၊ (ဦးလှရွှေ)၏ ချစ်လှစွာသောဇနီး ဒေါ်ဝင်းရှိန်သည် ၇-၃-၂၀၁၄ (သောကြာနေ့) နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၁၃-၃-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး

ဦးမြင့်စိုး(ခ)

ဆရာပရောဖတ်မြတ်သစ်(ခ)

ဆရာတိုး (၅၉)နှစ်

(နက္ခတ္တဝေဒပညာရှင်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သီရိဂုဏ်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၀၁)၊ ဒုတိယထပ်နေ (ဦးတင်သိန်း-ဒေါ်ခင်ကြည်)တို့၏ သား၊ (ဦးသန့်ဇင်-ဒေါ်စန်းရင်)တို့၏ သားသမက်၊ ဦးစိုးဝင်းသိန်း-ဒေါ်ဝေဝေတို့၏ညီ၊ ဦးအောင်မိုး-ဒေါ်မျိုးမျိုး၊ ဦးမြင့်သူ-ဒေါ်လင်းလင်းထိုက်တို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်သန်း၏ချစ်လှစွာသောခင်ပွန်း၊ မထားစုမြင့်မို (2nd. Year English, Y.U.F.L) ၏ မွေးသဖခင်သည် ၆-၃-၂၀၁၄ရက် နံနက် ၉း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဟာဂျီဦးတင်ဝင်း (၆၂)နှစ်

(ပြည်)

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်၊ အမှတ်(၂၁၀)၊ ဂျပန်လမ်းနေ (ဦးမွန်စစ်ခန်-ဒေါ်ရာဘီရာ)တို့၏ သား၊ [ဦးခင်အုန်း-(ပန်းချီ)ဒေါ်အမာခင်]တို့၏ သားသမက်၊ ဒေါ်ခင်မာထွေး(ကျောင်းဆရာမ-ငြိမ်း)၏ ခင်ပွန်း၊ ကိုဇော်လွင်-မဝင်းမမထွေး(မွန်းလိုက်အအေးဆိုင်)၊ မောင်ဝင်းမောင်မောင်၊ မဝင်းငယ်ငယ်ထွေးတို့၏ဖခင် ဟာဂျီဦးတင်ဝင်း(ခ) မိုဟာမက်ယူစွတ်ခန်သည်၂-၃-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် အလ္လာဟ်သျှင် မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ပြည်မြို့ အေးငြိမ်းရာကဘာရ်စတန်၌ ဒါဖွ်နာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးသန်းဌေး(ခ)ဦးလဲဖြိုး

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃၈)၊ ဝန်ဇင်လမ်း၊ (၂) ရပ်ကွက်၊ သမိုင်းနေ ဦးမောင်လှ(ခ) ဦးလှံချော နား-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးမောင်မောင်လွင်-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ တိုက်ကြီးမြို့နယ်၊ ဥတိုကျေးရွာနေ ဦးစိုးသိန်း-ဒေါ်တင်မြတို့၏တူသား၊ ဦးဟန်ဇော်ထက်-ဒေါ်သန်းသန်းလွင်၊ မစိုးစိုးနိုင်တို့၏အစ်ကို၊ မောင်မင်းမြတ်ဝေယံ၏ဦးကြီး၊ မဝင်းအိအိခိုင်၊ မောင်မင်းဇော်ထက်၊ မခြူးငယ်ငယ်ခိုင်တို့၏ မွေးသဖခင်၊ ဒေါ်နီနီလွင်၏ခင်ပွန်းသည် ၆-၃-၂၀၁၄ရက် ညနေ ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများမွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

သိက္ခာတော်ရဆရာဦးခင်မောင်ဌေး

အသက်(၄၀)

ရှမ်းပြည်နယ်၊ လားရှိုးမြို့နေ ဦးမောင်လှ-ဒေါ်ခင်လှတို့၏သားကြီး၊ ရွှေပြည်သာမြို့နယ်၊ (ပ/၁၃)ရပ်ကွက်နေ ဦးမြင့်ဆွေ-ဒေါ်သေးသေးတို့၏ သားသမက်၊ ဒေါ်ချိုချိုသန်း၏ချစ်လှစွာသောခင်ပွန်း၊ မဆုမြတ်ဌေး(အမက-၃၀၊ ရွှေပြည်သာ)၊ မဆုမွန်ဌေး(ပုလဲမူကြို)တို့၏ ဖခင်၊ သိက္ခာတော်ရဆရာ ဦးခင်မောင်ဌေးသည် ၆-၃-၂၀၁၄(ကြာသပတေးနေ့) ည ၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၃-၂၀၁၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မြင့် (၇၃)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးအောင်ကိုး-ဒေါ်တင်မြိုင်)တို့၏ တစ်ဦးတည်းသောသမီး၊ ဦးလှရီ(လ/ထမန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)၊ တိုင်းရင်းမြန်မာဆေးဆရာကြီး (တဆ-၀၀၄၈၆၅) ရွှေမြို့ဝန်းဆေးတိုက်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ရာသက်ပန်အသင်းဝင်(၄၁၅၄)၏ ချစ်လှစွာသောဇနီး၊ ဦးလှမြင့်ဦး(ဝန်ထောက်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်မာလာဆွေ(ကျောင်းဆရာမ-ငြိမ်း)၊ ဦးသိန်းစိုး-ဒေါ်လှသီဂီ(လှသီဂီ အပ်ချုပ်ဆိုင်)၊ ဦးကိုကိုနိုင်(မန်နေဂျာ၊ အလှစု ဓာတ်ပုံနှင့် အနုပညာလုပ်ငန်း၊ နေပြည်တော်)-ဒေါ်မေသက်နှင်း (အလှစု ဓာတ်ပုံနှင့်အနုပညာလုပ်ငန်း၊ နေပြည်တော်)၊ ဦးသူရထွေး (Gate Offices, Asia World Port Terminal)-ဒေါ်ဥမ္မာ၊ ဦးဇော်မင်း(မန်နေဂျာ၊ PMG Co., Ltd, ခေတ္တ-ဩစတြေးလျ)-ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၇-၃-၂၀၁၄ (သောကြာနေ့) နံနက်၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အမှတ်(၂၅၈-B)၊ အောင်မေတ္တာ(၆)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးလှညွန့်(ကြီးသဲ) (၆၃)နှစ်

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဝင်)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၂၉)၊ အာသာဝတီ(၁)လမ်းနေ (ဦးသံချောင်း-ဒေါ်သောင်းစိန်)တို့၏သား၊ (ဦးအောင်ထွန်း-ဒေါ်ခင်ယုန်)တို့၏ သားသမက်၊ ဦးစိုးဝင်း-ဒေါ်စန်းရီ၊ ဒေါ်အေးသိန်းတို့၏ ညီ/မောင်၊ ဦးထွန်းရွှေ-ဒေါ်ကြည်သန်း၊ ဦးညွန့်တင်-ဒေါ်ဌေးဌေးဝင်း၊ ဦးမြင့်အောင်-ဒေါ်ယဉ်သင်း၊ ဦးတင်ဌေး-ဒေါ်သင်းသင်းမော်၊ ဒေါ်ကြည်စန်း၊ ဦးသန်းတင့်-ဒေါ်တင်မျိုးအေးတို့၏ အစ်ကို၊ ဒေါ်အေးသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထိုက်စံ-မဇာနီဝင်း (ခေတ္တ-စင်ကာပူ)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မခွန်းဝဿန်၏ အဘိုး ဦးလှညွန့်သည် ၇-၃-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ရီရီအောင် (၅၁)နှစ်

(ကထိက၊ ရုက္ခဗေဒဌာန၊ အရှေ့ပိုင်းတက္ကသိုလ်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၁၀၂၆)နေ (ဦးအောင်သန်း)-ဒေါ်တင်ရီတို့၏သမီး၊ မန္တလေးမြို့နေ (ဦးချစ်မောင်)-ဒေါ်ကောက်တို့၏ သမီးချွေးမ၊ ဦးကျော်နိုင်-ဒေါ်တင်အောင်၊ ဦးမျိုးအောင်-ဒေါ်သန်းသန်းရီ၊ ဦးကျော်နိုင်-ဒေါ်ရီရီမြင့်၊ ဦးဇော်ကြီး-(ဒေါ်စမ်းဝင်း)၊ ဦးလှကျော်-ဒေါ်သန်းသန်းအေးတို့၏ ညီမ၊ ဦးမျိုးဝင်းမြင့်-ဒေါ်ဝင်းမြင့်ခိုင်၊ ဦးကျော်လွင်-ဒေါ်နုနုဝေတို့၏အစ်မ၊ အခန်း(၃/၃/၂)၊ တိုက်(၂)၊ ဆရာ/ဆရာမများအိမ်ရာ(လှိုင်)နေ ဦးဇော်ထူး၏ဇနီး၊ မောင်ထက်မြတ်ထူးလင်း (Grade 8 C, T.T.C)၏ မွေးသမိခင်သည် ၆-၃-၂၀၁၄(ကြာသပတေးနေ့) ည ၉း၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သဟာယလမ်း နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အမှတ်(၆၉)၊ သဟာယလမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ် ဦးဇော်ကြီး၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်လတ်(၂) (၈၇)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)အကောက်ခွန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၇၁)၊ လေးလွှာနေ (ဝတ်လုံတော်ရ ဦးမောင်မောင်လတ်-ဒေါ်သင်းလှိုင်)တို့၏ သား၊ (ဒေါ်အေးမြင့်)၏ခင်ပွန်း၊ (ဒေါ်ခင်ခင်လတ်)၊ (ဦးရွှေသိန်း)တို့၏မောင်/ညီ၊ (ဒေါ်ရင်ရင်လတ်)၊ (ဦးဘိုလတ်-ဒေါ်ခင်ရီ)၊ ဒေါ်မြိုင်မြိုင်လတ်တို့၏အစ်ကို၊ (ဦးကျော်ကျော်လတ်-ဒေါ်လှရီ)၊ (ဦးသိန်းရွှေ)-ဒေါ်အေးအေးလတ်၊ ဦးအောင်မိုး-ဒေါ်အေးအေးခိုင်၊ ဦးတိုးတိုးလတ်-(ဒေါ်စောနု)၊ ဦးလှမျိုးမင်း-ဒေါ်မြင့်မြင့်စန်း၊ (ဦးဝင်းလတ်)-ဒေါ်ခင်စန်းမြင့်တို့၏မွေးသဖခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးတင်လတ်(ခ)ဦးတွတ်သည် ၆-၃-၂၀၁၄ ရက် နံနက် ၉း၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၁၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၄ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ အမှတ်(၇၁)၊ လေးလွှာ၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်မြင့် (၈၇)နှစ်

(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၁၁)၊ အခန်း(၂၄)၊ (၄)ရပ်ကွက်နေ (ဦးမြ-ဒေါ်မမလေး)တို့၏ သားကြီး၊ (ဦးကျော်ဇော-ဒေါ်ဖွားခင်)တို့၏သားသမက်၊ ဒေါ်ဆွေဆွေရည်၏ ခင်ပွန်း၊ (ဦးထွန်းရွှေ)-ဒေါ်ကြည်ကြည်မြ၊ ဒေါ်ရီရီမြတို့၏ အစ်ကိုကြီး၊ ဦးဝင်းမြင့်-ဒေါ်နီနီ၊ ဦးအေးကျော်-ဒေါ်မြင့်မြင့်အေး၊ ဦးဝဏ္ဏမြင့်ဆွေ (Sawasdee Electironic Co., Ltd.)-ဒေါ်ကေခိုင်သန်း (KBZ ရွှေဂုံတိုင်ဘဏ်ခွဲ AGM)၊ ဒေါ်နှင်းနန္ဒာမြင့်ဆွေတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်၏ဘိုးဘိုးသည် ၇-၃-၂၀၁၄ ရက် နံနက် ၈း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမ

ဒေါ်သန်းစိန်(မုဒုံ/မော်လမြိုင်) (၈၃)နှစ်

ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ မြန်မာစာဌာန(ငြိမ်း)

မော်လမြိုင်မြို့၊ အောက်လမ်းမကြီးနေ(ဦးဘန်ချိန်း-ဒေါ်ငွေဇင်)တို့၏သမီး၊ ဒိုက်ဦးမြို့နေ(ဦးထွန်းအုံ-ဒေါ်ရင်မြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၆၅/ဒီ)နေ ဒေါက်တာဦးသိန်းအောင် (ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း)၏ဇနီး၊ ဒေါက်တာစန္ဒာနွယ်-Rev. Dr. ဂျေကော့ ခမ်ခန့်မုန်၊ ဒေါက်တာဌေးဌေးအောင်-Capt; တင့်လွင်၊ ဒေါက်တာအောင်ကျော်ကျော်၊ ဒေါက်တာသန်းသန်းအေးတို့၏မိခင်၊ မခိုင်ခေမာ၊ ဂျွန်နန်ရှန်းခိုင်၊ မအေးမွန်သီ၊ မအဲမွန်စည်၊ မောင်လူမော်အောင်၊ မောင်ဟန်မော်အောင်တို့၏ဘွားဘွားကြီးသည် ၆-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန့်ဇင်(ခ)မော်စီ (၅၇)နှစ်

(B.Sc, Maths)

CHIEF Cook (MTM Shipping Company)

(အထက-၄၊ မင်္ဂလာတောင်ညွန့်ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက်(၅/ခ)၊ အခန်း(၃၀၁)နေ ဒေါ်နီနီခိုင်(ရုံးအုပ်-ငြိမ်း၊ ကကငွေ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစံရွှေ-ဒေါ်လှမေ)တို့၏ သားထွေး၊ ဦးအေးကြည်(လ/ထ ညွှန်မှူး-ငြိမ်း၊ ကကငွေ)-ဒေါ်သန်းသန်းအေးတို့၏ သားသမက်၊ (ဒေါ်ခင်မိမိ)၊ ဦးမျိုးသန့် (Senior Lecturer, Malaysia Maritine Academy)-ဒေါ်မာရီအောင် (Lecturer Institute of Economic)၊ ဒေါ်ခင်သီတာ(ထ/၃၊ မင်္ဂလာတောင်ညွန့်)တို့၏မောင် ဦးသန့်ဇင်(ခ)မော်စီသည် ၅-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ ခန္ဓာကိုယ်လှူဒါန်းပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၁၁-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာ

ဦးကိုကိုဇော် (၃၉)နှစ်

Chief Officer(CDC-31933), M.V Fujisuka (Trade wind Co., Ltd.)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း၊ ဘူတာရပ်ကွက်၊ ပန်းလှိုင်(၁)လမ်း၊ အမှတ်(၃)နေ (ဦးကြီးမြင့်)-ဒေါ်ခင်ထွေးရီတို့၏သားကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၈)ရပ်ကွက်၊ တိုက်(၄)၊ အခန်း(၄၂)နေ ဦးညွန့်ရှိန်-ဒေါ်အေးအေးမြင့်တို့၏ သားသမက်၊ ဦးသိန်းအောင်-ဒေါ်မူမူမြင့်၊ ဦးဇော်ဟိန်း-ဒေါ်နွယ်နွယ်လွင်၊ ဦးရဲလင်းအောင်-ဒေါ်အေးသီတာညွန့်ရှိန်၊ မောင်ဝင်းသူရှိန်တို့၏အစ်ကို၊ မဟေမာညွန့်ရှိန်၏ခင်ပွန်း၊ မောင်ရွှေသွေး(ခ)မောင်လမင်း၏ဖခင် ဦးကိုကိုဇော်သည် ၁၄-၂-၂၀၁၄ရက် ည ၇း၃၅နာရီတွင် Australia နိုင်ငံ Albany ဆိပ်ကမ်း၌ တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဟုမ်းလမ်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်မင်းဦး(ခ)ဦးရှုပ် (၅၂)နှစ်

တပ်ကြပ်(ဆသရ-ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာ၊ မြရတနာလမ်း၊ အမှတ် (၁၀/င)နေ ဦးကျော်သာ-(ဒေါ်စောနွဲ့)တို့၏သားကြီး၊ (ဦးစိန်မြင့်)-ဒေါ်ရင်မေတို့၏သားသမက်၊ အရာခံဗိုလ်နေဝင်း - ဒေါ်စောသီတာထွေး (သားဖွားသူနာပြု)၊ တပ်ကြပ်သန်းစိုး-ဒေါ်ချယ်ရီမြင့်၊ တပ်ကြပ်သိန်းဝင်း (ဆသရ)၊ ဒေါ်မိုးကလျာကျော်တို့၏ အစ်ကိုကြီး၊ ဒေါ်ဝါဝါမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မဆုမြတ်အောင်၏ မွေးသဖခင်ကျေးဇူးရှင်သည် ၇-၃-၂၀၁၄ (သောကြာနေ့)နံနက် ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

နော်အဲဗလင်းပေါလ်

အသက်(၅၀)

အမှတ်(င/၄၅၉)၊ နွယ်နီ(၁၂)လမ်းနေ (ဦးစောပေါလ်ဒို-ဒေါ်နော်အက်စတာ)တို့၏သမီး၊ ဦးဝင်းထွန်း၏ဇနီး၊ (မောင်ပြည့်ဖြိုးထွန်း)၊ မောင်အေးကိုကိုတို့၏မိခင်၊ စောစယ်မြူရယ်-နော်မာလာထူး၊ စောဆော်လမွန်-နော်အချူး၊ စောစဲမစယ်-မအေးသန်းတို့၏ညီမ စောစိုင်းမွန်၊ စောအောင်မျိုးဦး-နော်လင်းလင်း၊ စောညဏ်လင်း-မစန်းစန်းတို့၏အစ်မ၊ တူ/တူမ ၁၉ ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၆-၃-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၃-၂၀၁၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော် ဝတ်ပြုဆောင်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီထွက်ပါမည်)။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

နယ်လှည့်ဓမ္မကထိက၊ အောင်ခြင်းဆရာတော်

ဘဒ္ဒန္တကုဏ္ဍလ(ကွဲခြံ)

သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အရှေ့ဥယျာဉ်တိုက်၊ အောင်ခြင်းဝိပဿနာကမ္မဋ္ဌာန်းကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော်၊ လင်းလွန်းရပ်ကွက် ကိုးနဝင်းကပ်ကျော်စေတီတော် ဗုဒ္ဓပူဇနိယ အဂ္ဂဗန္ဓ ပရိတ်အသင်း ဩဝါဒါစရိယ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက ဖြစ်တော်မူသော နယ်လှည့်ဓမ္မကထိက အောင်ခြင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလသည် (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) ၆-၃ ၂၀၁၄ (ကြာသပတေးနေ့) ည ၁၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ရက်) ၁၀-၃-၂၀၁၄ (တနင်္လာနေ့) ညနေ ၃ နာရီတွင် အန္တိမအဂ္ဂိစျာပနအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ လိုက်ပါပို့ဆောင်မည့်ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

တပည့်၊ သံဃာ၊ ဒါယကာ၊ ဒါယိကာမများနှင့်
စျာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တတေဇနိယ(ညောင်ဦး-တောင်တော)

သိက္ခာတော်(၄၆)ဝါ၊ သက်တော်(၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ဓမ္မရံသီကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက လဇ္ဇီပေသလ သိက္ခာကာမ ဝိနယပါရဂူဖြစ်တော်မူသော ဘဒ္ဒန္တတေဇနိယ ဆရာတော်သည် (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၅ရက်) ၅-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ရက်) ၁၁-၃-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိစျာပန အခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာ
ဒါယကာ၊ဒါယိကာမများနှင့် စျာပနကျင်းပရေးကော်မတီ

ဦးကျော်စိန်(ခ)လင်ကင်းဟင်

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၀၁)၊ မြေညီထပ်နှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်) ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၀၃/၂-B)နေ (ဦးစိန်ညွန့်-ဒေါ်လှကြည်)တို့၏ သားကြီး၊ ဒေါ်ခင်ခင်၏ခင်ပွန်း၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်သန်းသန်းအေး၊ ဒေါ်နှင်းနှင်းအေး-ဦးအောင်ဇော်နိုင်(ဆော်လမွန်ကုမ္ပဏီ)၊ ဦးသန်းဦး(ဂမ္ဘီရမဂ္ဂဇင်း)-ဒေါ်စွေးစွေးနီ၊ ဒေါ်ကြည်ကြည်အေး-ဦးမျိုးဌေး(ကြည်မိတ္တူ)၊ ဒေါ်နှင်းနှင်းဝေ-ဦးဝင်းကြည်(ဝင်းမိတ္တူ)၊ ဒေါ်အေးအေးခိုင်-ဦးတင်မောင်ဦး [ခေတ္တ-တရုတ်(တိုင်ပေ)] တို့၏ဖခင်ကြီး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၇-၃-၂၀၁၄ (သောကြာနေ့) နံနက် ၂း၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမကြီး

ဒေါ်မိမိကြီး (၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၆၂)၊ တောင်ဇလပ်လမ်း၊ မြခွာညို (ဝါဝါဝင်း)အိမ်ရာနေ (ဦးဘသန်း-ဒေါ်ကြည်ကြည်)တို့၏သမီးကြီး၊ (ဦးဘထွန်း-ဒေါ်အေးတင်)တို့၏သမီးချွေးမ၊ (ဦးဝင်ဘော်)၏ဇနီး၊ ဒေါက်တာခင်ဇော်ဝင်း-ဒေါက်တာခင်မျိုးမြင့်၊ (Capt; သက်ဇော်ဝင်း-ဒေါ်တင်စန္ဒာ)၊ ဦးသန့်ဇော်ဝင်း၊ ဦးသွင်ဇော်ဝင်း၊ ဒေါ်ကလျာဝင်းဘော်၊ ဒေါ်ကဥ္စနာဝင်း-(ဦးမျိုးထွန်းအေး)၊ ဦးကိုကိုဇော်ဝင်း၊ ဦးအောင်ဇော်ဝင်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်မိမိကြီးသည် ၅-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမကြီး

ဒေါ်မိမိကြီး (၈၇)နှစ်

ရန်ကုန်မြို့နေ ဦးဘမောင်၊ ဦးဘသန်း၊ ဒေါ်ကြည်ကြည်တို့၏သမီးကြီး၊ [ဦးဝင်းဘော်(နိုင်ငံခြားရေးရုံး)]၏ဇနီး၊ ဒေါ်မိမိလေး (ရွှေဟင်္သာဦးဘသန်း)၊ ဒေါ်မိမိအေး-ဦးတင်မောင်မောင်ကလေး၊ ဦးခင်မောင်ကြီး-ဒေါ်မြင့်မြင့်သန်း၊ ဦးထင်အောင် (ITD Co., Ltd.)-ဒေါ်သိန်းသိန်းစန်း၊ ဒေါ်မိမိထွေး-ဦးတင်ကြီးအောင်တို့၏အစ်မကြီး ဒေါ်မိမိကြီးသည် ၅-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်/ညီမများ

ဒေါ်သန်းဝင်း(မြိတ်)

အသက်(၆၇)နှစ်

မြိတ်မြို့၊ ကံဖျားရပ်၊ ရဲသိပ္ပံလမ်းနေ (ဦးခင်ရွှေ-ဒေါ်လှ)တို့၏ သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်(၄၄/7-B)နေ ဦးထွန်းနိုင်၏ဇနီး၊ ကိုဆန်းထွန်းဝင်း(ပြည့်ဖြိုးထွန်းကုမ္ပဏီ)-မစန်းစန်းမော်၊ ကိုသန်းဇော်-မမြမြဝင်း၊ ကိုမျိုးထွန်းဝင်း-မသီတာဝင်း၊ မစိုးစိုးဝင်း(ဗိုလ်ချုပ်ဈေး)၊ ကိုမွှေးထွန်းဝင်း-မအေးသန္တာမြင့်တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်သန်းဝင်းသည် ၆-၃-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ်(၁၈)၊ ပထမထပ်၊ ရွှေပြည်အေးလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဦးလှမိုး (၄၆)နှစ်

B.Sc(Botany)

2nd. Officer MV-IVS KWATIO (Miraco Marine Co., Ltd.)

C.D.C-18369

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၅၃)နေ ဒေါ်ညွန့်ရီ၊ ဒေါ်ကြွေတို့၏တူ၊ (ဦးတင်အောင်)-ဒေါ်ခင်ခင်တင့်တို့၏သား၊ ဦးသိန်းစိုး၊ ဒေါ်နုရီ၊ ဦးဝင်းမြင့်၊ ဦးဝင်းတင့်၊ ဦးမြဇော်ချို (E/E Marsks Line Shipping Co., Ltd.)-ဒေါ်တင်တင်မော်တို့၏ညီ/မောင်၊ ဦးနေအောင် (BSM Shipping Co., Ltd.)-ဒေါ်ဥမ္မာခင်တို့၏ညီ၊ ဦးနန္ဒတင်ဦး-ဒေါ်သီတာအောင်တို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏ချစ်လှစွာသော အဘိုးသည် ၄-၃-၂၀၁၄ (အင်္ဂါနေ့) နံနက် ၆နာရီတွင် Alypairas (စပိန်)ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် မတ် ၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဒုတိယဝန်ကြီး မစ္စ ဝန်ဒီ အာ ရှာမန် ဦးဆောင်သည့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek Mitchell လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ရန်ကုန်နှင့် GFA တို့အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။

တန်းတက် GFA ကိုအိမ်ကွင်းတွင် မနိုင်ခဲ့သည့် ရန်ကုန်

သတင်းနှင့် ဓာတ်ပုံ ➤ ရှိုင်းထက်ဇော်

ရန်ကုန် မတ် ၇

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့အဖြစ် လက်ရှိချန်ပီယံ ရန်ကုန်အသင်းနှင့် GFA အသင်းတို့မှာ ယနေ့ညနေ ၄ နာရီက YUSC ကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ
GFA - ဂိုးမရှိ

ပွဲစဉ်(၅)တွင် ရတနာပုံအသင်းကို အဝေးကွင်းတွင် ရှုံးနိမ့်ခဲ့သော လက်ရှိချန်ပီယံရန်ကုန်အသင်းမှာ ယခုပွဲတွင် နိုင်ပွဲပြန်လည်ရရှိမည်ဟု ပရိသတ်အများစု ထင်မှတ်ခဲ့သော်လည်း မထင်မှတ်ဘဲနိုင်ပွဲပျောက်ခဲ့ရသည်။ ရန်ကုန်အသင်းမှာ ကစားသမားအချို့ကို **စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ❐

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် KNU ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

စာမျက်နှာ ၈ သို့ »»

ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ ဘဝတိုးမြင့်စေမည့် မြန်မာ့လယ်ယာထွက်ကုန်တန်ဖိုးမြှင့်စက်ကိရိယာပြပွဲ (၂၀၁၄)

မေး/ရေး
ညွန့်သန်း(သတင်းစဉ်)
ဓာတ်ပုံ
လှမိုး(သတင်းစဉ်)

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ ဆန်စပါးလုပ်ငန်းသည်လည်း ကြီးမားကျယ်ပြန့်ပြီး နိုင်ငံ၏အဓိကကျသည့်လုပ်ငန်းဖြစ်သည်။ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ပထမအကြိမ် အစည်းအဝေးနှင့် မြန်မာ့လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ (၂၀၁၄)ကို မတ် ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိရာ သတင်းအဖွဲ့က သွားရောက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးစိန်ဝင်းလှိုင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း)

မေး ။ ။ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနဲ့ မြန်မာ့လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ (၂၀၁၄) ကျင်းပခြင်းနဲ့ စပ်လျဉ်းပြီး သိလိုပါတယ်။

ဖြေ ။ ။ မြန်မာ့လယ်ယာထွက်ကုန် တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ (၂၀၁၄) ကို ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပါတယ်။ ပထမအကြိမ်ကို ယမန်နှစ် မတ် ၂ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ပြီး ယခုနှစ်တွင် မတ် ၅ ရက်မှ ၈ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်။ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အီတလီ၊ ဘယ်လ်ဂျီယံစတဲ့ နိုင်ငံများကလာတဲ့ စက်မှုလယ်ယာသုံး စက်ကိရိယာတွေကိုလည်း ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ ဒါနဲ့တစ်ဆက်တည်း ကျွန်တော်တို့ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကိုလည်း ကျင်းပသွားမှာဖြစ်ပါတယ်။

နှစ်ပတ်လည်အစည်းအဝေးမှာ အသင်းတည်ထောင်တရားဝင်မှတ်ပုံတင်ပြီး တစ်နှစ်တာ ဆောင်ရွက်မှုများကို အစီရင်ခံတင်ပြကာ ရှေ့လုပ်ငန်းစဉ်များကို ချပြသွားမှာဖြစ်ပါတယ်။

မေး ။ ။ ပြပွဲကျင်းပတဲ့အတွက် ရရှိလာမယ့် အကျိုးကျေးဇူးတွေကိုသိလိုပါတယ်။

ဖြေ ။ ။ ဒီလိုပြပွဲလုပ်ခြင်းအားဖြင့် မြန်မာတစ်ပြည်လုံးမှာရှိတဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီး ၁၄ ခုက စိုက်ပျိုးထုတ်လုပ်သူအသင်းခွဲတွေက ကိုယ်စားလှယ်တွေတက်ရောက်လာကြပြီးတော့ ဒီလိုအခမ်းအနားမျိုးမှာ နည်းပညာသစ်တွေ၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာကိုပြောင်းဖို့ အခွင့်အလမ်းတွေ ရှိတယ်ဆိုတာကို တွေ့ရှိသွားမှာဖြစ်ပါတယ်။

ဒီလိုလုပ်ခြင်းအားဖြင့် တောင်သူတွေနဲ့ ဒီလိုပွဲမျိုးတွေကို ထိတွေ့ခွင့်ရတယ်။ ဆွေးနွေးပွဲတွေရှိတဲ့အတွက် အဲဒီအပေါ်မှာ အတွေ့အကြုံတွေရရှိပြီး နိုင်ငံတကာနဲ့ဘယ်လိုချိတ်ဆက်ပြီး ဘယ်လိုဆောင်ရွက်နိုင်မလဲ၊ အခွင့်အလမ်းတွေဘာတွေရှိသလဲဆိုတာကိုသိရှိပြီး အသင်းအနေနဲ့ကလည်း လယ်ယာသုံးပစ္စည်းတွေကို ထုတ်လုပ်သူတွေနဲ့ ချိတ်ဆက်ပြီး အရစ်ကျဝယ်ယူနိုင်အောင်၊ နည်းပညာတွေပေးနိုင်အောင် ဆောင်ရွက်တဲ့အစီအစဉ်တွေ၊ အခွင့်အရေးတွေရသွားမှာ ဖြစ်ပါတယ်။

ဒီပွဲမှာ ဆိုင်ခန်းပေါင်း ၁၂၀ ကျော်ရှိပါတယ်။ နိုင်ငံအသီးသီးကရော ပြည်တွင်းကရော ပြခန်းတွေယူပြီး လေးရက်တိုင်တိုင် ပြသသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ရည်ရွယ်ချက်(၁၂)ချက်ရှိပါတယ်။ စိုက်ပျိုးထုတ်လုပ်မှု **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် (၂၂) ရက်သာ လိုတော့သည်

စိန်ပင်လယ် ၏ ဆိုင်သစ်ဖွင့်လှစ်ခြင်း

Promotion အထူးအစီအစဉ်

စိန်ချစ်သူ မိတ်ဆောင်မိတ်သစ် Customer များအတွက် **စိန်ပင်လယ်** စိန်ရွှေရတနာဆိုင်မှ ထူးခြားဆန်းသစ်သော လက်ရာတနာ စိန်ချိန်ရာ Hong Kong စိန်ထည် စိန်ချိန်ရိုးမြန်မာလုပ် နှင့် ကျောက်မျက်ရတနာမျိုးစုံ ကမ္ဘာ့အသိအမှတ်ပြု HRD, GIA Certificate စိန်ပွင့်များ အိတ်ပလီနိုင်ငံလုပ် 750 ပလက်တီနမ် စိန်ချိန်ပုံကို မတ်လ (၁၀)ရက်နေ့မှ မတ်လ (၃၀)ရက်နေ့အထိ ၅% မှ ၂၀% အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

ဆိုင်အသစ်

A.K.K Shopping Mall ဓာတ်လှေကားထိပ် ဆိုင်အမှတ် B-1, သယ်န်းကျွန်းလမ်းကြီး ဘုရားလမ်းမှတ်တိုင်နှင့် ဝဲနမှတ်တိုင်ကြား ဆေးဆိုင်ကန်လမ်း ရန်ကုန်မြို့

Junction Square Center (စီ-၀၄၃)မြေညီထပ် ကျွန်းတောလမ်းဝင်ပေါက် ညာဘက်ဓာတ်လှေကားအနီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့ (Ph: 09250170664)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးဦးစီးဌာန လက်အောက်တွင် လစ်လပ်လျက်ရှိသော ဓာတ်ခွဲကျွမ်းကျင်(၂)လစာနှုန်း (၇၉၀၀၀ိ- ၁၀၀၀ိ- ၈၄၀၀၀ိ-) ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားနိုင်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျန်းမာရေးဌာနများ၊ ဆေးရုံကြီးများတွင် ဓာတ်ခွဲကျွမ်းကျင်(၂) လစာနှုန်း (၇၉၀၀၀ိ-၊ ၁၀၀၀ိ-၊ ၈၄၀၀၀ိ-) ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်။

၂။ ယင်းလစ်လပ်နေရာများတွင် ခန့်ထားရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောသူများသည် လျှောက်ထားနိုင်ပါသည်။

(၁) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) လျှောက်ထားသူသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်/မန္တလေး) မှ B.Med. Tech ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ ပူးတွဲတင်ပြရမည်။

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။

(ဂ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာပူးတွဲတင်ပြရမည်။

(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း ပူးတွဲတင်ပြရမည်။

(င) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့ အရွယ်အစားဓာတ်ပုံ(၂)ပုံ ပူးတွဲတင်ပြရပါမည်။

(စ) လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာအား တိကျစွာ ရေးသားဖော်ပြ ပေးရပါမည်။

(ဆ) လျှောက်ထားသူသည် မိမိ၏ကိုယ်ရေးမှတ်တမ်းကို ပြည့်စုံစွာ ဖော်ပြပေးရပါမည်။

(ဇ) လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မူရင်း ပူးတွဲတင်ပြရမည်။

၄။ လစ်လပ်ရာထူးနေရာများတွင် ဆေးဘက်ကျွမ်းကျင် (၂)များအဖြစ် ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာ ဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံတာဝန်အား အနည်းဆုံး(၅) နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေကျပ် (၄)သိန်းတိတိကို ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား ၇-၄-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ၃၅၊ မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။ (သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ)

၆။ လျှောက်ထားသူများသည် ၂၃-၄-၂၀၁၄ ရက်တွင် ကုသရေးဌာနစိတ်၊ ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ **မပျက်မကွက်** လူကိုယ်တိုင်လာရောက် သတင်းပို့ရပါမည်။

၇။ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူများကို ၂၄-၄-၂၀၁၄ ရက်တွင် ကျန်းမာရေးဦးစီးဌာနရုံးချုပ်၊ နေပြည်တော်၌ နံနက် ၉ နာရီမှစ၍ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်း အောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။

၈။ အသေးစိတ်သိရှိလိုသည်များကို ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၄၁၁၃၉၃ နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ဖုန်းနံပါတ် ၀၁-၃၇၁၉၅၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၉။ လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည် မဟုတ်ပါ။ သတ်မှတ်ချက်နှင့် မကိုက်ညီ၊ မပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

မွေးနေ့ဆုတောင်း

အမှတ် ၁၅၂၊ အနော်မာအရှေ့(၄)လမ်း၊ (၁)ရပ်ကွက်၊ သာကေတနေ ဘိုးဘိုး ဦးပေါက်စ (ခ) ဦးဖိုးချက်(အလင်းသစ်)နှင့် ဘွားဘွား ဒေါ်နီနီအေးလင်းတို့၏မြေးဦး၊ ဖေဖေ ဦးရဲလင်းထက် (သားလတ်) နှင့် မေမေ ဒေါ်အေးသီရိဝင်းတို့၏ သမီးဦးရတနာ **မသီရိမိုးမြင့်**၏ ကျရောက်သော မွေးနေ့မှသည် နောက်နှစ်ပေါင်း ၁၂၀ တိုင်အောင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းလျက်-

ဘိုးဘိုး-ဦးပေါက်စ (ခ) ဦးဖိုးချက်
ဘွားဘွား-ဒေါ်နီနီအေးလင်း

"ခင်နဒီ" ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ

- သဘာဝအလှတရားများနှင့်ပြည့်စုံ၍ သာယာကြည်နူးဖွယ်၊ စိတ်ဝင်စားဖွယ် ပျော်ရွှင်ဖွယ်ရာကောင်းသော ကမ္ဘာကျော် အင်ဒိုနီးရှား ဘာလီကျွန်းအပန်းဖြေခရီးစဉ်။
- Apr 12,13 (၄ ညအိပ်၊ ၅ ရက်ခရီး) သင်္ကြန်အထူးခရီးစဉ်။

ဖုန်း-၀၁ ၈၅၅၀၉၆၃၊ ၀၉-၅၁၄၇၇၇၁၊ ၀၉-၃၃၅၄၅၉၀၉

Essay သင်တန်း

AUNG JAPANESE ACADEMY (SINCE 2007)

October

Level 4

နိုင်ငံတော်တွင် မှိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် မှိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းမည်

မှိုသည် နိုင်ငံတကာတွင် စားသုံးမှုသာမက ဆေးဘက်ဝင်သဖြင့် ဆေးဝါးများအဖြစ်လည်း ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

နိုင်ငံတော်တွင် ခေတ်မီမှိုစိုက်ပျိုးမှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းပြည်ပ ဈေးကွက်ရှာဖွေနိုင်ရေးအတွက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူ အသင်းအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မှိုစိုက်ပျိုးသူများ၊ ပညာရှင်များ၊ စိတ်ပါဝင်စားသူများ စုံစုံညီညီဖြင့် မှိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက်တွင် စတင်ဖွဲ့စည်းမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မှိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့တွင် ပါဝင်လိုသည့် မှိုစိုက်ပျိုးသူများ၊ ပညာရှင်များ၊ မှိုနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်များအားလုံး မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ ကုန်သည်စက်မှုအသင်းချုပ်၊ (၅) လွှာ၊ ဖုန်း-၀၁-၂၁၈၃၆၇၊ ၀၉- ၄၃၁၂၇၆၅၆ သို့ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့နိုင်ပါရန်နှင့် အားတက်သရော ပါဝင်ရန်လည်း နှိုးဆော်အပ်ပါသည်။

အားသစ်

Daily 9:00(am)-12:00(pm)

Daily 12:00(pm)-3:30(pm)

09 500 1599, 09 8632973, 09 73172556

အခွန်မဆောင်သေးသောကုမ္ပဏီများသို့ နှိုးဆော်ချက်

ကုမ္ပဏီများအဖြစ် မှတ်ပုံတင်ထားသော်လည်း ယခင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် အခွန်ပေးဆောင်ခြင်းမရှိသေးသည့် ကုမ္ပဏီများကို ဖော်ထုတ်အရေးယူရန်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအခွန်ကို ပေးဆောင်ရန် ပျက်ကွက်နေသည့် ကုမ္ပဏီအသီးသီးသည် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါရုံးသို့လာရောက်ပြီး၊ အခွန်ပေးဆောင်ခြင်းမပြုနိုင်သေးသည့် အကြောင်းအရာနှင့် အကြောင်းရင်းများကို သတ်မှတ်ပုံစံများတွင် ဖြည့်သွင်းပေးအပ်ကြပါရန် နှိုးဆော်အပ်ပါသည်။ ကုမ္ပဏီများက မေးမြန်းလိုသည့်ကိစ္စများ၊ ကူညီဆောင်ရွက်ပေးစေလိုသော ကိစ္စများကိုလည်း ဖြေကြားကူညီသွားပါမည်။

ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန
အမှတ်-၅၆/၆၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၇၁၉၄၉၊ ၀၁-၃၇၆၉၆၃၊ ၀၁-၃၇၆၉၆၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(လေးဒေါင့်ကန်)၊ မြေကွက်အမှတ်(၇၅)၊ အကျယ်အဝန်း(၂၅ပေ×ပေ၅၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်း၊ အမှတ်(၉၁)ဟု ခေါ်တွင်သည့် မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူဒေါ်မြသီတာ (ခ)ဒေါ်ရီရီဦး[၁၂/ပဘတ(နိုင်)၀၀၆၈၀၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်သီတာလွင်	**ဒေါ်အေးနန္ဒာဝင်း**	**ဒေါ်မိတင်ဇာလင်း**
စဉ်-၂၅၇၁၀	**စဉ်-၂၈၀၂၆**	**စဉ်-၃၀၄၉၁**
LL.B,D.B.L,D.M.L,D.I.L	**LL.B,D.B.L,D.M.L,**	**LLB,D.B.L,D.M.L,D.I.L**

အထက်တန်းရှေ့နေများ

အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဘီ)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၃၉၅၈၆

နှလုံးရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

[illegible] M.B., B.S. JCTGP (UK) General Practitioner (Partnership Church Surgery) National Health Service (NHS, UK) [illegible] M.Sc (Physics) MBA (International Business Management, Anglia Ruskin University, London, UK) DCS, HICS (University of Cambridge, UK) Administrator (The Practice Plc Surgery) National Health Service (NHS, UK) [illegible] Sedona Hotel [illegible] Summit Park View Hotel [illegible] White Rice Restaurant [illegible] Galaxy Restaurant [illegible]

[illegible]

နှစ်ပတ်လည် မင်္ဂလာ ဆုတောင်းလွှာ

နှစ်စဉ် မတ်လ ၈ ရက်၊ သားရဲ့မွေးနေ့နှင့်ထပ်တူကျရောက်သော ဖေဖေ ဦးစန်းလှိုင် (ဖေလှိုင်)နှင့် မေမေ ဒေါ်သန်းယု(မေယု)တို့၏ (၄၂)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် ချစ်သော သားသမီး မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာ ကောင်းကျိုး အဖြာဖြာတို့ကို သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ

- ဦးတင်အောင်ဇော်-ဒေါ်သီတဂူစန်း
- ဒု-ဗိုလ်မှူးကြီး ဘုန်းကျော်လှိုင်-ဒေါ်ခင်ချောယဉ်
- ဒေါ်ရတနာစန်း
- ဗိုလ်ကြီး ကျော်ဆန်းလင်း-ဒေါ်ယဉ်သီတာစန်း
- အေးအေး

ချစ်မြေးလေးများ

- မရွှန်းလက်ဖြာ
- မပန်းနုခင်
- မကျော့မှူးခင်(ခ)ငွေအိမ်စံ
- မရှင်းဖြူစင်၊ မလင်းဖြူစင်(ချစ်သဲနှစ်မွှာ)

မြန်မာအက်ဒီဘယ်(လ်)အွိုင်း(လ်)အင်ဒတ်စထရီရယ်ပတ်ဘလစ်ကော်ပိုရေးရှင်း (အမ်အီးအိုင်စီအို)လီမိတက်

Myanmar Edible Oil Industrial Public Corporation(MEICO)Ltd.

ပထမအကြိမ်မြောက် အစုရှင်များ၏ သာမန်အထွေထွေ အစည်းအဝေးဖိတ်ကြားလွှာ

Myanmar Edible Oil Industrial Public Corporation(MEICO)Ltd.၏ ပထမအကြိမ်မြောက် အစုရှင်များ၏ သာမန်အထွေထွေ အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များအားလုံး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက်	- ၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက်(အင်္ဂါနေ့)
ကျင်းပမည့်အချိန်	- နံနက် ၉း၃၀ နာရီ(၉း၀၀ နာရီတွင် နေရာယူပါရန်)
ကျင်းပမည့်နေရာ	- ဘုရင့်နောင်ကုန်စည်ဒိုင်အစည်းအဝေးခန်းမ၊ အမှတ်-ခ/၈၁-၈၂၊ ကုံကော်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ကုမ္ပဏီ၏အစုရှယ်ယာရှင်များ မှတ်ပုံတင်စာအုပ် (Members' Register)ကို ၁၇-၃-၂၀၁၄ ရက်မှ ၂၅-၃-၂၀၁၄ ရက်အထိ (၉)ရက်တိတိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၃၇ အရ ကြေညာအပ်ပါသည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့လည်း ဖိတ်စာများပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးနှင့်ပတ်သက်၍ အသေးစိတ်သိလိုသည်များရှိပါကလည်း ဖုန်းအမှတ်-၀၁-၅၂၈၅၈၂ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၊ Myanmar Edible Oil Industrial Public Corporation(MEICO)Ltd.

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ဒဂုံဆိပ်ကမ်းမြို့နယ်၊(၉၁)ရပ်ကွက်၊အကွက်အမှတ်(၃၄၃)ဟုခေါ်တွင်သော အလျားပေ(၆၀)၊ အနံပေ(၄၀)ရှိမြေကွက်ကိုပိုင်ရှင် ဦးဝင်းနေလင်း[၉/ကပတ (နိုင်)၁၉၃၆၅၁] ထံမှလည်းကောင်း၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၁)ရပ်ကွက်၊ အကွက်အမှတ် (၁၇၅၈)ဟုခေါ်တွင်သောအလျားပေ(၆၀)၊ အနံပေ(၄၀)ရှိမြေကွက်ကိုပိုင်ရှင် ဦးရန်ထူးတိုင်[၁၃/မဆတ(နိုင်)၀၃၃၀၄၀]ထံမှလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေဒေါ်ယုယုနွယ်[၈/မဘန(နိုင်)၀၆၇၆၆၀]ကတရားဝင်စာချုပ်စာတမ်းမူရင်းများဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်းကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြသိမ်း(စဉ်-၇၅၀၇)
ဥပဒေအကျိုးဆောင်
အခန်း-၁၀၆၊ တိုက်(၂)၊ အောင်ဇေယျရိန်မွန်၊ သစ်တောရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၆၁၄၅၀

"ဆန်းသီရိ"

CAE-ဘော်ဒါ
ကျောင်းကြိုပို့ဖယ်ရီ
မှန်လုံယာဉ်ဖြင့်
မိတ်ဆွေတို့ စိတ်တိုင်းကျ
ဝန်ဆောင်မှုပေးပါမည်။
ဆက်သွယ်ရန်ဖုန်း-
09-43018794,
09-49209640,
09-428121376

ကန့်ကွက်နိုင်ပါသည်

[illegible]

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

အသင်းဝင်များသိသာပါရန်

[illegible]

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

အမှတ်(၂၉) UMFCCI Tower [illegible] Floor [illegible] ရန်ကုန်မြို့

Tel/Fax, 01 214838, 214839, 214840 Email [illegible]

ဦးအောင်အောင်ကျော် (Outdoor Network Co.,Ltd.) ၏

"မြန်မာတွေ ဆောင်ခြင်း" [illegible]

Myanmar's Land [illegible]

(ဖုန်း - 548500,09 254114537) [illegible]



မုံရွာ ဆရာမိုး

[illegible]

နောင်တရားမြို့
တတိယအကြိမ်စုပေါင်းရဟန်းခံ/ရှင်ပြုအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့နယ်ခွဲ၊ နောင်တရားပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တဂန္ဓမာအား အမှူးထား၍ နောင်တရားမြို့ အလှူ့ဒါယကာ-ဒါယိကာမအပေါင်းတို့က ရဟန်း(၁၃)ပါး၊ ရှင်သာမဏေအပါး (၁၀၀၀)ပါဝင်သည့် တတိယအကြိမ် စုပေါင်းရဟန်းခံ/ရှင်ပြုအလှူမင်္ဂလာပွဲတော်ကြီးကို ၂၀၁၄ခုနှစ်၊ မတ်လ ၂၀ရက်မှ ၂၂ ရက် (၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ရက်မှ ၇ရက်ထိ (၃)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရပ်နီး/ရပ်ဝေးနေ မိတ်သင်္ဂဟအပေါင်းတို့အား လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ပွဲတော်ကျင်းပရေးဗဟိုကော်မတီ
နောင်တရားမြို့

အဘိဓဇဂုဏာပူဇာနှင့်မွေးနေ့မင်္ဂလာကျင်းပမည်

